
www.burmeseclassic.com

စီစဉ်သည်

# ဆွေဆွေအောင်

# ချစ်ချစ် မချစ်ချစ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မောင်မျိုးစီစဉ်သည်

Two Cats PUBLICATION
ကြောင်နှစ်ကောင်
စာအုပ်တိုက်
အမှတ်၁၃၂(မြေညီ) ၃၅လမ်း၊ ရန်ကုန်။
ဖုန်း ၀၁-၂၅၃၇၂၁၊ ၀၁-၃၈၄၆၁၅

www.burmeseclassic.com

www.burmeseclassic.com

ဆွေဆွေအောင်

# ပုံပြင်ပုံပြင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


စာမူခွင့်ပြုချက်အမှတ်

၅၀၀၈၄၀၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၉၇၁၀၆၀၈

ထုတ်ဝေသူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ် ၂၀၀၆ ခုနှစ် စက်တင်ဘာလ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့်မေမေအားရုပ်နှင့်နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ကောက်ပံ့ကူညီကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာ ဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

ဆွေဆွေအောင်



## ၁

အဖေနှင့်အမေ

သားကြီးဇော်တင့် ရှိသေသတိရခြင်းများစွာဖြင့် စာရေးလိုက်ပါတယ်ခင်ဗျာ...

မိသားစုနဲ့ခွဲပြီးမနေခဲ့ဖူးလို့ ခုလိုရပ်ဝေးမြေမှာ တစ်ယောက်တည်းနေရတဲ့အခါ လွမ်းဖွဲ့ဝေဒနာ၊ သတိရတဲ့ဝေဒနာကို အဲတော်ခံစားခဲ့ရပါတယ်...

မြို့ကြီးကနေ ပင်လယ်ကမ်းစပ်ကိုပြောင်းလာခဲ့ရတာ တစ်ကျွန်းအပို့ခံရသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းသံတွေကြားလည်းငိုချင်၊ လှိုင်းလုံးတွေ မြင်လည်းငိုချင်၊ မိုးပြာပြာရေပြာပြာမြင်လည်းငိုချင် ဖြစ်နေတော့တာပဲ။

အရင်ကပေလီတို့ချောင်းသာတို့ သွားရဖို့တွေးပြီးကြိုတင်ရင်ခုန်ပျော်ရွှင်ခဲ့ဖူးပါတယ်။ သွားရဖို့လည်းအမြဲ စိတ်ကူးခဲ့ပြီး ပိုက်ဆံစုရတာလည်း အကြိမ်ပေါင်းများစွာပါပဲ။

သွားခါနီးတိုင်း ငွေမလောက်လို့ မိသားစုပြဿနာတစ်ခုခုပေါ်လို့ မရောက်ဖြစ်ခဲ့ဖူး။

ခုတော့ မိသားစုနဲ့နေရသလောက် ဘယ်နေရာမှပျော်စရာမကောင်းဘူးဆိုတာ သိလာရပါပြီ။

စာဖတ်ပြနေသော 'ရဲဝင့်'၏အသံတွေကတုန်နေပြီး ငိုသံတွေပါလာသလို၊ မျက်ဝန်းထဲတွင်မျက်ရည်တွေဝဲလာသည်။ 'ရဲဝင့်' ဖတ်ပြတာကိုနားထောင်နေသော အဘိုးအဘွားများနှင့် မိဘနှစ်ပါးမောင်ငယ် 'ဥာဏ်လင်းဆင့်'တို့အားလုံး မျက်ရည်စီးကျနေကြပါပြီ။

"ဆက်ဖတ်လေ"

အားလုံးကပြိုင်တူတောင်းဆိုခြင်းဖြစ်သည်။

ရောက်တဲ့နေ့တည်းက သတိရတိုင်းစာတွေ





ကောက်ကောက်ရေးနေတာ ကြာရင်စာရေးဆရာဖြစ်နိုင်တယ်... ရေးပြီးသားတွေအထပ်လိုက်ဖြစ်နေပြီ... စာတိုက်ကထည့်ရင်ကောင်းမလား လေယာဉ်ကွင်းသွားထည့်ရကောင်းမလားလုပ်နေတုန်း အခုလူကြုံကောင်းလို့ အရေးပေါ်ကောက်ရေးလိုက်တဲ့စာပဲထည့်ပေးလိုက်တော့တယ်...

လူကြုံကဒီကနေ ရန်ကုန်ကိုပြောင်းရမှာ... သူ့မွေးရပ်မြေကတောင်ပေါ်က... ရန်ကုန်မှာအဆောင်နေပြီး ထမင်းဂျိုင့်ဆွဲစားရမှာ... သူ့ရုံးနဲ့ကျွန်တော့်အိမ်နဲ့နီးလို့ ကျွန်တော်တို့ညီအစ်ကိုနေတဲ့အပေါ်ထပ်တစ်ခန်းကို ငှားမယ်လို့ပြောလိုက်တယ် တစ်လကိုအခန်းခတစ်သောင်း ထမင်းစရိတ်ကတစ်သောင်းခွဲဆိုတော့ အနည်းဆုံးတစ်သောင်းတော့အမေတို့ပိုသုံးရမှာပဲ...

ထိုစာပိုဒ်ကြောင့် အားလုံး၏မျက်လုံးများက တစ်ခြံထဲတွင်ကပ်၍ဆောက်ထားသော နှစ်ထပ်ပျဉ်ထောင်အိမ်လေးဆီရောက်သွားကြသည်။

ထိုအိမ်လေးတွင် အဘိုးအဘွားနှစ်စုံတွဲနှင့် သားကြီးနှစ်ယောက်သာနေသည်။ အပေါ်ထပ်တွင်လူလေးယောက်တော့ ချောင်ချောင်ချိချိနေနိုင်သည်။ လေးယောက်ဆိုလျှင် ငွေလေးသောင်းရမည်။ ဒါဆိုသက်ကြီးရွယ်အိုများသော မိသားစုအတွက်



www.burmeseclassic.com

www.burmeseclassic.com



စားစရိတ်နှင့်ဆေးဖိုးဝါးခရနိုင်သည်။

သားကြီး၏အကြံက မဆိုး။

လူများလာလျှင် တစ်အိမ်လုံးကို အဆောင်ဖွင့်လိုက်လျှင် အဘိုးအဘွားတွေကို ဒီဘက်အိမ်ခေါ်ထားလိုက်မည်။

ဖခင်ဖြစ်သူ 'ဦးကျော်မင်း' ၏ အတွေးဖြစ်သည်။

*တစ်ခုတော့ရှိတာပေါ့လေ... သူစိမ်းယောကျ်ားတွေကို ကိုယ့်အိမ်ပေါ်တင်ထားရမှာဆိုတော့ ရဲဝင့် နေတတ်ထိုင်တတ်ဖို့တော့လိုမယ်နော်...*

ထိုစာပိုဒ်ကြောင့် စာဖတ်ပြနေသော 'ခင်ရဲဝင့်' ၏မျက်နှာမှာဖြူရာမှနီ၊ နီရာမှမည်းသွားခဲ့ပြီး...

"အံမာ သူများက မနေတတ်မထိုင်တတ်တာ ကြနေတာပဲ... မဖတ်ချင်တော့ဘူးကွာ"

စောစောကဝဲနေသော မျက်ရည်များနေရာတွင် မျက်လုံးနှစ်လုံးကအရောင်တဖျတ်ဖျတ်လက်ပြီး နှုတ်ခမ်းကိုလည်းချွန်နေအောင်စူထားပါသည်။

"ကဲ ညည်းမဖတ်ချင်ရင် အငယ်ကောင်ဖတ်စမ်းကွာ"

'ရဲဝင့်' က စာအထပ်လိုက်ကို မောင်ငယ်လက်ထဲထိုးထည့်ပြီး ဆောင့်ကြီးအောင့်ကြီးဖြင့် မနီးမဝေးတွင်သွားထိုင်နေပါ





သည်။

*ဖြစ်နိုင်ရင်မိန်း ကလေးဘော်ဒါဆောင်ဖွင့်စေချင်တာ... ဒါပေမဲ့ ကျွန်တော်တို့ရန်ကုန်ပြောင်းရင် ကိုးလို့ကန့်လန့်ဖြစ်မှာစိုးလို့ ယောကျ်ားတွေဆိုတော့ ပစိပစပ်မများဘူး... ငြိချင်းငြိလည်းကိုယ့်နမကအနည်းဆုံး ပညာတတ်ဘွဲ့ရအလုပ်လက်ရှိနဲ့ကော့ငြိနိုင်တာလေ...*

အားလုံးမျက်လုံးက 'ရဲဝင့်' ဆီ စုပြုံကျရောက်လာသဖြင့် 'ရဲဝင့်' စူပုပ်ထားမိသည်။

တိုက်တိုက်ဆိုင်ဆိုင် အစ်ကိုငယ် 'ကိုညိုမြင့်' ထံမှလူကြုံရောက်လာပြန်သည်။

သည်တစ်ခါဖခင်ဖြစ်သူက မျက်မှန်သွားရှာတပ်ပြီး ကိုယ်တိုင်ဖတ်နေသည်။ ဖတ်ရင်း 'ရဲဝင့်' ကိုလှမ်းကြည့်သေးသည်။ သည်တစ်ယောက်ကလည်း ဘာတွေရေးထားပြန်ပြီမသိ။

ဖခင်ကဖတ်ပြီး ဝတ်ထားသောအကျႌအိတ်ကပ်ထဲထည့်ထားသဖြင့် ဖတ်ခွင့်မရသေး။

"အင်း သားကြီးနှစ်ယောက်က ပညာတတ်ဘွဲ့ရတွေဆိုတော့ အကြံဉာဏ်လည်းတူကြတယ်... သူတို့လစာကိုမထိတ်ပဲ ပွဲနိုင်သေးလို့ အိမ်မှာဝင်ငွေရနိုင်အောင် ကြံဖန်ပြီးစီးပွားကူးနိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်... အပေးကနေတောင် လူရှာပေးလိုက်ကြသေးတယ်”

“‘ညိုမြင့်’ လွှတ်လိုက်တဲ့လူက မိန်းမတွေနဲ့ တရင်းတနှီး ခင်ခင်မင်မင်မနေချင်ဘူးဆိုတော့ သည်မှာထားလို့ ဖြစ်ပါ့မလား ရှင်... ရှင့်သမီးက မနေတတ်မထိုင်တတ်နဲ့”

“ဒါတော့ မင်းဆုံးမပေါ့ကွာ... အရွယ်လည်းငယ်တော့ တာမဟုတ်ဘူး... ဆယ်တန်းတောင်တစ်ခါကျထားပြီးပြီ... သူ့ သူငယ်ချင်းတွေ တက္ကသိုလ်တောင်တက်နေကြပြီ”

ထိုစကားကြောင့်ခိုးနားထောင်နေသော ‘ရဲဝင့်’ ၏ခန္ဓာ ကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်နေပါပြီ။

“‘ရဲဝင့်’ က ရုပ်ကလေးရှိတော့ ကြိုက်မယ့်လူလက်ထပ် ချင်တဲ့လူပေါ်လာမှာပါလေ”

“ရုပ်က ချက်စားလို့ရတာ မဟုတ်ဘူးကွ ... ခုခေတ် ယောက်ျားလေးတွေက မိန်းကလေးတွေထက်ကို တွက်တတ်ချက် တတ်ကြတယ်... ရုပ်လည်းချောမှ ပညာလည်းတတ်မှ ကျော ထောက်နောက်ခံလည်း ကောင်းမှဆိုပြီး ရွေးတတ်ကြတယ်... မင်းသမီးက ရုပ်ကလေးကြည့်ကောင်းတာပဲရှိတယ် စာကလည်း မတော် မဝတ်တတ်မစားတတ် ကိုယ်လုံးကလည်း အချိုးမကျနဲ့”

‘ရဲဝင့်’ အသံကုန်ဟစ်အော်ပြီး အဖေ့ကိုချေပပစ်လိုက်





ချင်ပါသည်။ မိမိကိုအဖေအထင်သေးသည့်စကားတွေ ပြောခဲ့တာ များပြီ။ ‘ရဲဝင့်’ လူမှန်းသိတတ်စ၊ လူကြီးတွေပြောစကားကိုနွဲ့ခြမ်း စိတ်ဖြာတတ်သည့်အရွယ်တည်းက အဖေ့အထင်သေးစကားတွေ ကို ကြားခဲ့ဖူးပါသည်။

“သားယောက်ျားလေး အယောက်တစ်ရာမွေးလည်း ပူစ ရာမလိုဘူး... သမီးတစ်ယောက်မွေးလာတော့ တွေးပူတယ်ကွာ ပညာတတ်ဖြစ်ပြီး သူ့ခြေထောက်ပေါ်သူရပ်တည်နိုင် ရှာနိုင်ဖွေ နိုင်ရင်တော့ ဘာအရေးလဲ... လင်ယူပြီးလင်ကပစ်သွားလည်းသူ့ ဝမ်းစာသူ ရှာဖွေစားနိုင်တယ်... လင်ကောင်းရရင်လည်း အရေး မကြီးဘူး”

“ရှင်ကလည်း ကျွန်မသမီးငယ်ငယ်လေး ရှိပါသေးတယ် ဘယ်နှယ့် ယောက်ျားအကြောင်းတွေ လျှောက်ပြောနေတာလဲ”

“ငါ စိတ်ပူလို့ပြောတာပါကွာ... သားတွေမွေးတုန်းက ငါ စိတ်လုံးဝမပူခဲ့ဖူးဘူး... ဒီလိုအတွေးမဝင်ခဲ့ဖူးဘူး... သိတယ် မဟုတ်လား မိကောင်းဖခင်သားသမီးဖြစ်ပြီး ပျက်စီးသွားတာ တွေကရှိနေတာလေ”

“ဘာဆိုင်တာမှတ်လို့တော်... မိန်းကလေးမွေးတိုင်းပျက် စီးမှာကျနေတာပဲ... ကျုပ်သမီးလေးကို မဦးမချွတ်မပြောပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



အဖေစိတ်ပျက်သလို အထင်သေးစကားပြောတိုင်း အမေက 'ရဲဝင့်' ကိုပွေ့ဖက်နမ်းရှုံ့ပြီး ကာကွယ်ပြောတတ်သည်။

ဆယ်တန်းအောင်စာရင်း ထွက်သည့်အချိန်တုန်းက 'ရဲဝင့်' ရှုံးသဖြင့် အဖေ့ပါးစပ်မှ ပေါက်ပေါက်ဖောက်သလိုတပြစ်တောက်တောက်ပြောနေသည့် ဆူသံပူသံအပြစ်တင်သံများသည် နားတွေပူပြီး ထူနေသည်အထိ တစ်နေကုန်ကြားနေရသည်။ ညအိပ်ယာဝင်လည်းကြားနေရသည်။ နောက်တစ်နေ့ မိုးလင်းတော့လည်းကြားနေရသည်။ တစ်နေ့တစ်ရက်မဟုတ်၊တစ်ပတ်မဟုတ် တစ်လမဟုတ်။ အဖေ့မျက်နှာက 'ရဲဝင့်' ကိုမြင်လိုက်သည်နှင့် မျက်မှောင်ကြုတ်သွားပြီး အထင်သေးသလို စိတ်ပျက်သလိုဖြစ်သွားတတ်သည်။

ပြေးစရာမြေကလည်းမရှိ။ သွားစရာနေရာကလည်းမရှိသဖြင့် ဖခင်၏ဆူသံပူသံအထင်သေးသံများကို နားထောင်နေခဲ့ရသည်။

"သူများတွေစာမေးပွဲကျရင် တစ်ခါတည်းလင်နောက်လိုက်ပြေးကြရော ခိုးရာလိုက်ပြေးကြရော... မင်း,သမီးကျတော့ ခေါ်မယ့်လူလည်းမရှိဘူးထင်ပါရဲ့... ယောကျ်ားရောရပဲ့မလား မသိပါဘူး"





ထိုစကားမျိုးပြောသောဖခင်ကို 'ရဲဝင့်' အရမ်းအံ့သြသွားမိသည်။ ဖခင်အရင်းမှ ဟုတ်ပါလေစ။ အဘွားကိုသွားပြောပြပြီး နာကြည်းစွာဖြင့် အိမ်ကထွက်သွားဖို့ပြင်ဆင်နေမိသည်။

"ကိုယ့်အဖေဆူတာများ အဆန်းလုပ်လို့အေ... ကိုယ့်အိမ်လောက် ဘယ်မှာမှမလုံခြုံဘူးငါ့မြေးရဲ့... သူအထင်သေးတယ်ထင်ရင် အထင်ကြီးလာအောင် ကြိုးစားပြပေါ့"

"အဘွားမြင်တဲ့အတိုင်းပြောစမ်းပါ... 'ရဲဝင့်' ကိုကြိုက်မယ့်လူပယူမယ့်လူ မရှိနိုင်တော့ဘူးလား"

မျက်ရည်သုတ်ရင်း ဒေါသတကြီးမေးနေသော 'ရဲဝင့်' ၏မျက်နှာကို အဘွားဖြစ်သူကသေချာစိုက်ကြည့်ရင်း...

"ဘာလို့မရှိရမှာလည်းအေ... လင်မှတစ်ယောက်တောင်မဟုတ်ဘူး ဆယ်ယောက်လောက်ရနိုင်တယ်"

"ဟွန်း ယူကိုယူပြလိုက်ဦးမယ်"

အတိုင်အဖောက်ညီစွာပြောနေသော မြေးအဘွားနှစ်ယောက်၏စကားကို 'ဦးကျော်' က ကောင်းစွာကြားလိုက်ရသဖြင့်

"အမေကလည်းဗျာ... အမေ့မြေးကနဂိုတည်းကမှ [illegible] ရာလုပ်တတ်တဲ့အထဲ အမေက ဘာတွေလျှောက်မြှောက်ပေးနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ငါပြောတာမမှန်ဘူးလား သူ့အမေနင့်မိန်းမတောင် မလှဘဲနဲ့ မင်းကငမ်းငမ်းတက်ကြိုက်ခဲ့သေးတာ... ငါ့မြေးကသူ့ သက်အဆတစ်ရာလှတယ်"

ထိုစကားကြောင့် ချေးမဖြစ်သူ 'မခင်ဝင်း' စိတ်ကောက်ပြီး ထွက်သွားခဲ့သည်။

"ဟဲ့ငါ့သမီးက ရုပ်မလှပေမယ့်စိတ်လှတယ်... ညည်းသားသာ ရုပ်ချောပြီးစိတ်ပုပ်တာ... သမီးအရင်းကိုတောင် မသဒ္ဒါတာ မကြင်နာတာ အထင်သေးတာ"

ပြဿနာက မုန့်လုံးစက္ကူကပ်ကုန်သည်။

ထိုပြဿနာကြောင့် တစ်လလောက်မခေါ်ကြ၊မပြောကြ တစ်ယောက်ကိုတစ်ယောက်ရှောင်ကြ၊ ချက်ဖို့ပြုတ်ဖို့ကပ်နေကြသဖြင့် အမြဲထမင်းစားနောက်ကျရသည်။

နောက်ဆုံး 'ကိုကျော်' ကားတိုက်ခံရပြီး ဆေးရုံရောက်မှ အားလုံးပြန်တည့်သွားကြသည်။

ကားတိုက်ခံရတာကိုပင် ကံကောင်းသည်ဟု ပြောရမလိုဖြစ်နေသည်။ ဒဏ်ရာကြီးကြီးကျယ်ကျယ်မရသော်လည်း ကားပိုင်ရှင်က အကြောက်လွန်ပြီး ရဲမတိုင်ရန်မျက်နှာချိုသွေးနေတော့သည်။





ငွေနှစ်သိန်းနှင့်စားစရာ အခြောက်အခြမ်း မုန့်မျိုးစုံကို ခေါက်တုံ့ခေါက်ပြန်လာပေးနေတော့သည်။

ထိုငွေထဲမှ မိအိုဖအိုနှစ်စုံတွဲနှင့် သားငယ်သမီးငယ်တို့ကို ကြိုက်ရာဝယ်ဖို့ နှစ်သောင်းစီပေးသောအခါ မည်သူမျှမယူကြ။

အသက်နှင့်ရင်းပြီးရထားသောငွေဖြစ်သဖြင့် မသုံးရက်ကြဟုဆိုသဖြင့်၊ ယခုအဆောင်ဖွင့်မည်ဆိုတော့ လိုအပ်သည့်အိမ်ထောင်ပရိဘောဂလေးများ ဝယ်ထည့်မည်။ ဆေးသုတ်ပေးလိုက်မည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

လဆန်းပိုင်းတွင်အဆောင်နေဖို့ ရောက်လာကြသည်။-

ပထမတစ်ယောက်က အသားညိုညို၊ အရပ်မနိမ့်မမြင့် သန်မာသောဆံပင်ကို ခပ်တိုတိုညှပ်ထားသဖြင့် အဝတ်တိုက်သည့်ဘရပ်ရှ်နှင့်တူနေသည်။

မျက်လုံးများကနက်မှောင်ပြီး မျက်ခုံးကိုတွန့်၍ကြည့်တတ်သည်။ တစ်အိမ်လုံး၊ တစ်ခြံလုံးကို စူးစမ်းသောမျက်လုံးများဖြင့် လိုက်ကြည့်နေပါသည်။ 'ရဲဝင့်' တို့မောင်နှမနှစ်ယောက်ချောင်းနေသည့်အပေါက်ကို လှမ်းကြည့်နေသဖြင့် မလုံမလဲဖြစ်





ပြီး ဇက်ကလေးများပုထားမိကြသည်။ ကြမ်းပေါ်ထိုင်ချမိကြသည်။

အမှန်တော့ထိုလူကြည့်ခြင်းက ပြက္ခဒိန်ထဲက 'ထက်ထက်မိုးဦး' ၏မျက်နှာကိုဖြစ်သည်။ 'ရဲဝင့်' က 'ထက်ထက်မိုးဦး' ၏မျက်လုံးနှစ်လုံးကို အပေါက်လေးများဖောက်၍ ဧည့်သည်လာလျှင်ချောင်းကြည့်နေကြ။ ဖခင်ဖြစ်သူသိလျှင် အရိုက်ခံရမည်စိုး၍ အတွင်းဘက်သုံးထပ်သားတွင် ပြက္ခဒိန်တစ်ခုထပ်ချိတ်ထားခဲ့သည်။ ဧည့်သည်လာမှထိုပြက္ခဒိန်ကို ဖယ်ကြည့်ခြင်းဖြစ်သည်။

"ကလေးပေါက်စနတွေဘာတွေ ရှိလား ဦးလေး"

"မရှိဘူးကွဲ့... အငယ်ဆုံးတောင် ဆယ်တန်းရောက်နေပြီ ဘာလို့မေးတာလဲ"

"ဪ ကျွန်တော်ကအလုပ်မသွားခင်ရယ် ညဆယ့်နှစ်နာရီလောက်အထိ စာဖတ်စာရေးလုပ်လို့ပါ... ကလေးတွေဘာတွေရှိရင် ငိုသံတွေဘာတွေကြားရမှာကြောက်လို့ပါ... ကျွန်တော်အခန်းထဲလာပြီး စာအုပ်တွေဘာတွေလာဆော့မှာစိုးလို့ပါ"

ထိုစကားကြောင့် 'ရဲဝင့်' က နှုတ်ခမ်းကိုမဲ့ရွဲ့ပြီး...

"ကြီးကျယ်လိုက်တာ ကလေးငိုသံမကြားချင်ရင် ဟိုတယ်မှာသွားနေပါတော့လား... လူပုံကိုကမှန်းစရာကြီး စစ်သား



www.burmeseclassic.com

www.burmeseclassic.com



လူထွက်လိုလို ဘုန်းကြီးလူထွက်လိုလိုနဲ့ သည်လောက်တောင်ကြီးကျယ်တာ သူမရှိရင်သူ့အခန်းထဲ သွားကိုဝင်ကြည့်ဦးမယ်"

"ဟာ မလုပ်ပါနဲ့ အဖေရိုက်လိမ့်မယ်လေ... ပြီးတော့ ဒါကအိမ်ရဲ့စီးပွားရေးကိစ္စလည်းဖြစ်သွားပြီဆိုတော့ အဖေနဲ့တိုင်ပြောရင် အရိုက်ခံရမှာသေချာတယ်"

"နင်မလိုက်ချင်နေခဲ့ပေါ့... ငါဖါသာငါသွားမယ်"

"'မဝင့်' ကတော့ခက်တော့တာပဲ... ဒါကြောင့်ဖေဖေနဲ့မတည့်တာ"

"နင်ပဲမတည့်အောင်နေ... ဖေဖေမသိအောင်သွားမှာပေါ့"

အဖေကညှော့်သည်ကို ဟိုဘက်အိမ်ဘက်ခေါ်သွားခဲ့ပြီ။

ထိုဧည့်သည်ကိုအဆောင်အပေါ်ထပ်သွားပြနေစဉ် 'ရဲဝင့်' တို့အိမ်ဘက်သို့ လူတစ်ယောက်တက်လာသဖြင့် လှမ်းကြည့်မိသည်။

အို အရပ်မြင့်မြင့်၊ ဖြူဖြူသန့်သန့်နှင့် မျက်လုံးမျက်ခုံးနှာခေါင်းတွေကလည်း မင်းသားလိုထင်းနေသည်။

"ဒီအိမ်က 'ကိုဇော်တင့်' တို့အိမ်မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"





"ကိုယ်က သူလွှတ်လိုက်တဲ့အဆောင်နေမယ့်လူလေ... ကိုယ့်နာမည်က 'တင်မောင်သန့်' လို့ခေါ်တယ်"

"ဩော် ဟုတ်ကဲ့ရှင့် ထိုင်ပါနော်... အမေ့ကိုခေါ်ပေးမယ်နော်"

လူနှစ်ယောက်ရှေ့ဆင့်နောက်ဆင့် ရောက်လာခြင်းဖြစ်သော်လည်း ပထမလူကချောချင်လျှက်နှင့် မျက်နှာထားတင်းပြီး စကားပြောမချိုသာသဖြင့် လူမိုက်လူဆိုးလူကြမ်းကြီးဟုမြင်နိုင်ပြီး၊ ဒုတိယလူကတော့ နဂိုချောရသည့်အထဲ မျက်လုံးရောမျက်နှာရောပြုံးနေပြီး အပြောအဆိုက ယဉ်ကျေးချိုသာလွန်းသဖြင့် နဂိုချောတာထက် ရုပ်ရှင်မင်းသားတစ်ယောက်နှင့် တူနေသည်။

ခြေချောင်းလက်ချောင်းများကလည်း ဖြူဖွေးသန့်ပြန့်နေသည်။

"ဒါက 'ကိုဇော်တင့်' ပေးလိုက်တာ... ဒါကတော့ ကျွန်တော်ပေးတာပါ"

"ဩော် အားနာစရာကွယ်... ငါ့တူပဲပြန်ယူထားလိုက်ပါ သားကြီးပေးတာပဲ ယူထားလိုက်ပါ့မယ်"

"ယူပါခင်ဗျ... ကျွန်တော်ကလည်းဒီအိမ်မှာပဲ ထမင်းလခပေးစားမှာဆိုတော့ ဒီပစ္စည်းတွေယူထားလည်း အပိုဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှာလေ"

ဖခင်ဖြစ်သူနှင့်ပထမလူတို့ ခြံဝတွင် နှုတ်ဆက်နေတာကိုမြင်ရသဖြင့် 'ရဲဝင့်' အိမ်ရှေ့မထွက်ဝံ့တော့ပါ။

"ဒါ သားကြီး လွှတ်လိုက်တာလေ"

"ဟုတ်ကဲ့ ခင်ဗျ... ကျွန်တော်တို့ရုံးက နောက်ထပ်နှစ်ယောက်ထပ်လာစရာရှိသေးတယ်... နေရာထိုင်ခင်း အဆင်သင့်ဖြစ်ရင် ကျွန်တော်တို့ပြောင်းလာခဲ့ချင်တယ်"

"ဟုတ်လား ဒါဆိုလည်း မောင်ရင်လိုက်ကြည့်လေ လိုတာထပ်ဖြည့်ပေးမယ်"

ဖခင်ကအဆောင်ဘက် ခေါ်သွားခဲ့ပြီ။

အမေ့မျက်နှာက ပြုံးရွှင်နေပါသည်။

ကိုကြီး ပေးလိုက်သော ငါးခြောက်မျိုးစုံနှင့် ပုဇွန်ခြောက်များ၏တန်ဖိုးကမနည်းသလို အဆောင်လာနေသူ 'ကိုတင်မောင်သန့်' ၏ငါးခြောက်နှင့်ပုဇွန်ခြောက်၏တန်ဖိုးကလည်း ဆတူလောက်ရှိသည်။

"အားလုံးဆယ်ယောက်လောက်တော့ ကောင်းကောင်းဆန့်တယ်... အခန်းကနှစ်ခန်းပဲရှိတော့ ကျန်တဲ့ရှစ်ယောက်ကိုတစ်ယောက် ရှစ်ထောင်ပဲယူမယ်လို့ပြောလိုက်တယ်"





အမေကလည်း ကျေနပ်သောအသံကြီးဖြင့်ပြောခြင်းဖြစ်သည်။

"ကျန်တဲ့လူတွေကလည်း ကိုယ့်အခန်းနဲ့ကိုယ်နေချင်တယ်ဆိုရင်ကော"

"နောက်တော့ အခန်းကာပေးလိုက်တာပေါ့... ငွေနှစ်ထောင်သက်သာလို့ ကျေနပ်ချင်လည်းကျေနပ်သွားကြမှာပါ... အေး ထမင်းလခပေးစားတာဆိုတော့ သူများတွေဘယ်လိုချက်ပြီး ဘယ်လိုကျွေးတယ် ထည့်တယ်ဆိုတာ စုံစမ်းကြည့်ဦး... မင်းက ကပ်စေးနည်းတော့ ဟင်းထည့်တာနည်းလို့ဆိုပြီး မစားဘဲနေဦးမယ်... သူများဆီသွားစားနေဦးမယ်"

"စိတ်ချပါတော်... ကိုယ့်ထမင်းအိုး ဘယ်ခွဲပါ့မလဲ"

"မင်း သားနဲ့သမီးကိုလည်း အဆောင်သားတွေအတွက် ဖယ်ထားတဲ့ဟင်းကို မထိနဲ့လို့မှာထားဦး"

'ရဲဝင့်'က မျက်နှာကိုမဲ့၍ စိတ်ထဲမှပြန်ပြောပါသည်။

"ဟွန်း တို့တောင်မတို့ဘူးစိတ်ချ"

နောက်တစ်နေ့ မနက်စောစောပြောင်းချလာသူက ပထမလူ။

"ဟဲ့ ဟိုမှာပစ္စည်းတွေသွားကူသယ်ပေးလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

"နင်သွားလေ အဖေကငါ့ကို အဲ့ဒီဘက်နဲ့မပတ်သက်ရဘူးလို့ပြောထားတာပဲ"

"ဒါဆိုလုံးဝမသွားဘူးလို့ ကတိပေးမလား"

"ကဲပါ စကားနိုင်လုမနေစမ်းပါနဲ့... သွားပါတော့"

'ဥာဏ်လင်းဆင့်' က ဖင်လေးလိမ်ကျစ်လိမ်ကျစ်နှင့် လက်နှစ်ဖက်ကိုဘေးကားပြီး ပြေးသွားခဲ့ပြီ။

အနားရောက်လာသော 'လင်းဆင့်' ကို 'ညီထွန်း' ကမျက်မှောင်ကြုတ်၍ကြည့်ရင်း...

"မင်းကဘယ်သူလဲ... ဘာလာလုပ်တာလဲ"

"ကျွန်တော့်ကိုအမေကလွှတ်လိုက်လို့... ပစ္စည်းလာကူသယ်ပေးတာပါ"

"ရတယ် ရတယ် ငါ့ဖါသာသယ်မယ်"

"ရပါတယ်"

'လင်းဆင့်' က သံသေတ္တာဆိုလျှင်လေးမှန်းသိ၍ ကြိမ်ခြင်းတောင်းကိုသာဆွဲသည်။ သို့သော်လေးလွန်း၍ ရွှေ့တောင်မရွှေ့။





'ကိုညီထွန်း' နောက်တစ်ခေါက်သယ်ဖို့ပြန်လျှောက်လာနေတာမြင်သဖြင့်၊ သေးသေးမွှားမွှားတိုတိုထွာထွာလေးများကိုသာ စုပြုံကောက်ကိုင်လာခဲ့သည်။

'ညီထွန်း' က 'လင်းဆင့်' ၏မျက်နှာကိုအကဲခတ်သလို တစ်ကိုယ်လုံးကိုလည်း အထက်အောက်အပြန်အလှန်ကြည့်ပြီး...

"အဲ့ဒါကိုဝရံတာမှာထားပြီး သံသေတ္တာပဲလာကူသယ်ပေးစမ်းပါ"

"ဟုတ်ကဲ့"

သံသေတ္တာလက်ကိုင်းနှစ်ဖက်ကို တစ်ဖက်စီကိုင်ကြခြင်းဖြစ်သည်။ 'လင်းဆင့်' ဘက်မှကောင်းစွာ မ,မနိုင်သဖြင့်...

"မ,လေကွာ"

ရှိသမျှခွန်အားဖြင့် မလိုက်ပါသည်။

ခဏတော့မြောက်တက်သွားပြီး တစ်ပေခန့်ရွေ့တို့သွားပြီးနောက် မြေကြီးပေါ်ပြန်ကျသွားသဖြင့်...

"သွားကွာ သွားတော့"

ပါးစပ်ကဖွင့်မပြောသော်လည်း မိမိကိုစိတ်ထဲမှ ဂန့်[illegible] ခေါ်နေကြောင့် သူ့မျက်လုံးတွေကို ကြည့်ယုံနှင့်သိပါသည်။

သူတို့အဆင်မပြေဖြစ်နေမှန်းသိ၍ မိခင်ကိုခွင့်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး 'ရဲဝင့်' လာကူသယ်ပေးဖို့ရောက်လာခဲ့သည်။

'ရဲဝင့်' ကိုမြင်သောအခါတစ္ဆေသရဲကို မြင်ရသလိုပြူး ပြူးပြဲပြဲလှမ်းကြည့်ပြီး...

"မင်းဘယ်သူလဲ ဘာလာလုပ်တာလဲ"

သံသေတ္တာလက်ကိုင်းကိုဆွဲထားသော 'ရဲဝင့်' က...

"ကူသယ်ပေးမလို့လေ... အိမ်ရှင်ရဲ့သမီးပါ"

"ဟာ ဟိုကောင်တောင်မှမနိုင်တာ ရတယ် သွားတော့ သွားတော့"

မျက်နှာထိမျက်နှာထားဖြင့်လူကို အဖက်မတန်သလို မောင်းထုတ်နေသဖြင့် နဂိုတည်းကပေကတ်ကတ်နိုင်လှသော 'ရဲဝင့်' ကလည်း မျက်မှောင်ကြုတ်၍ပြန်ကြည့်ရင်း...

"မှောင်းထုတ်စရာမလိုပါဘူးနော်... ဒါ 'ရဲဝင့်' တို့ခြံပဲ စေတနာနဲ့လာကူပေးတာကို ဝေဒနာဖြစ်အောင်မလုပ်နဲ့လေ"

ရှက်စိတ်၊ ဒေါသစိတ်၊ ခံပြင်းစိတ်တို့ကြောင့် 'ရဲဝင့်'၏ ဖြူဝင်းသောအသားမှာ နီရဲနေပြီး၊ မျက်လုံးနက်နက်များက အရောင်တဖျတ်ဖျတ်လက်နေပါသည်။ အသံကတုန်ပြီးဆူးရှနေသလို လက်သီးနှစ်ဖက်ကိုကျစ်နေအောင် ဆုပ်ထားသောပုံစံက ဆွဲထိုးချင်စိတ်ကို မြိုသိပ်ထားသည့်သဘောမျိုးရှိနေသည်။





ထိုဟန်ထိုမာန်တွေကိုကြည့်ပြီး 'ညီထွန်း' ကြောင်အမ်း အမ်းဖြစ်သွားသေးသည်။ ပြီးမှ...

"မင်းတို့ခြံဆိုပေမယ့် ငါကအဆောင်ဖွင့်ထားလို့လာခွင့် နေခွင့်ရှိတဲ့လူလေ... အဆောင်တွေအများကြီးရှိတာတောင် 'ညို မြင့်' မျက်နှာနဲ့ဒီကိုရောက်လာတာ... 'ညိုမြင့်' ကမှာလိုက်ပြီးသား မင်းတို့နှစ်ယောက်ကို တတ်နိုင်သလောက် ခွင့်လွှတ်သည်းခံပေး ဖို့"

ထိုစကားကြောင့် 'ရဲဝင့်' ဒေါကန်သွားပြီး...

"အစ်ကိုလုပ်တဲ့လူကိုက ကိုယ့်အိမ်ကညီနဲ့နှမကိုအထင် သေးအောင်ပြောလွှတ်မှတော့ ဘယ်သူစိမ်းကအထင်ကြီးတော့ မှာလဲ... လာခဲ့စမ်း 'လင်းဆင့်'... စေတနာနဲ့လာကူတာကိုရန် လုပ်နေမှတော့ ဒီလူသစ်ပင်ပိလည်းလာမပေးစရာမလိုဘူး...ကား ကြိတ်သွားလည်း သနားစရာမလိုဘူး လာ"

မောင်ဖြစ်သူလက်ကိုဆောင့်ဆွဲရင်း 'ညီထွန်း' ကိုရှိသမျှ ပါဝါစွမ်းအားနှင့်မျက်စောင်းထိုးပြီးထွက်သွားခဲ့သော 'ရဲဝင့်' ၏ ပုံစံကို 'ညီထွန်း' စိတ်ပျက်သလိုလို လှောင်သလိုလို ရယ်ကျဲ မျက်နှာဖြင့်ခေါင်းခါရင်း ကျန်ရစ်ခဲ့ပါသည်။

တစ်ယောက်တည်းလည်းမနိုင်သဖြင့် သေတ္တာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးသေတ္တာကိုဖွင့်၍ နည်းနည်းခြင်းသယ်ရတော့သည်။

"ဒီလူသေတ္တာထဲမှာလည်း စာအုပ်တွေကြီးပဲ... အဝတ်အစားလည်းဘာမှမပါဘူး... အားလုံးပေါင်းမှ ပုဆိုးဆယ်ထည်နဲ့ အင်္ကျီလေးငါးထည်ပဲ ရှိသလိုပဲ"

'လင်းဆင့်' က ပြူတင်းပေါက်မှချောင်းကြည့်ရင်ပြောနေခြင်းဖြစ်သည်။

"အရေးလုပ်ပြီးကြည့်မနေနဲ့... အဖက်မလုပ်နဲ့"

ထိုစဉ်အဆောင်ရှေ့သို့ ကားတစ်စီးထိုးစိုက်လာပြီး အမျိုးသားသုံးဦးဆင်းလာသည်။ ပစ္စည်းတွေချနေသဖြင့် သေချာကြည့်သောအခါ...

"ဟယ် 'ကိုတင်မော်သန့်' ပဲ... ပစ္စည်းတွေကလည်း အများကြီးပဲ လာ လာ ငါတို့သွားဝိုင်းကူသယ်ပေးရအောင်"

မောင်ဖြစ်သူကိုလက်ဆွဲ၍ ပြေးဆင်းသွားခဲ့ပြီ။ တားမြစ်ချိန်ပင်မရလိုက်တော့။

"နေပါစေညီမလေးရယ်... ပစ္စည်းတွေကလေးတယ်ကွ"

"ရပါတယ် ဝိုင်းမရင်ဖြစ်ပါတယ်"

"ဒါဆို ပြီးရင်မုန့်ဝယ်ကျွေးမယ်"

"ရပါတယ် အစ်ကိုရယ်... တစ်ခြိတည်းလာနေတဲ့ ကိုယ့်





အစ်ကိုပဲဟာ"

ထိုစကားကြောင့် 'တင်မောင်သန့်' က နှစ်ခြိုက်စွာပြုံးပြရင်း...

"ဒီမှာအစ်ကိုတစ်ယောက် ထပ်တိုးပြီနော်... 'ထွန်းမြင့်' လို့ခေါ်တယ်... မော်လမြိုင်က နက်ဖြန်နှစ်ယောက်ထပ်တိုးမယ်"

"ဟုတ်ကဲ့ရှင့်... 'ရဲဝင့်' တို့တတ်နိုင်တာဆို လုပ်ပေးပါ့မယ်... ညီမအရင်းတစ်ယောက်လိုပဲ ခိုင်းနိုင်ပါတယ်"

"မလုပ်ပါနဲ့ဗျာ မခိုင်းရက်ပါဘူး"

'ထွန်းမြင့်' က ရယ်ရယ်မောမောပြောခြင်းဖြစ်သည်။

'ရဲဝင့်' တို့မောင်နှမက သေတ္တာနှစ်လုံးနှင့် ခြင်းတောင်းများ တိုလီမုတ်စများကို ခေါက်တုံ့ခေါက်ပြန်တက်လိုက်ဆင်းလိုက်လုပ်ရင်း တခစ်ခစ်ရယ်မောရင်း သယ်နေကြခြင်းဖြစ်သည်။

အပေါ်ထပ်ခိုးပေါ်ကိုလည်း ရောက်သည်။

ပထမတစ်ခေါက်တက်နေစဉ်က 'ကိုညီထွန်း' ၏တံခါးပွင့်နေပါသော်လည်း နောက်တစ်ခေါက်တက်သောအခါ တံခါးပိတ်ထားကြောင်းတွေ့ရသဖြင့် 'ရဲဝင့်' က မျက်နှာကိုမဲ့ပစ်လိုက်သည်။

"အဝတ်လျှော်ချင်ရင် စုထားကြလေ... [illegible]ရက်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



လာလျှော်တဲ့အဒေါ်ကြီး ရှိတယ်... မီးပူလည်းတိုက်ပေးတယ်"

"ဟုတ်ပြီလေ စနေတနင်္ဂနွေကျရင်တော့ အဲ့ဒီအဒေါ်ကြီးနဲ့တွေ့ချင်တယ်... ဘယ်လိုလျှော်ခယူသလဲ မီးပူတိုက်ခယူသလဲ မေးရအောင်လေ"

"ဟုတ်ကဲ့ 'ရဲဝင့်' ပြောပေးထားမယ်... ဘာလုပ်ပေးရဦးမလဲ... 'ရဲဝင့်' တို့သွားတော့မယ်"

"ရပြီကွ... လိုတဲ့ပစ္စည်းလေးတွေရှိရင်တော့ လာငှားဦးမယ်... ဥပမာ တူတို့ပလာယာတို့ပေါ့"

"ဟုတ်ကဲ့ပါ"

'ရဲဝင့်' တို့ လှေကားထစ်မှဆင်းနေစဉ်...

"နေဦးကွ မုန့်ဖိုးယူသွားကြဦး"

"ဟာ မဟုတ်တာ မယူပါဘူး"

"ဒါဆိုညကျရင် မုန့်တစ်ခုခုဝယ်လာပေးမယ်"

"မဝယ်ပါနဲ့ အဖေဆူမှာစိုးလို့ပါ"





## ၃

'တင်မောင်သန့်' နှင့်ပတ်သက်ပြီး ထပ်ရောက်လာသည့် 'ထွန်းမြင့်ဦး' နှင့်အပေါင်းအပါသုံးယောက်သည် အလွန်စကားများပြီး သီချင်းကိုလည်းရုတ်တရက် အော်ဆိုတတ်သလို၊ ပါးစပ်ကသမ်းရင်လည်း ရုတ်တရက်အကျယ်ကြီးအော်သမ်းတတ်သဖြင့် အခန်းအောင်းပြီး စာရေးစာဖတ်လုပ်တတ်သော 'ညီထွန်း' တစ်ယောက် လန့်ပြီးတုန်သွားစမြဲ။

နှစ်ရက်လောက်နေတော့ ပိုဆိုးလာသည်။ ဂစ်တာတဒေါင်ဒေါင်တီးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ညတစ်နာရီကျော်သည့်အထိ တီးတာကိုတော့ခွင့်မလွှတ်ချင်။

"သူငယ်ချင်းတို့ဆယ်တစ်နာရီကျော်ရင် မင်းတို့အသံရော ဂစ်တာသံရောရပ်ဖို့ ငါတောင်းဆိုချင်တယ်"

'တင်မောင်သန့်' ကလည်း ဝင်တောင်းပန်သည်။

"ဟုတ်သားပဲကွ ဟိုဘက်အိမ်မှာ သက်ကြီးရွယ်အိုတွေလည်းရှိတယ်... သိပ်ညဉ့်နက်အောင်တော့ မတီးကြနဲ့လေ"

"အင်း ငါတို့လည်းဒီဂစ်တာကြောင့် ပြောင်းခဲ့ရတဲ့ အဆောင်ပေါင်းလည်းတစ်ဒါဇင်မကတော့ဘူး... ဒီကျမှပိုဆိုးသွားပြီ... တစ်နာရီလျော့သွားပြီ ဟိုမှာကဆယ့်နှစ်နာရီအထိတီးခွင့်ရတယ်ကွ"

"ပြန်ပြောင်းမလား"

'သန်းဌေး' မေးခြင်းဖြစ်သည်။

"ဒီမှာကငွေနှစ်ထောင်သက်သာပြီး ခြံလေးဝင်းလေးနဲ့ဆိုတော့ အသက်ရှူရတာပိုဝသလားလို့... ပြီးတော့ဆေးပေးမီးယူလုပ်မယ့်သူလေးနှစ်ယောက်ကလည်း ရှိနေတော့ မပြောင်းချင်တော့ပါဘူးကွာ"

'ဝင်းစိုး' စကားကြောင့် အခန်းထဲမှ 'ညီထွန်း' မျက်မှောင်





ကြုတ်သွားသလို 'တင်မောင်သန့်' ကလည်းအဓိပ္ပါယ်မပေါက်သဖြင့်...

"ဘာလဲကွ ဆေးပေးမီးယူနှစ်ယောက်ဆိုတာ"

"ဟာ 'ရဲဝင့်' နဲ့ 'လင်းဆင့်' လေ"

'လင်းဆင့်' ပုံစံမျိုးခြေကားယားလက်ကားယားဖြင့် ခါရမ်းပြီးလျှောက်ပြနေသဖြင့် 'တင်မောင်သန့်' နှင့် ကျန်လူများနှစ်ခြိုက်စွာရယ်မိကြပါတော့သည်။

"ကောင်မလေးက ဂစ်တာတီးသင်ပေးခိုင်းနေတယ် ... အသံလေးကလည်းကောင်းတော့ ကောင်းကောင်းမြေတောင်မြှောက်ပေးမယ့်လူရှိရင် ကျော်ကြားမယ့်ပုံပဲ"

"သွားမလုပ်နဲ့ သွားမရောနဲ့... သူ့အဖေမျက်နှာကသိပ်တင်းတာ... သူ့အဖေရှိတဲ့အချိန်ဆို မောင်နှမနှစ်ယောက်လုံးအရိပ်အယောင်တောင်ပြဝံ့လို့လား"

"ငါတို့လိုကောင်တွေနဲ့ မနီးစပ်စေချင်ရအောင်သူ့သမီးကဖြင့် ဗူးသီးကိုခြေထောက်တွေလက်တွေ တပ်ထားသလိုပုံမျိုးနဲ့ ဘယ်သူမှမကြိုက်ဘူး"

"မင်းပဲ စကားအမျိုးမျိုးပြောနေတာပဲ...ခုနကတော့ဆေးပေးမီးယူဆို"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ခိုင်းချင်တာခိုင်းလို့ရတယ်… ဟိုဟာလေးဒီဟာလေးလိုရင် တောင်းလို့ရတယ်… ဈေးသွားရင်မှာလို့ရတယ် စားချင်တဲ့ဟင်းချက်ခိုင်းလို့ရတယ်… အဝတ်အစားဆိုလျှော်ဖွပ်မီးပူတိုက်ပြီးသား… အရံသင့်လာပေးသွားတာ ဒါတွေပြောတာလေ… ဘယ်လောက်အဆင်ပြေလဲ"

အိမ်ရှင် 'ဒေါ်ဝင်းခင်' က အဆောင်သမားများအလုပ်သွားလျှင် အိမ်လာရှင်းပေးတတ်သည်။ ထို့ကြောင့်ညနေဘက်အလုပ်ကပြန်လာလျှင် တစ်အိမ်လုံးသန့်ရှင်းပြီးမီးပူတိုက်ပြီးသားအဝတ်များက စားပွဲပေါ်တွင်အပုံလိုက်ရောက်နေတတ်သည်။

တစ်ပတ်ခန့်ကြာသောအခါ အိမ်ရှင် 'ဦးကျော်' ကညဘက်ရောက်လာပြီး…

"ပြောရမှာတော့အားနာသား 'မောင်ညီထွန်း' ရယ်"

"အားမနာပါနဲ့ ပြောစရာရှိတာပြောပါ ဦးလေး"

"ဩော် အဆောင်နေချင်တဲ့ လူသစ်နှစ်ယောက်ထပ်ရောက်တယ်လေ"

"ဟုတ်ကဲ့"

"သူကညဂျူတီသမားတွေ ဟိုတယ်ဝန်ထမ်းဆိုပါတော့"

"ဟုတ်ကဲ့ ကျွန်တော်ဘယ်လိုအကူအညီပေးရမလဲ"





"ကိုယ့်သားနဲ့ပတ်သက်ပြီး ရောက်လာတဲ့သူတွေမို့ကူညီမယ်ထင်လို့ပြောတာပါနော်… 'မောင်တင်မောင်သန့်' ကလည်း လက်ခံလိုက်တယ်… ညဘက်အလုပ်ဆင်းမယ့်လူတစ်ယောက်သူ့အခန်းထဲထည့်မယ်လေ… တစ်ယောက်ကို 'မောင်ညီထွန်း' အခန်းထဲထားချင်တယ်… 'မောင်ညီထွန်း' က ညဘက်တွေစာရေးစာဖတ်လုပ်တတ်တော့ အနှောင့်အယှက်မဖြစ်နိုင်ပါဘူး"

'ညီထွန်း' က စဉ်းစားသလိုလုပ်ပြီးမှ…

"ဟုတ်ကဲ့ ဦးလေးတို့ရဲ့စီးပွားရေးလည်းဖြစ်နေသလိုကျွန်တော့်အတွက်လည်း အနှောင့်အယှက်မဖြစ်ဘူးဆိုတော့ထားလို့ရပါတယ်"

အခန်းကလည်းတကယ်ကျယ်နေသဖြင့် ကုတင်တစ်လုံးစားပွဲတစ်ခု၊ ဘီဒိုတစ်လုံးထပ်ထည့်၍ရသည်။ သူတို့လည်းပိုက်ဆံထပ်တိုးချင်မှာပေါ့။ သည်လိုတွေးမိသလို မိမိမှာငွေပိုငွေလျှံရှိလျှင် ဤအခန်းကို သီးသန့်တစ်ယောက်တည်းသာ နေလိုပါသည်။

မိမိမှာကဖတ်လက်စ၊ မှတ်လက်စ စာအုပ်စာရွက်တွေကအပုံလိုက်၊အထပ်လိုက်။ အဝတ်အစားစုတာဝါသနာမပါသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စာအုပ်စုတာတော့ဝါသနာပါသည်။ ရှားပါးစာအုပ်များ မိမိနှစ်သက်သောစာအုပ်များကို ဝယ်ယူစုဆောင်းပြီး လုပစ္စာပြန်ဖုံးပြန်ချုပ်၍ တမြတ်တနိုးသိမ်းသည်။ မကြာခဏဖတ်သည်။

အင်းလေ လောလောဆယ်တော့ အိမ်ရှင်စိတ်ချမ်းသာအောင်ခေါင်းညိတ်လိုက်မည်။ နောက်လေးငါးလနေလျှင် မိမိရေးလက်စစာအုပ်ပြီးလောက်သည်။ ထိုအခါ စာမူခရလျှင် စုထားမည်။ အခန်းဖော်ပြောင်းသွားလျှင် နောက်လူ ထပ်မသွင်းနိုင်တော့။ မိမိနှစ်ယောက်စာပေး၍ နေမည်။

'ဝင်းစိုး' ပြောသလိုပါပဲ။

ဤအဆောင်ကခြံလေးဝင်းလေးနှင့်၊ စားရေးသောက်ရေးလည်းအဆင်ပြေသည်။ ကိုယ်စားချင်တာထပ်ချက်နိုင်း၍ရသည်။ နေမကောင်းလျှင်လည်း ဂရုတစိုက်လာပြုစုပေးသည့် အဘိုးကြီးအဘွားကြီးတွေရှိသည်။ မိသားစုဆန်သည်။

နောက်တစ်နေ့ မိမိရုံးလာချိန်တွင် ခါတိုင်းလိုအခန်းကို သော့ပိတ်ထားခဲ့၍မရတော့။ သော့အပ်ခဲ့ရသည်။ အခန်းထဲသို့ ကွပ်ပြစ်တစ်လုံးစားပွဲခုံတစ်လုံး လာထည့်ကြမည်။ လူသစ်ကလည်း အခန်းထဲပစ္စည်းတွေလာထည့်မည်ဟုပြောသည်။

'ဒေါ်ဝင်းခင်' က အသစ်ရောက်လာသည့် ဟိုတယ်ဝန်





ထမ်းပေါက်စလေး၏ အိပ်ယာလိပ်နှင့်ပစ္စည်းအတိုအထွာများကို သယ်ပြီး အပေါ်ထပ်တက်လာခဲ့သည်။ မိမိနောက်သို့ 'ရဲဝင့်' ပြေးလိုက်လာသဖြင့် ...

"ဟဲ့ ဟဲ့ သွား သွား... ညည်းအဖေမြင်ရင်ဆူလိမ့်မယ် ကောင်လေးတွေပြန်လာရင်လည်း မကောင်းဘူး"

"အမေကလည်း အဖေလည်းပြန်မရောက်လောက်သေးပါဘူး... ဟိုလူတွေက မိုးချုပ်မှပြန်ရောက်လာကြပြီး အဲ့ဒီလူရဲ့အခန်းထဲကိုဝင်ကြည့်ချင်လွန်းလို့ပါ... သူကဆောင်းပါးတွေ ဝတ္ထုတိုတွေဝတ္ထုရှည်တွေ ရေးတယ်လို့သာကြားထားတာ သူ့နာမည်လည်းမသိရလို့ ကလောင်နာမည်သိချင်လို့ပါ... တကယ်မရေးဘဲ ဟန်လုပ်ပြီး စာတွေဖတ်ပြရေးပြလုပ်နေတာလားမှမသိတာ... ခဏလေးဝင်ကြည့်ချင်လို့ပါ"

'ဘဝဆိုတာ အိပ်မက်တစ်ခုပါပဲ'

'လောကဆိုတာ ငါ့ရဲ့အတွေးတစ်ခုပဲ'

ကမ္ဘာဆိုတာငါရှိနေလို့ သိနေရတာ'

'နေဆိုတာ ငါကြည့်လို့မြင်ရတာ'

'အာကာသအတွင်း၌ လောကကြီးသည် (ကမ္ဘာကြီးသည် အဆုံးအစမရှိ (နတ္ထိထာဝရ) ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကိုယ်ကိုအထင်ကြီးပြီး ငါတော်လှသည် ချမ်းသာလှသည် ကြော်ကြားလှသည်ထင်နေသောသူများကိုသနား၏၊ လူသားတစ်ယောက်အတွက် ကျယ်ဝန်းလှသည်ဟုထင်ရသော ကမ္ဘာကြီးသည်ပင် စကြာဝဠာတစ်ခွင်တွင် ဆန်မှုန့်တစ်မှုန့်မျှသာဖြစ်၍ ထိုစကြဝဠာသည်လည်း အနန္တစကြာဝဠာတွင်သေးငယ်သောအရာဝတ္ထုလေးသာဖြစ်၍ ငါသည်ဘာမှမဟုတ်တဲ့ကောင်ပါလားဆိုတာ သိဖို့လိုသည်။

'လူသား၏အဓိပ္ပါယ်မဲ့သောဘဝ'

'လူကလေး မင်းမွေးလာပြီလား ခံပေဦးတော့ဒုက္ခ'

'လူအချင်းချင်း ကြောက်စရာမလို'

'ကိုယ့်ကိုယ်ကို အားကိုးပါ'

'လူသားသည် ကိုယ့်ကိုယ်ကိုအချစ်ဆုံးဖြစ်သည်'

'ကြီးကျယ်မြင့်မြတ်တဲ့လူဆိုတာ သေးသိမ်ညံ့ဖျင်းတဲ့စိတ်ခံစားမှုတွေကို ဘယ်တော့မှမခံစားဘူး'

(ဖရန့်ဆစ်ဘေကွန်)

နံရံတွင်ရေးပြီးကပ်ထားသော 'ကိုညီထွန်း' ၏စာများဖြစ်သည်။

"ကံကြမ္မာဆိုသည်ကား အရည်အချင်းရှိသူအား ဦးညွှတ်





ရမြဲဖြစ်သည်။ ထိုသူ၏ ဆွဲခေါ်ရာနောက်သို့လိုက်ပါရစမြဲဖြစ်၏။"

(ဗော်တိုင်းယား)

'အတွေးအခေါ်ရှိတဲ့ယောကျ်ားတိုင်းဟာ အားနွဲ့တဲ့မိန်းမတွေအတွက် အချစ် လို့ခေါ်တဲ့ ဟာသဇာတ်လမ်းထဲမှာဘယ်သူမှဝင်မကကြဘူး'

(အာသာရှိုပင်ဟောင်းဝါး)

"ဟွန်း မှန်းစရာကောင်းလိုက်တာ... လူပုံစံတွင်မာကြောတာမဟုတ်ဘူး သူ့ရဲ့ဆောင်ပုဒ်တွေကိုက အထီးကျန်ဆန်လွန်းပြီး မာန်မာနတွေများလွန်းလိုက်တာ"

'ရဲဝင့်' ကထိုကဲ့သို့ပြောပြီးနောက် စားပွဲပေါ်မှစာအုပ်တစ်အုပ်ကိုဆွဲယူပြီး ကုတင်ပေါ်တွင်ထိုင်၍ ဟိုလှန်ဒီလှန်လုပ်နေစဉ်...

"ဩော် 'မောင်ညီထွန်း' ဘာကျန်ခဲ့လို့လဲကွဲ့"

မိခင်၏ အမေးကြောင့် 'ရဲဝင့်' မျက်နှာမှာပြာသွားခဲ့သည်။

"ဟုတ်ကဲ့ သူဖတ်နေတဲ့စာအုပ် ကျန်ရစ်ခဲ့လို့"

ထိုစကားကြောင့် 'ရဲဝင့်' ကကိုင်ထားသောစာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မြွေပွေးခါပိုက်ပိုက်ထားမှန်းသိလိုက်သဖြင့် ကြောက်ခြင်းရွံ့ခြင်း ထိတ်လန့်ခြင်းပုံစံများဖြင့် အိပ်ယာပေါ်ပစ်ချလိုက်ပါသည်။ မိမိကိုပြူးကျယ်ဝိုင်းစက်သော မျက်လုံးကြီးများဖြင့် တစ်ချက်စိုက်ကြည့်ချိန်တွင် 'ဒေါ်ဝင်းခင်' ကလည်း သူမဘက်လှမ်းကြည့်နေမှန်းသိလိုက်ရသဖြင့် အံကြိတ်မျက်မှောင်ကြုတ်ရင်းလက်သီးနှင့်ထိုးမည့်ပုံစံလုပ်ရင်း ကုတင်ပေါ်မှဆင်းရန် မျက်ရိပ်မျက်ခြေလုပ်ပြလိုက်မိသည်။

ခြေဆောင့်၍ထွက်သွားသော 'ရဲဝင့်' ကြားအောင်…

"ဒေါ်ဒေါ်ဒီအခန်းထဲကို ဘယ်အချိန်ဝင်ဝင် ကျွန်တော်ခွင့်ပြုနိုင်ပေမယ့် တခြားဘယ်မိန်းမကိုမှ ကျွန်တော်ဝင်ခွင့်မပြုချင်ဘူး… ဒါကြောင့် နက်ဖြန်ကစပြီး အခန်းဝမှာစာတမ်းတစ်ခုချိတ်ချင်ပါတယ်… မိန်းမမဝင်ရဆိုတဲ့ဆိုင်းဘုတ်တစ်ခုလေ… ဒါပေမဲ့ ဒေါ်ဒေါ့်ကိုရည်ညွှန်းတာမဟုတ်ဘူးနော်"

'ဒေါ်ဝင်းခင်' ၏ မျက်နှာမှာသိသိသာသာ ပျက်သွားခဲ့ပါသည်။ လူကြီးရှက်တော့ရယ်ဆိုသလို ရယ်ရင်းက…

"အေးပါကွယ် ဒေါ်ဒေါ်ဒီဘက်ကိုအမြဲမရောက်ပါဘူး… ဒီအခန်းမှာဝင်မယ့် ဟိုတယ်ဝန်ထမ်းလေးက ဒေါ်ဒေါ့်ကျောင်းနေဘက်သူငယ်ချင်းမရဲ့သားလေ… ကောင်လေးက နေ့ခင်းဘက်





အခန်းထဲဝင်ပြီးနားချင်တယ်ဆိုလို့ လာပြင်ဆင်ပေးနေတာပါ"

'ရဲဝင့်' က အခန်းဝသို့ဝုန်းကနဲ ပြန်ရောက်လာပြီး…

"အို မေမေကဘာတောင်းပန်နေတာလဲ… လူကြီးသူကြီးမှန်းမသိ ရှိသေရမှန်းမသိတဲ့အရိုင်းအစိုင်းမျိုးကို လက်ခံနေစရာမလိုဘူး… ရှင် ဒီကနေအခုချက်ခြင်းပြောင်းသွားပါ"

ခါးနှစ်ဖက်ထောက်၍ မျက်လုံးကြီးပြူး၍ လက်ညှိုးငေါက်ငေါက်ထိုး၍ ရန်ထောင်နေသောသူမကို ဝါးစားပစ်ချင်သောပုံစံဖြင့် ခါးထောက်၍စိုက်ကြည့်နေပြီးမှ…

"ဒီကိစ္စကမင်းဆုံးဖြတ်လို့မရဘူးလေ… ဒီအခန်းထဲကိုလာပို့သွားတာကဦးလေးပဲ… ဦးလေးမထားဘူးဆိုရင် ငါအခုချက်ခြင်းထွက်ပေးမှာ"

ထိုစကားကိုတစ်ဖက်ခန်းတွင် ငြိမ်နားထောင်နေသော 'ဦးကျော်' က ယခုလိုတုံ့ပြန်ပါသည်။

"ဘာမှပြောင်းစရာမလိုဘူး 'အောင်နိုင်ဦး'… မင်းဘက်က ဘာအပြစ်မှမကျူးလွန်ထားသလိုဒီအခန်းကိုမင်းငှားထားတာဆိုတော့ အခန်းခပေးနေသ၍ ငါမောင်းမထုတ်သ၍ မင်းပိုင်တယ် မင်းမကျေနပ်တာရှိရင် ငါ့ကိုလာပြော"

ဖခင်၏သူစိမ်းကိုမြှောက်စားသောစကားကြောင့် 'ရဲဝင့်'



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအိမ်တွင် မျက်ရည်တွေပြည့်လျှံသွားပြီး အံကြိတ်၍လှည့်ထွက်သွားကြောင်းတွေ့ရသည်။

“ရှင်ဘယ်လိုလုပ်လိုက်တာလဲ... သူစိမ်းယောကျ်ားပျို တစ်ယောက်ရှေ့မှာ ကိုယ့်သမီးကိုနှိမ်လိုက်တော့ ရှင့်အတွက်ဘာအကျိုးရှိသွားသလဲပြော... တခြားအဆောင်သမားတွေမရှိလို့ တော်သေးတာပေါ့... အားလုံးအထင်သေးအောင်တော့မလုပ်ပါနဲ့ရှင်... ကျုပ်သမီးကအပျိုလေးပါ... အညွန့်တလူလူနဲ့ပါသိပ်မနှိမ်ပါနဲ့”

ပြောရင်း ‘ဒေါ်ဝင်းခင်’ က တရှုံ့ရှုံ့ငိုသည်။

“အဲ့ဒါခက်တာပေါ့မိန်းမရာ... ဆန် ရင်းနှာနှာဖွတ် ဆိုတဲ့စကားရှိတယ်လေ... အခုကိစ္စက ကိုယ့်အိမ်ကစမှားနေတာ စည်းကျော်နေတာ ယောကျ်ားလေး အခန်းထဲကိုဝင်တယ်... ယောကျ်ားလေးကတင်ပေါ်တက်ထိုင်တယ်... ပိုင်ရှင်မရှိတဲ့စာအုပ်တွေလျှောက်ဖတ်တယ်... သူစာအုပ်ဖတ်နေရင်းတန်းလန်းကြီးပက်ပင်းတိုးတယ်... ကိုယ့်သမီးဘက်ကမှားနေတာလေ... ကဲ တခြားအဆောင်တွေကို ဒီမိသားစုကဒီလိုအကျင့်ရှိတယ်ဆိုပြီး လျှောက်ပြောရင် မခက်ဘူးလား ဒါကြောင့် ဒီကောင်ထက်ပိုပြီး စည်းကမ်းရှိတယ် ပြတ်သားတယ်ဆိုတဲ့ ပုံစံမျိုးရောက်အောင်





ပြောလိုက်တာ နောက်တစ်ခု ဒီကောင့်ကိုသဘောကျတာကဒီကောင်လိုမျိုး နှစ်ကောင်လောက်ရှိရင် တခြားကောင်တွေသိပ်သောင်းကျန်းရဲမှာမဟုတ်ဘူး... မင်းဘာသိလဲ... တချို့အဆောင်တွေမှာ သူတို့ရည်းစားလိုလို ရည်းစားမဟုတ်တဲ့ကောင်မလေးတွေကိုပါ အခန်းထဲခေါ်ညှိခံတတ်တာတဲ့... ဒီကောင်ကလူဖြောင့် စိတ်တို သဘောကောင်းတဲ့အကောင်တွေကြီးပဲရှိနေရင် မင်းသမီးကိုမြှောက်ပင့်ပြီး ခိုင်းစားမယ် ဟိုဟာလေးဝယ်ပေးဒီဟာလေးဝယ်ပေးပြီး ကြိုက်သလိုလို ကြင်နာသလိုလိုလုပ်ပြီး တစ်ကယ်မချစ် တကယ်မယူဘဲ လစ်ပြေးသွားရင် ငါ့သမီးပဲ လွမ်းကျန်ရစ်မှာ ငါဖြစ်ချင်တာပြောရရင်တော့ တစ်ဆောင်လုံးမှာရှိတဲ့ကောင်တွေအားလုံး ‘နိုင်ဦး’ လိုခပ်ဆိုးဆိုးခပ်ရိုင်းရိုင်းဆိုပိုတောင်ကောင်းသေးတယ်”

“ရှင်ပဲ လင်မြန်မြန်ရရင်ကောင်းမယ်ဆို ရှင်လုပ်ပုံနဲ့ တစ်ယောက်မှတောင် ကြိုက်ကြတော့မှာမဟုတ်ဘူး”

“အရင်ကတော့ ငါ့လုပ်စာတစ်ခုနဲ့ မလောက်မငှဖြစ်နေတာ သူ့နောင်ရေးကိုစိတ်ပူပြီး စိတ်တိုပြီးပြောမိတာပါကွာ ခုလိုအဆောင်လခနဲ့နေလို့လောက်တယ်ဆိုတော့လည်း သူ့အတွက် မပူတော့ဘူး ... လင်မရလည်း တစ်သက်လုံးအဆောင်ဖွင့်စား



www.burmeseclassic.com

www.burmeseclassic.com



လို့ရတာပဲ မဟုတ်ဖူးလား"

"ဒီလိုပဲပြောလို့ဘယ်ရမလဲတော့... ဘဝအဖော်ဆိုတာကတော့လိုဦးမှာပေါ့... သူ့ကိုကြင်နာမယ့်သူ တာဝန်ယူမယ့်လူရှိရင်တော့ ပိုစိတ်ချရတာပေါ့"

"'လင်းဆင့်' လည်းမိန်းမယူမယ့်ပုံမပေါ်ပါဘူး... မောင်နှမနှစ်ယောက်အဖော်ဖြစ်သွားတာပေါ့"

ယောကျ်ားစင်စစ်မွေးထားခဲ့ပါသော်လည်း မိန်းမအစစ်ထက်အလှအပအနအရွပိုကြိုက်သော 'လင်းဆင့်' အတွက်မိခင်က ပိုပူမိသည်။

"ရှင်ထင်သလား ရှင့်သားကမိန်းမတော့ယူမှာမဟုတ်ဘူး သူ့ကိုခင်တဲ့ယောကျ်ားတွေနဲ့တွေ့ရင် အစ်မကိုသတိမရတော့ဘူး အဲ့ဒါတွေနဲ့အဖွဲ့ကျပြီး တကောက်ကောက်လိုက်ပြီးပျော်နေတော့တာပဲ"

'ဦးကျော်' က ပါးစပ်မှကျစ်ကနဲမြည်အောင်စုတ်သပ်ပြီး မျက်နှာကိုမဲ့လက်ကိုခါရင်း...

"စိတ်ပူမနေနဲ့... ယောကျ်ားလေးဆိုတော့ အရှက်တကွဲဖြစ်နိုင်တာမှမဟုတ်ဘဲ... အချိန်တန်သူကြိုက်တဲ့မိန်းကလေးတွေ့သွားမှာပဲ... မင်းသားလည်းလူချောပဲဟာ"





"မိန်းမတွေကရုပ်ကိုကြည့်တာမဟုတ်ဘူး... ဒါကိုကြည့်တာ"

လက်မနှင့်လက်ညှိုးကိုဝိုင်းပြရင်း ပြောခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၄

"ဟော့ 'စန္ဒာ' အဲ့ဒါ ငါတို့အိမ်မှာလာနေတဲ့စာရေးဆရာလေ... နာမည်ကြီးလွန်းလို့ ငါတော့ သူ့ကလောင်နာမည်ကိုမသိဘူး... ဟီး... ဟီး"

ရုပ်မမြင်သော်လည်း အသံကြားယုံဖြင့် 'ရဲဝင့်' မှန်းသိပါသည်။

သူမစကားကြောင့် 'ညီထွန်း' ခြေလှမ်းမမှားအောင် သတိထားလျှောက်နေရသည်။

'စန္ဒာ' တို့အိမ်တွင် အပျိုမ သုံးယောက်ခန့်ရှိမှန်း 'ညီ





ထွန်း' သိသည်။ မိမိရုံးသွားချိန်တွင် ထိုသုံးယောက်လည်း တစ်နေ့တစ်မျိုးပုံစံအမျိုးမျိုး ဖိနပ်အမျိုးမျိုး ပိုက်ဆံအိတ်အမျိုးမျိုး ခေါင်းပေါ်မှာကလစ်တွေ ဖဲပွင့်တွေ ဘီးကုတ် အမျိုးမျိုးနှင့် ရှိုးစမိုးထုတ်ပြီး မိမိကိုကြာမျိုးစုံပစ်ရန် ကြည့်သွားတတ်ကြသည်။

တော်တန်ယုံနေ့ဆိုလျှင် သူမတို့၏ ကြာမျက်လုံး မှော်မျက်လုံး၊ ကဝေမျက်လုံး၏ အကြည့်ကြောင့် အရည်ပျော်လောက်ပါသည်။

မှန်ပါသည်။ 'ရဲဝင့်' ပြောသလိုပင် မိမိကလောင်နာမည်ကို မိမိ၏မိသားစုပင်လျှင်မသိ။

မဂ္ဂဇင်းသို့ မိမိဆန္ဒပြင်းပြလွန်းသောအချိန်တွင် ဝတ္ထုတိုဝတ္ထုလတ် ဝတ္ထုရှည်စဆုံးတို့ ရေးပို့စမြဲ။

မဂ္ဂဇင်းတိုက် ရွေးသည့်လတွင်ရွေးသည်။ မရွေးသည့်စာမူများကို ဖိုင်တွဲထဲတွင်မိတ္တူကူးပြီးသိမ်းထားပြီးသား။

လွန်ခဲ့သည့်ငါးနှစ်တည်းက ရေးပို့နေခဲ့ခြင်းဖြစ်သည်။ စာအုပ်တစ်အုပ်ထုတ်၍ရသည့်အခါ မဂ္ဂဇင်းတိုက်က ဆက်သွယ်လာသည်။ မိမိ၏ဝတ္ထုတိုများကိုနှစ်သက်သူများကြောင်း၊ ၎င်းတို့စာအုပ်တိုက်မှပင် ဝတ္ထုတိုများကိုစုစည်း၍ စာအုပ်တစ်အုပ်အဖြစ်ထုတ်ပေးမည့်အကြောင်း၊ အကြောင်းကြားလာသလို စာမူခလာ



www.burmeseclassic.com

www.burmeseclassic.com



ယူပါရန်၊ နောက်ထပ်ဝတ္ထုအတိုအရှည်များဆက်ရေးရန် အားပေးလာသလို လုံးချင်းဝတ္ထုတွေလည်းရေးရန် တိုက်တွန်းလာသည်။

ထိုကဲ့သို့အကြောင်းကြားလာသဖြင့် အံ့သြဝမ်းသာပြီး အိပ်၍လည်းမပျော်၊ စား၍လည်းမဝင်ဖြစ်တာ တစ်ပတ်လောက်ကြာသွားသည်။ မိမိ၏နံဘေးတွင် ဝမ်းသာ၍လည်းဖွင့်ပြောရမည့်သူမရှိပါ။ ဝမ်းနည်းလျှင်လည်း ရင်ဖွင့်ရမည့်သူမရှိပါ။ ထို့ကြောင့် ပုံမှန်အနေအထားရောက်သွားအောင် အချိန်ကကုစားသွားခဲ့ပါသည်။

မိမိ အကျင့်ကမကောင်း။

မိမိကိုမည်သူကမျှမတိုက်တွန်းခဲ့ပါဘဲ မနေနိုင်မထိုင်နိုင်စာရေးခဲ့ခြင်းဖြစ်သည်။ ရုံးကခွင့်ယူ၍ပင် ရေးခဲ့ခြင်းဖြစ်သည်။ တကယ်တမ်းရေးပေးပါလို့ တောင်းဆိုလာသောအခါ 'ညီထွန်း' သုံးလေးလခန့်ကြာသည်အထိ ရေး၍မရ။

ဝါသနာကတော့ ပျောက်သွားသည့်သဘောမရှိပါ။ စိတ်တည်ငြိမ်ပြီး ရုံးသွားရုံးပြန်ရုံးထိုင်နေချိန်များတွင် ရေးကွက်လေးတွေရလာတော့ ပိုးပြန်ဝင်လာခဲ့သည်။ ယခုဆိုလျှင်နောက်ထပ်ဝတ္ထုတိုများစုစည်းထုတ်ဝေနိုင်ဖို့ သိပ်မလိုတော့။ စာမျက်နှာလေးဆယ်ခန့်သာလိုတော့သည်။ ဆယ်ရွက်ဝတ္ထုတိုနှစ်ပုဒ်နှင့် စာမျက်





နှာနှစ်ဆယ်ဝတ္ထုရှည်စဆုံးတစ်ပုဒ်ပို့ပြီးလျှင် နောက်တစ်အုပ်ထွက်နိုင်ပြီ။

ရုံးမှာလည်း စာရေးဆရာ 'လူ' ၏ဝတ္ထုတိုလေးများဖတ်ရှုကောင်းကြောင်း အတွေးအခေါ်တွေကောင်းကြောင်း ကြားနေရသည်။

ဈေးထဲမှာစာအုပ်ဆိုင်တွေမှာ လူငယ်စာရေးဆရာ 'လူ' ၏ဝတ္ထုတိုဝတ္ထုရှည်များကို တောင်းတနေကြောင်းသိရသည်။

'မှတ်ချက်။ 'လူ' ဆိုသည့်ကလောင်နာမည်တူရှိလျှင် တိုက်ဆိုင်မှုသာဖြစ်ပါကြောင်း' (စာရေးသူ)

မိမိသည်စာရေးဆရာ 'လူ' ဆိုတာ မဂ္ဂဇင်းတိုက်ပိုင်ရှင်တစ်ယောက်သာသိပါသည်။

'ရဲဝင့်' တို့မသိဘူးဆိုတာ လက်ခံပါသည်။

ရုံးမှပြန်လာပြီး ရေမိုးချိုးပြီး ရေလဲပုဆိုးလှမ်းဖို့ ဝရံတာတွင်ပုဆိုးကို ခပ်ကြမ်းကြမ်းခါလိုက်မိသည်။

"ဖြန်း..."

ဆိတ်ငြိမ်နေသောပတ်ဝန်းကျင်လေး လန့်ဖြန့်သွားပုံရသည်။ တစ်ဖက်ခြံမှ ကြက်တစ်ကောင်ပင် အသံမျိုးစုံအော်မြည်ထပျံသွားခဲ့သည်။ ခြံထဲဝင်လာသော 'ရဲဝင့်' လည်းလန့်ပြီးတုန်



www.burmeseclassic.com

www.burmeseclassic.com



သွားရှာသည်။ 'ညီထွန်း' မှန်းသိတော့ နှုတ်ခမ်းကိုဆူမျက်စောင်းကိုထိုး၍ ထမီကိုမကာ သူမတို့အိမ်ပေါ်ခြေသံပြင်းပြင်းဖြင့်တက်သွားခဲ့သည်။

" 'ကိုညီထွန်း' လက်ဘက်သုတ်စားပါဦးဗျ"

အခန်းဖော် 'သိန်းနိုင်ဦး' က လက်ဘက်ပန်းကန်လေးနှင့်ဝင်လာရင်းပြောခြင်းဖြစ်သည်။ 'ညီထွန်း' က အနည်းငယ်ပြုံးရင်းခေါင်းခါပြသည်။

"စားပါဗျာ... 'ကိုညီ့' အတွက်ပါ ပိုသုတ်နိုင်းထားတာ အမြဲငြင်းနေတာပဲ"

"နောက်ဆိုရင် ပိုမလုပ်လာနဲ့ကိုယ့်ညီ"

"ပြန်မကျွေးနိုင်ပါဘူးဗျာ"

"ပြန်မကျွေးနိုင်လို့ မတုံ့ပြန်နိုင်လို့ မစားတာလည်း ဟုတ်တယ်... ပြီးတော့လူမှာအကျင့် ဝမ်းမှာအချင့်တဲ့... အကျင့်ပျက်မှာစိုးတယ်... ဒီနေ့စားထားရင် နောက်တစ်နေ့ဒီအချိန်ဗိုက်ဆာလာမယ်... မောင်ရင်ကနေ့တိုင်းကျွေးမှာမဟုတ်ဘူးလေ... အကောင်းဆုံးက ဒီအချိန်ဆိုထန်းလျက်ခဲတစ်လုံးလောက်စားပြီး ရေတစ်ခွက်လောက်သောက်လိုက်တယ်... ခြောက်နာရီလောက်ကျရင် ထမင်းသွားယူစားလိုက်တယ်... ညဘက်ဗိုက်ဆာရင် မုန့်





ကျွတ်ထိုင်ဝါးပြီး ရေသောက်လိုက်ရင်ဗိုက်ကိုကားလို့"

ထိုစကားကြောင့် 'သိန်းနိုင်ဦး' က ရယ်သည်။

"ထမင်းစားခါနီးကြီး မောင်ရင်က ဒါတွေဘာလို့စားနေတာတုန်း... ညဘက်ဗိုက်အောင့်နေဦးမယ်"

"ကျွန်တော်က ဟိုတယ်ကျမှစားမှာလေ... ညဘက်အလုပ်ဆင်းတာဆိုတော့ အိပ်မငိုက်အောင် လက်ဘက်ရည်သောက်ရင်း လက်ဘက်သုတ်စားရင်း မျက်လုံးကျယ်အောင်လုပ်ရင်း အကျင့်ပါနေပြီး 'ကိုညီ' မုန့်ကျွတ်တို့ကိတ်မုန့်ခြောက်တို့ကြိုက်ရင် ကျွန်တော်ယူလာပေးမယ်... မုန့်ဖုတ်ဌာနဘက်မှာ ကျွန်တော့်သူငယ်ချင်းရှိတယ်"

"နိုး နိုး မယူလာနဲ့"

"ဝယ်လာပေးမှာပါဗျာ ဈေးသက်သက်သာသာနဲ့ရလို့ပါ"

"ခက်ပါလား ကဲ ဝယ်လာရင်လည်း ငါပိုက်ဆံနဲ့ပြန်ဝယ်မယ်... သူများဆီက အလကားမစားတတ်ဘူး"

စကားမဆက်ချင်သဖြင့် ကျောခိုင်းပြီး အဝတ်ဘီဒိုကိုရှင်းသည်။

" 'ကိုညီ့' ဆီမှာစာအုပ်တွေအရမ်းများတာပဲနော် 'ကိုညီ'



www.burmeseclassic.com

www.burmeseclassic.com



က စာတွေဘာတွေရေးတယ်ဆို"

"ဘယ်သူပြောလဲ"

မျက်လုံးကြီးပြူး မျက်ခုံးနှစ်ဖက်တွန့်ပြီး တရားခံစစ်သလိုစစ်နေသဖြင့် 'သိန်းနိုင်ဦး' လန့်သွားပါသည်။

"ဟိုလေ ဦးလေးနဲ့ ဒေါ်လေးကပြောတာပါ... 'ကိုညီ' က စာရေးစာဖတ်လုပ်တယ်တဲ့... မနှောင့်ယှက်နဲ့တဲ့... ဒါကြောင့် 'ကိုညီ' ဘယ်အချိန်တွေရေးတာလည်းဆိုတာ သိချင်လို့ပါ မျက်စေ့မနှောက်အောင် နားမငြီးအောင်နေပေးချင်လို့မေးတာပါ"

"ဒီအခန်းကိုကိုယ်တစ်ယောက်တည်း ငှားထားတာမှမဟုတ်ဘဲ... နေပါ မောင်ရင်လွတ်လွတ်လပ်လပ်နေပါ... ကိုယ်က ရုံးသမားဆိုတော့ စာရေးချိန်အတိအကျမသတ်မှတ်ထားပါဘူး... ရုံးပိတ်ရက်နဲ့ ညဘက်မအိပ်ချင်ရင်ရေးတာလောက်ပါပဲ... နာမည်လည်းမကြီးတော့ ဖုတ်ပူမီးတိုက်လာလောနေတဲ့ ထုတ်ဝေသူလည်းမရှိပါဘူး... ဝတ္ထုတိုလေးတစ်ပုဒ်ကိုတောင် တစ်လနဲ့ပြီးချင်မှပြီးတာ... ခုမှမဂ္ဂဇင်းတိုက်တွေကို ပို့တုန်းရှိသေးတာပါ"

မယုံသော်လည်း ထပ်မမေးရဲတော့သဖြင့် ခေါင်းညိတ်လိုက်ရသည်။

"အဲ မောင့်ရင့်ကိုတစ်ခုပဲမှာချင်တယ်... အခန်းဝမှာစာ





တန်းလေးကပ်ချင်တယ်... ခွင့်ပြုပေးပါ"

"ဟာ ရပါတယ် 'ကိုညီ' ရာ... ခွင့်တောင်းစရာမလိုပါဘူး... ဘာစာတန်းမို့လို့လဲ"

အိပ်ယာအောက်တွင် အချပ်လိုက်ထည့်ထားသောအဖြူရောင်ကဒ်ပြားတစ်ခုကိုဆွဲထုတ်ပြီး စားပွဲပေါ်တင်လိုက်သဖြင့် လှမ်းကြည့်လိုက်မိသည်။

'မိန်းမဝင်ရ'

အသံထွက်၍ဖတ်ကြည့်ပြီးနောက် ရယ်ကျဲကျဲမျက်နှာဖြင့်...

"'ကိုညီ' က မိန်းမတွေကိုမုန်းနေတာကိုး... သစ္စာမဲ့တဲ့ အမျိုးသမီးနဲ့တွေ့ခဲ့လို့ထင်တယ်"

"ဆိုပါတော့"

တူသေးသေး၊သံသေးသေးကိုလည်း စားပွဲအံဆွဲထဲတွင် အမြဲဆောင်ထားပုံရသည်။ အံဆွဲထဲတွင် ခဲတံ၊ ခဲဖျက်၊ ဘောပင် ပေတံနှင့်ရောင်စုံဖူးကအစရှိသည်။

အခန်းဝတွင်ထိုစာတန်းချိတ်ပြီးသောအခါ ထမင်းသွားစားဦးမည်ဟုပြောပြီး အောက်ထပ်ဆင်းသွားခဲ့သည်။

'သိန်းနိုင်ဦး' တစ်ယောက် ဝမ်းနည်းသလိုလို အားငယ်



www.burmeseclassic.com

www.burmeseclassic.com



သလိုလိုဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ မိမိ၏အခန်းဖော်သည် မိမိအတွက် အဖော်မဖြစ်လာသလို မိမိသည်သူ့အတွက်အနှောင့်အယှက်ဖြစ်နေပုံပါပဲ။ သည်လိုမှန်းသိလျှင် ဟိုဘက်အခန်းကိုယူခဲ့မှာပါ။ ခုမှပြန်လဲရင်စော်ကားသလိုဖြစ်ဦးမည်။

တခြားအဆောင်ပြန်၍လည်း ရမည်မဟုတ်။ အမေကဒီအဆောင်မှာ အစစအဆင်ပြေစေချင်၍ ပို့ပေးခဲ့ခြင်းဖြစ်သည်။ အင်းပေါ့လေ သူ မကြိုက်လျှင် ပါးစပ်ပိတ်ထားနိုင်အောင်ကြိုးစားရမည်။

တော်ပါသေးသည်။ သည်လိုလူမျိုးနှင့် တစ်ခန်းတည်းအတူနေရသော်လည်း နေ့အလုပ်သွားရသူနှင့်ညအလုပ်သွားရသူတွေဖြစ်နေ၍ ဆုံတွေ့ချိန်နည်းလှသည်။ မိမိအလုပ်နားသည့်နေ့တွင်လည်း နေ့ခင်းဘက်သာပြန်လာပြီး ညဘက်ဟိုတယ်မှာပဲအိပ်လိုက်တော့မည်။

"မိုးကကွက်ကြားရွာနေတာ ကိုယ့်လူ... ငါတို့ဟင်းပန်းကန်ထဲမှာအသားဖတ်ကို ဒိုင်ဗင်ထိုးပြီးရှာတာတောင် မတွေ့ပေမယ့် 'တင်မောင်သန့်' များစားခါနီးသွားယူရင် ထမင်းပုံအောက်ထဲမှာ အသားတုံးတွေဖွက်ဖွက်ပြီး ထည့်ပေးလိုက်တာကိုယ့်လူ... သမီးရောအမေရော မေတ္တာမိုးတွေရွာသွန်းဖြိုးနေပုံရပါရဲ့"





"မင်းတို့လည်း စားခါနီးကျမှပဲ သွားယူကြပေါ့ကွာ"

မိမိကိုကြည့်ပြီးပြောနေကြသဖြင့် 'ညီထွန်း' က·အကြံပေးလိုက်ခြင်းဖြစ်သည်။

"သွားပြီးပြီဗျ... အီစကိုယ်တို့သွားရင် အမေရောသမီးရောအရိပ်အယောင်မမြင်ရတော့ဘူး... ဟင်းဖတ်ကလည်းချောတဲ့လူနောက်ကိုမှ ရွေးလိုက်ချင်တာကို"

မိမိ၏ထမင်းဂျိုင့်ကိုဖွင့်လိုက်သောအခါ ဂေါ်ဖီထုပ်ကြော်၊ အချဉ်သုတ်၊ အားလူးနှင့်ကြက်သား အရည်ကျဲကျဲ၊ ကြက်သားဖတ်ကအမြင်တော့လှသည်။ အရိုးကြီးကြီးတွင်အသားဖတ်ကခပ်ပါးပါးကပ်နေသည်။ အသည်းဖတ်ကတော့တစ်ဖတ်။

"ရော့ မောင်ရင်တို့စားလို့မလောက်ဘူးမဟုတ်လား... ကိုယ့်ဟင်းခွက်ကိုယူလိုက်"

"ဟာ ရပါတယ်... 'ညီထွန်း' ပဲစားပါ"

"ကိုယ် သက်သတ်လွတ်စားတယ်"

'ညီထွန်း' သက်သတ်လွတ်မစားမှန်းသိသည်။ မနက်ကပဲငါးကြော်စားရင်း အရိုးဆူးသေးသည်။ ဧကန္တမိမိတို့ကြက်သားတစ်တုံးနှိုက်စားထားတာသိသွားလို့ တမင်အရွဲ့တိုက်ပြီးခေါ်ပေးပုံရသည်။ ထို့ကြောင့် စားချင်လျှက်နှင့်ခေါင်းတရမ်းရမ်းလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

နောက်တစ်နေ့မနက် ‘ညီထွန်း’ ကော်ဖီဖျော်သောက်ရန် ရေနွေးသွားယူသောအခါ ‘ဒေါ်ဝင်းခင်’ က…

“‘မောင်ထွန်း’ သက်သတ်လွတ်ဘယ်နှစ်ရက်စားမှာလဲ ဒေါ်ဒေါ် ဘာချက်ပေးရမလဲ”

‘ဒေါ်ဝင်းခင်’ မျက်နှာကမကောင်း။

ဟိုကောင်တွေဂျောက်တွန်းထားပုံရသည်။

တကယ်တော့ ‘ဒေါ်ဝင်းခင်’ သည် အနေအေးပြီး၊စကားနည်းသူ မှုမှုတတရှိမှန်းလည်းသိပါသည်။ ထို့ကြောင့်လူကြီးကို စော်ကားသလိုမဖြစ်အောင်…

“ဟုတ်ကဲ့ ဒေါ်ဒေါ်… ကျွန်တော်သက်သတ်လွတ်ကိုးရက်စားမလို့ပါ… ဒါပေမဲ့ ကျွန်တော့်အတွက်သီးသန့်လုပ်ပေးဖို့မလိုပါဘူး… အလုပ်ရှုပ်နေပါ့မယ်… ဟင်းရွက်ကြော်နဲ့အချဉ်အစပ် တစ်ခုကနေ့တိုင်းပါနေတာပဲဆိုတော့ ဖြစ်ပါတယ်”

“ဘယ်ဟုတ်မလဲကွယ်… ပင်ပန်းတာမှမဟုတ်တာ…လုပ်ပေးမှာပေါ့… တစ်ခုတော့ရှိတယ်နော်… ဒေါ်ဒေါ်ကမျက်နှာ မလိုက်တတ်ဘူး… ကိုယ့်အဆောင်မှာလာနေတဲ့သူအားလုံး ကိုယ့်ဆီမှာထမင်းဂျိုင့်ယူစားတဲ့သူအားလုံးကို မှုမှုတတပဲစေတနာထား





တတ်ပါတယ်… ဘယ်သူ့ကိုမှဟင်းတစ်တုံး ပိုထည့်မပေးတတ်ပါဘူး… ‘မောင်တင်မောင်သန့်’ က သိပ်ဟင်းကောင်းကြိုက်တယ်လေ… ကြက်သားဆိုလည်း သီးသန့်ကြော်ခိုင်းတာ အဲဒီအတွက်သူကပိုက်ဆံသပ်သပ်ပေးတယ်ကွယ့်”

“ဗျာ ကျွန်တော်နဲ့ဘာဆိုင်လို့လဲ… သူ့ပိုက်ဆံနဲ့သူစားတာ… တစ်နေ့ဘယ်နှစ်ကောင်ကြော်စားစားပါဗျာ… ကျွန်တော့်ခေါင်းထဲမှာ အသေးဖွဲလေးတွေသိပ်မထည့်ထားတတ်ပါဘူး… တကယ်လို့ ဒေါ်ဒေါ်တို့နဲ့သူနဲ့သိပ်ခင်လို့စေတနာပိုထားလည်း ကျွန်တော်ဘာမှပြောပိုင်ခွင့်မရှိဘူး… မနာလိုစရာမရှိဘူး သူက အားလုံးနဲ့တည့်အောင်နေတဲ့သူလေ ကျွန်တော်က ဒေါ်ဒေါ်တို့ဆီကလျှံကျလာတဲ့စေတနာကိုလိုချင်ရင် ကျွန်တော်ကလည်း မေတ္တာထားနိုင်ရမှာလေ ကျွန်တော်ကအလုပ်သဘောပဲဆက်ဆံတတ်တဲ့ကောင်ဆိုတော့ သူများဆီကစေတနာကိုလည်း မမျှော်လင့်တာအမှန်ပါပဲ… ‘တင်မောင်သန့်’ ကြက်သားတုံးကိစ္စကို ကျွန်တော်လုံးဝစိတ်မဝင်စားဘူး ဒေါ်ဒေါ်”

“ဒေါ်ဒေါ် ရိပ်မိတယ် နောက်ကိုစားမကောင်းရင်လာပြောနော်… ပြီးတော့ ထမင်းဂျိုင့်ကိုစားခါနီးမှပဲလာယူနော် ကြိုပို့မထားတော့ဘူး ကလေးစိတ်နဲ့နောက်ပြောင်ပြီး နှိုက်စားထား



www.burmeseclassic.com

www.burmeseclassic.com



ကြရင်လည်း ဒေါ်ဒေါ်တို့ဘက်က ဟင်းပေးနည်းတယ်ထင်မှာ စိုးလေ ဒေါ်ဒေါ်တို့ကအဆောင်သားတွေကို မှီခိုပြီးစားနေကြတာ ဆိုတော့... အခန်းလည်းအမြဲလှပြည့်ချင်တယ် ထမင်းဂျိုင့်လည်း လှပြည့်စေချင်တယ်လေ"

"ဩော် ဟုတ်ကဲ့ပါ...ကျွန်တော်တကယ့်ကိုဟင်းကြီးမများ တတ်လို့ပါ အိမ်မှာတုန်းကဆို ငပိရည်နဲ့တို့စရာပဲ စားရတဲ့နေ့ တွေရှိတယ်... ဒီမှာကမှတစ်နေ့တစ်မျိုး မရိုးရဘူးလေ"

"နောက်ကို မကျေနပ်တာရှိရင်ပြောနော်... မင်းဦးလေး ကဆိုရင် မင်းကိုသိပ်အထင်ကြီးတာ... ပြဿနာတစ်ခုခုဖြစ်ရင် ဒေါ်ဒေါ်တို့ကိုပဲဆူတာကွဲ့"

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေး အေး"

အလုပ်နားရက်ဖြစ်၍ အခန်းရှင်းသည်။ စာအုပ်တွေရှင်း သည်။ စာရေးဖို့စိတ်ကူးတိုင်း ကက်စက်ကိုအရင်ဖွင့်ထားစမြဲ။ သို့သော် သီချင်းမဟုတ် ညိမ့်ညောင်းသာယာဖွယ်ကောင်းသော တီးလုံးတွေကို ရွေးကူးထားခြင်းဖြစ်သည်။ နတ်သျှင်နောင်၊ ပန်း မြိုင်လယ်၊ ပန်းတွေနဲ့ဝေ၊ ချစ်မိုးကြီး၊ ဂျင်မလေးဂျမ်းနှင့် စန္ဒယား လှထွဋ်၏ လက်ရွေးစဉ်တီးလုံးများက ဘယ်တော့နားထောင်နား





ထောင် ရိုးသွားသည်ဟူ၍မရှိ။

"ဝါး ဟား ဟား"

ရယ်သံမဟုတ်ပါ။ တစ်ဖက်အိမ်မှ 'ရဲဝင့်' ၏စိတ်ပျက် လက်ပျက်သမ်းဝေလိုက်သည့်အသံဖြစ်ပါသည်။

"အောင်မယ်လေးနော် ပျင်းစရာကောင်းလိုက်တာဘယ် ကိုလွှမ်းရမှန်းကိုမသိတာ"

ထိုအပြောကြောင့် 'ညီထွန်း' ပြုံးလိုက်မိပါသည်။

သို့သော် ကြာကြာ မပြုံးနိုင်ပါ။

'ရဲဝင့်' တို့အခန်းဆီမှ ကက်စက်သံရော ဂစ်တာသံပါ ကျယ်လောင်စွာ ဆူညံစွာထွက်ပေါ်လာသောကြောင့် 'ညီထွန်း' မျက်နှာမှာဆေးခါးကြီးသောက်ထားသော မျက်နှာကြီးဖြစ်သွား ရတော့သည်။

ကက်စက်ကလည်း စပီကာသေးသေးကို အံကျယ်ကြီး ဖွင့်ထားသဖြင့် အသံတွေကလုံးထွေးဆူညံပြီး စပီကာမှာထခုန် နေလောက်ပြီ။ ဂစ်တာကလည်း ကောင်းစွာမတီးတတ်သေးသ ဖြင့် တဒင်ဒင်တဒေါင်ဒေါင်မြည်နေသည်။ ဒီကြားထဲ 'ရဲဝင့်' နှင့် 'လင်းဆင့်' ၏ လည်ပင်းအညှစ်ခံရသလိုအော်နေသော နှိမ့် အမြင့်မညီသော ဆိုသံအော်သံများက ငရဲပြည်ရှိဒယ်အိုးကြီးထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့အရှင်လတ်လတ်ရောက်သွားသဖြင့် ကယ်ပါယူပါတဆာဆာ အော်နေသလိုမျိုးဖြစ်သည်။

ဆယ်မိနစ်ခန့်အော်နေရာမှ ရုတ်တရက်အသံရပ်သွားခဲ့သည်။ 'ညီထွန်း' အတွက်တော့ မိုးပေါ်မှသိကြားမင်းဆင်းလာသလိုပါပဲ။

ဖခင်ဖြစ်သူ 'ဦးကျော်' ၏ ဆူသံပူသံများကြောင့် 'ရဲဝင့်' တို့မောင်နှမဒေါပွနေချိန်တွင် 'ညီထွန်း' တစ်ယောက် ကျေနပ်သောမျက်နှာဖြင့် စာရေးနေပါတော့သည်။





## ၅

"'ရဲဝင့်' ရေ"

"ရှင်"

"ငါ့ကို သနပ်ခါးတုံးသွားကောက်ပေးစမ်းပါဦး"

"ဟင် ဘယ်သွားကောက်ရမှာတုန်း အဘွားရဲ့"

"လေတိုက်လို့တံခါးကြားမှာခုထားတာ အောက်ကျသွားပြီထင်တယ်"

ပြူတင်းပေါက်နားရှိစားပွဲတွင် စာထိုင်ရေးနေသော 'ညီထွန်း' ကိုမြင်သောအခါ 'ရဲဝင့်' ၏မျက်နှာမှာရာဘာမျက်နှာဖုံး



www.burmeseclassic.com

www.burmeseclassic.com



စွပ်လိုရှုံ့တွလိမ်တွန့်သွားပြီး မျက်စောင်းလှမ်းထိုးလိုက်သေးသည်။

ဘာရယ်လို့မဟုတ်သော်လည်း မျက်မှောင်ကြုတ်၍ တစ်ချက်တော့ပြန်ကြည့်မိသည်။ ပြီးတော့ကိုယ့်စာကိုယ် ဆက်ရေးနေလိုက်သည်။

"ဒုန်း..."

"အံမယ်လေး သေပါပြီ"

ငယ်သံပါအောင်အော်ပြီး မြေကြီးပေါ်တွင်ထိုင်ကာငယ်ထိပ်ကိုလက်ဖြင့်ဖိထားသော 'ရဲဝင့်' ကိုမြင်လိုက်ရသဖြင့် ရုတ်တရက်မတ်တပ်ရပ်ပြီး ကြည့်လိုက်မိသည်။

သူမက တအီးအီးငိုရင်းက 'ညီထွန်း' ရှိရာကိုမော့ကြည့်ပြီး...

"ဘာကြည့်နေတာလဲ... ခင်ဗျားနဲ့ဘာဆိုင်လို့လဲ"

ဒဏ်ရာကြောင့်နာတာရော၊ ရှက်တာရောစုပေါင်းပြီး 'ညီထွန်း' ကိုရန်လုပ်ပြီးမှ မကြီးမငယ်နှင့်အော်ငိုနေသေးသည်။

"ဟဲ့ ဘာဖြစ်သွားတာလဲ... ခိုင်းရတာနဲ့မကာမိပါဘူးအေ"

ဘွားအေနှစ်ယောက်လုံး ထမီမနိုင်ပုဝါမနိုင်ဖြင့် ပြေး





ဆင်းလာကြသည်။

"အို သွေးတွေတောင်စို့နေပါကလား... ကွဲများကွဲသွားပြီလားမသိဘူး ဆေးခန်းသွားမှထင်တယ်"

ခိုင်းမိသောအဘွားကငိုသံပါကြီးဖြင့် ပြောနေသလို၊ 'ရဲဝင့်' တုန်နေအောင်ချစ်သော အဘွား 'ဒေါ်သိန်းရှင်' က...

"ကလေးကိုခိုင်းရင်လည်း သေချာစောင့်ကြည့်ပေးမှပေါ့အေ... တံခါးကလေတိုက်ပြီး နေရာရွေ့တတ်မှန်းသိလျက်နဲ့"

"အေးပါအေ အဲ့ဒါကိုငါမစဉ်းစားမိလို့ပါ... ငါ့ဖါသာငါဆင်းကောက်လိုက်ရင် အကောင်းသား... ဒူးနာ လို့မဆင်းနိုင်လို့ ခိုင်းမိတာပါ... ဒီလိုဖြစ်မယ်မှန်းသိရင် ခိုင်းပါ့မလား... ငါ့မြေးပဲ ညည်းလိုပဲငါလည်းချစ်တာပေါ့... ငါပဲဖြစ်လိုက်ပါတော့ အီး ဟီး ဟီး"

အဘွားကြီးနှစ်ယောက် စကားနိုင်လုပြီး အချစ်ပြိုင်နေကြတာအရေးမကြီးပါ။ ဒဏ်ရာရထားသော 'ရဲဝင့်' အတွက်က ဆေးခန်းသွားဖို့အရေးကြီးသည်။

အဆောင်တွင်ဘယ်သူများရှိသနည်းဟု ပြေးလွှားကြည့်မိသည်။ ညဂျူတီသမားနှစ်ယောက်သာ တခေါခေါနှင့်ပျော်ကျနေကြသဖြင့် မနိုးရက်ပြန်။ နောက်ဆုံးကိုယ်တိုင် ဆိုင်ကယ်ကားပြေး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခဲ့မိသည်။

“အဘွားတို့ ဆေးခန်းလိုက်ပို့တော့လေ... ကျွန်တော် ဆိုက်ကားခေါ်ခဲ့ပြီးပြီ”

“အို ဘယ်သူကခေါ်ခိုင်းလို့လဲ မသွားပါဘူး”

မျက်ရည်သုတ်ရင်းထမီကိုပြင်ဝတ်ရင်း ဒေါ်သဖြင့်ပြန်အော်နေသဖြင့်...

“သွေးထွက်နေတယ်ဆို မသွားလို့ဖြစ်မလား... ချုပ်သင့်ရင်ချုပ်ရမှာပေါ့... အနားထဲပိုးဝင်သွားရင်ကော တော်ကြာဘာမဟုတ်တာလေးနဲ့ ရူးသွားရင်ကော”

“မသွားဘူး ကွဲသွားတာမှမဟုတ်ဘဲ”

“ကဲ ဒါဆိုလည်းပြီးရော”

ဆိုက်ကားဆရာကို တစ်ဝက်ခပေးပြီး တောင်းပန်၍ပြန်လွှတ်လိုက်ရသည်။

‘ညီထွန်း’ စာရေးနေမှန်းသိသဖြင့် တစ်ဖက်ခန်းတွင်ဝင်အိပ်နေသော ‘သိန်းနိုင်ဦး’ နိုးလာသလို၊ ဟိုတယ်ဝန်ထမ်းတစ်ဦးဖြစ်သည့် ‘ခင်ကြိုင်’ နှင့်အတူထမင်းစားဖို့ မီးဖိုဆောင်ဘက်ထွက်သွားကြကြောင်း တွေ့ရသည်။

“မင်းတို့အပြင်က ပြန်လာကြတာလား”





“ကျွန်တော်တို့အိပ်ယာကထလာကြတာ အဘွားတို့ရဲ့”

“ဟင် စောစောကမင်းတို့ရှိနေတာပေါ့”

“ဟုတ်တယ်လေ အိပ်နေကြတာ ဘာဖြစ်လို့လဲ”

“ ‘ရဲဝင့်’ ခုနစ်အိမ်ကြားအော်နေတာတောင် မကြားကြဘူးလား”

“အော်လို့လား ခါတိုင်းလည်းသီချင်းအော်ဆိုနေကြ စကားအော်ပြောနေကြဆိုတော့ နားယဉ်နေလို့ဖြစ်မှာပေါ့... ‘ရဲဝင့်’ က ဘာဖြစ်လို့အော်တာလဲ”

“တံခါးနဲ့ဆောင့်မိပြီး ဒဏ်ရာရသွားလို့လေ”

“ဟုတ်လား ဒဏ်ရာများလား”

“မပြောတတ်ပါဘူး... ဆေးခန်းသွားဆိုလည်း မသွားဘူး ‘မောင်ညီထွန်း’ လို မကူညီတတ်တဲ့လူတောင် မနေနိုင်ရှာဘူး... ဆိုက်ကားသွားခေါ်လာပေးသေးတယ်”

“အဲ့သလိုအပေါက်ဆိုးတဲ့လူ မျက်နှာပုပ်တဲ့လူတွေရဲ့ နလုံးသားကပိုနုတတ်တယ်တဲ့”

“ဘယ်သူပြောတာလဲ”

“ဟဲ ဟဲ ကျွန်တော်ပြောတာလေ”

“အင်း ဟိုကကြားသွားလို့ ဒေါပွနေပါဦးမယ် နို့ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



လေးရော"

"ချက်ပြုတ်ခူးခပ်ပြီးတည်းက တစ်ပတ်စာဈေးဝယ်ထွက်သွားတယ်လေ... မင်းတို့ဂျိုင့်တွေ မီးဖိုဘေးမှာကပ်ထားပေးတယ်"

" 'ကိုနိုင်' 'ကိုနိုင်' "

ခြေသံလည်းကြားသည်။ တံခါးခေါက်သံလည်းကြားသည်။

ပြီးတော့မိန်းမသံနှင့်အတူ အခန်းတံခါးကိုဆွဲဖွင့်ပြီးဝင်လာသဖြင့်...

"ဟော့ မင်းတို့ဘယ်သူတွေလဲ... ထွက် ထွက် အခန်းဝမှာစာတန်းချိတ်ထားတာမတွေ့ဘူးလား... ရဲတင်းလှချည်လား"

စောစောကပြုံးရွှင်နေသောမျက်နှာနှစ်ခုမှာ နီရဲတွတ်သွားကြပြီး ပြန်ထွက်သွားကြသည်။

"အဲ့ပါရဲ့ဗျာ ယောကျ်ားလေးအဆောင်အပေါ်ထပ်ထိများတက်ရဲကြတယ်လို့... အခန်းထဲများဝင်ကြသေးတယ် မိန်းမ ဣန္ဒြေဆိုတာ တကယ်မရှိတော့သလိုပဲ"

"အခန်းထဲကလူကြီးနော်... အရမ်းလျှောက်ပြောမနေနဲ့ ဒီအခန်းထဲမှာ ကျွန်မအစ်ကို 'ကိုသိန်းနိုင်ဦး' နေတယ်ဆိုလို့တက်





လာတာ"

"အေးလေ သူတစ်ယောက်တည်းနေတာမဟုတ်ဘူး... သူစိမ်းဖြစ်တဲ့လူတစ်ယောက်လည်းရှိနေတယ်လေ... ဘာပဲဖြစ်ဖြစ်လေ... ဣန္ဒြေရှင်မိန်းကလေးတွေ တန်ဖိုးရှိတဲ့မိန်းကလေးတွေဆိုတာ ယောကျ်ားလေးအဆောင်ရှေ့ရောက်ရှင်တောင် လှည့်ကြည့်ကြတာမဟုတ်ဘူး"

"အဲ့ဒီခေတ်က လှည်းမဆန့်လို့ကျန်ခဲ့ပြီသိရဲ့လား ဘိုးတော်ရဲ့"

လှေကားပေါ်မှဆင်းရင်း အော်ဟစ်လာတဲ့မိန်းကလေးနှစ်ယောက်နှင့် ထမင်းစားပြီးပြန်လာသော 'သိန်းနိုင်ဦး' တို့ အောက်ထပ်လှေကားရင်းတွင် သွားတိုးကြသည်။

" 'ကိုနိုင်' ဘယ်လျှောက်သွားနေတာလဲကွာ... 'ကိုနိုင်' ရှိတယ်မှတ်ပြီးအပေါ်တက်သွားတာ အခန်းထဲကလူတစ်ယောက်က အရမ်းမိုက်ရိုင်းတာပဲ... အရမ်းလည်းစော်ကားတာပဲ"

ငိုသံဖြင့်ပြောနေသော နှမဖြစ်သူ 'သဇင်ဦး' ကိုချော့သည့်အနေဖြင့်...

"စိတ်ဆိုးမနေပါနဲ့ကွာ... အဲ့ဒီလူကလေ စာရူးပေရူးပြီးတော့ဘုဂလန့်ဂွစာကြီး... တစ်ဆောင်လုံးဘယ်သူနဲ့မှစကား



www.burmeseclassic.com

www.burmeseclassic.com



ပြောတာမဟုတ်ဘူး… ယုတ်စွအဆုံး အိမ်ရှင်မိသားစုနဲ့တောင် ကောင်းကောင်း စကားပြောတာမဟုတ်ဘူး"

"အဲ့ဒါဆိုလည်း မောင်းထုတ်လိုက်ကြပေါ့"

ထိုသို့ပြောနေစဉ် 'ညီထွန်း' အပေါ်ထပ်မှဆင်းလာသဖြင့် ပါးစပ်ပိတ်သွားကြသည်။

"ဟင် ဟိုစာရေးဆရာ 'လူ' မဟုတ်လား… 'လူ' လေ"

'သဇင်ဦး' နှင့်အတူပါလာသော ခပ်ချောချောကောင်မလေးက 'ညီထွန်း' ကိုလက်ညှိုးထိုးပြီး တအံ့တသြဝမ်းသာအားရ ပြောနေခြင်းဖြစ်သည်။ 'သိန်းနိုင်ဦး' က မျက်မှောင်ကြုတ်၍ကြည့်ရင်း ခေါင်းကိုရမ်းပြရင်း…

"မင်း လူမှားနေပြီ"

ထိုအပြောကြောင့် 'ညိုလှဲ့' ခမြာ ခေါင်းလေးကုတ်ရင်း

"အရမ်းတူတာပဲ… ဟိုတလောကပဲ အဖေ့ဆီလာသွားသေးတာပဲ"

"နင်ကလည်းဈေးပေါလိုက်တာ… သူ့လိုလူကမခေါ်လို့ နင်ဘာမှဖြစ်မသွားဘူး… နင့်အဖေကိုပြောလိုက်ပေါ့… ဒီလူလာရင်မောင်းထုတ်ပစ်လိုက်ပါလို့"

"အိုဘာ့ယ်ဖြစ်မှာလဲ… ဖေဖေတို့ကသူတို့လိုစာရေးဆရာ





ကို အရမ်းအထင်ကြီးတာ… သူကစာအရေးအသားလည်းသိပ်ကောင်းတာ… ပညာပေးတွေဗဟုသုတတွေရေးတာ… အချစ်အကြောင်းရေးရင်လည်း မမှားသင့်တာမမှားရအောင် ကြိုးစားချင်အောင်ရေးတာ"

"စာရေးဆရာ 'လူ' ဆိုတာ ခုနလူဟုတ်လို့လား"

"ဟုတ်တယ် ဟုတ်တယ် အသေအချာပဲ"

"အင်း သူ့ဝတ္ထုတိုတွေတော့ဖတ်ဖူးပါတယ်…ဟုတ်တယ် အရေးအသားအတွေးအခေါ်တွေ သိပ်ကောင်းတာပဲ… ဒါပေမဲ့ သူရေးတဲ့စာတွေ ဆုံးမစာတွေနဲ့ သူနေပုံထိုင်ပုံနဲ့တော့တခြားစီပဲ"

"ဘာဖြစ်လို့လဲ.. အရက်သောက်လို့လား ဖဲရိုက်လို့လား မကောင်းတာတွေလိုက်စားလို့လား"

'ညိုလှဲ့' က စိတ်ပူသလိုမေးနေခြင်းဖြစ်သည်။

"အဲ့ဒါတွေလုပ်လားမလုပ်လားတော့ ငါလည်းတစ်ချိန်လုံးလိုက်မကြည့်နိုင်လို့ မသိဘူးလေ"

'ကိုညီထွန်း' လိုလူကိုများ သူတို့ကစိတ်ဝင်စားနေကြပြန်ပြီ၊ စောစောကအော်ထုတ်လိုက်တာတောင် စိတ်မပျက်ကြသေးပါလား။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ကလည်းနင်တို့ပဲ... အိမ်ရှေ့ဧည့်ခန်းမှာဝင်ထိုင်ရင်တောင် အဆောင်သားတွေရဲ့မျက်လုံးအကြည့်နဲ့ ဒဏ်ရာရသွားနိုင်တယ်... အခုတောင်အပြင်ထွက်နေကြလို့ မြန်မြန်ပြန်ကြတော့... ယောက်ဖလို့လည်းအခေါ်မခံနိုင်ဘူး"

"ဟာ 'ကိုနိုင်' ကပါ မောင်းထုတ်နေပြန်ပြီလား... 'သဇင်' တို့လည်းဧည့်ခန်းမှာရော အောက်ထပ်မှာရော ခေါ်မရလို့အပေါ်ထိတက်လာမိတာပါ... မေမေက ဟောဒီသူငယ်ချင်း 'ညိုလှဲ့' တို့အမေနဲ့လူကြုံပါးလိုက်လို့ အစ်ကိုချုပ်ခိုင်းထားပြီးမမီတဲ့ဖလန်နယ်အနွေးထည်နှစ်ထည်နဲ့ ညဝတ်ဘောင်းဘီနှစ်ထည်ရယ် ယိုစုံတွေရယ်လာပေးတာ"

"ငါလည်းဘယ်မောင်းထုတ်ချင်ပါ့မလဲ... ယောကျ်ားလေးဆောင်ဆိုတော့ မလာတာကောင်းတယ်... 'ကိုညီထွန်း' လိုမိန်းမတွေကြည့်မရလို့ မောင်းထုတ်တဲ့လူမျိုးက အန္တရာယ်မရှိနိုင်ဘူး... မိန်းမမြင်တိုင်းအထင်သေးပြီး အတင်းလိုက်ရောတဲ့လူမျိုးတို့မျက်နှာများတဲ့လူမျိုးတို့နဲ့တွေ့ရင် ကြောက်ရတယ်... နောက်ဆိုရင် ကိစ္စရှိရင် ဖုန်းဆက်လိုက်... အိမ်ရှေ့အိမ်မှာဖုန်းရှိတယ် ဖုန်းနံပါတ်ယူသွားလိုက်"

နှမကိုဆူငေါက်ပြီးမှ စိတ်မကောင်းဖြစ်သွားသဖြင့်...





"ဒီဆိုင်မှာရခဲ့သုတ်သိပ်ကောင်းတယ် စားရအောင်"

"ဟင့်အင်း တော်ပြီ... ဆိုင်ထဲမှာယောကျ်ားတွေကြီးပဲ 'ကိုနိုင်' လိုက်မပို့နဲ့တော့... 'ညိုလှဲ့' က ဒီလမ်းထဲကသူ့သူငယ်ချင်းအိမ်ကိုဝင်ဦးမှာတဲ့"

စိတ်ကောက်ပြီး ညာပြောတာလားမသိ။

'လှ' ဆိုသည့်ကလောင်ရှင်ကို ယခင်ကမမြင်ဖူးခင်တည်းက အထင်ကြီးလေးစားခဲ့ပါသည်။ သူရေးသောစာများထဲကလိုပင် သူသည်အနေအထိုင်တည်ကြည်ပြတ်သားပြီး သွက်လက်ဖျတ်လတ်ပါသည်။ အစားမကြူး၊ အပျော်မကြူးသူဖြစ်သည်။

သူမသိစေချင်သဖြင့် ဖုံးကွယ်ထားပါလျက် 'ညိုလှဲ့' ကြောင့် ကလောင်နာမည်ကိုသိခွင့်ရသွားခဲ့သည်။

တည်ကြည်ရိုးသားပြီးကြိုးစားနေသော နာမည်ကြီးစပြုနေပြီဖြစ်သော လူငယ်ကလောင်ရှင်တစ်ယောက်နှင့် အနီးကပ်ဆုံးနေရသည့် ကုသိုလ်ကံကလည်းမသေးဟု ထင်မိသည်။ သိချင်တာတွေမေးချင်တာတွေ အများကြီးရှိနေပါသော်လည်း အပိုစကားမပြောချင်သူ၊ အပိုအချိန်မဖြုန်းချင်သူကို၊ မသိမသာခိုးကြည့်ရင်း အနှောင့်အယှက်မပေးမိအောင် နေလိုက်ပါသည်။ တစ်ပတ်မှတစ်ခါသာ အလုပ်နားသော်လည်း အလုပ်နားရက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေဆုံမှ 'ကိုညီထွန်း' နှင့်ကြုံခြင်းဖြစ်သည်။

ထို့ကြောင့်တစ်လကို နှစ်ခါလောက်သာ နေ့ခင်းဘက် ဆုံခြင်းဖြစ်သည်။ နောက်ပိုင်းထိုနေ့မျိုးများတွင် လျှောက်လည် မည်ဟုဆုံးဖြတ်လိုက်သည်။





## ၆

'ညီထွန်း' အံ့သြသွားသည်။

'ရဲဝင့်' ၏သူငယ်ချင်း 'စန္ဒာ' တို့အိမ်ရှေ့ဝရံတာတွင်မိန်းမပျို့ရှစ်ယောက်ခန့်ရှိနေပြီး မိမိကိုပြုံးစေ့စေ့မျက်နှာများဖြင့်ကြည့်နေကြပါလား။

မိမိလုံချည်ပြဲနေ၍လား၊ ကြယ်သီးများတလွဲစီတပ်ထား၍လား၊ ဖိနပ်တစ်ဖက်မှားစီးလာ၍လား။

လားပေါင်းများစွာ စဉ်းစားနေသော်လည်း မျက်နှာကတော့ထုံးစံအတိုင်း မာကြောကြောပါပဲ။ လမ်းလျှောက်ပုံကလည်း



www.burmeseclassic.com

www.burmeseclassic.com



ချီတက်နေသလိုပါပဲ။

"လူ"

"နတ်"

"ပြဟ္မာ... ခစ် ခစ် ခစ်"

ဟော သိကုန်ပြီ။

'သိန်းနိုင်ဦး' ဆိုသည့်အကောင်တစ်ကောင်ပဲသိတာပဲ။

ကြည့်ပါဦး ညတွင်းချင်းတစ်ရပ်ကွက်လုံးသိအောင် သတင်းဖြန့်လိုက်ပါကရောလား။ ပြန်ကြားရေးဌာနတွင်လုပ်ဖို့ကောင်းသည်။

ကားဂိတ်ရောက်တော့လည်း လက်ဘက်ရည်ဆိုင်ကွမ်းယာဆိုင်စတိုးဆိုင်တွေက ခါတိုင်းထက်ဂရုတစိုက်ကြည့်နေကြသလိုပဲ။ အေးလေ ကိုယ်လိုက်ကြည့်လို့ သူတို့ကြည့်တာကိုမြင်ရတာကိုး။ အသေးအဖွဲကိစ္စလေးတွေကို မိမိသိပ်ဂရုစိုက်နေမိပါလား။

ရုံးကပြန်ရောက်သောအခါ အိမ်ရှေ့ဧည့်ခန်းစားပွဲပေါ်တွင် မိမိနာမည်နှင့်စာသုံးစောင်ရောက်နေပြီး အထုပ်သုံးထုပ်ကိုလည်းတွေ့ရသည်။

'ဆရာ...





မာနသိပ်မကြီးပါနဲ့...

နာမည်ကြီးတွေတောင် လူမြင်ရင်ဖော်ရွေကြပါတယ်...

ဘာပဲဖြစ်ဖြစ် ကျွန်မတို့က စာရေးဆရာဆိုရင် ကိုယ့်ထက်စာတွေဖတ်ထားမှတ်ထားပြီး ဗဟုသုတတွေတစ်ပုံတပင်နဲ့ တစ်ဖက်လူနားလည်အောင်ရေးနိုင် စွဲဆောင်နိုင်ကြလို့ အထင်ကြီးလေးစားပြီးသားပါ...

ဆရာ့အရေးအသားကိုရော တင်ပြပုံတွေကိုပါ နှစ်သက်ကြပါတယ်... ဆရာညဘက်တွေစာရေးရင် စားဖို့လက်ဘက်နှပ်ပြီးသားဗူးနဲ့ အကြော်စုံထည့်ပေးလိုက်ပါတယ်...

စာသုံးစောင်လုံးမိမိကို မာနမကြီးဖို့ရေးထားသည်။ 'စန္ဒာ'၊ 'နန္ဒာ'၊ 'အေးစု' ဟု ဆိုင်းထိုးထားကြသည်။

'စန္ဒာ' ဆိုတာလမ်းထိပ်က ကောင်မလေးဖြစ်မည်။

'ရဲဝင့်' ကိုဟိုတစ်ခါတုန်းက ထိုအိမ်ရှေ့တွင်တွေ့ဖူးသည် မိမိကို 'ရဲဝင့်' လှောင်ဖူးသည့်အိမ်က ကောင်မလေးပဲဖြစ်ရမည်။

'နန္ဒာ' က တီးမစ်၊ ထုပ်ကြီးတစ်ထုပ်၊ 'အေးစု' ကကော်ဖီမစ်ကြီးတစ်ထုပ်၊ 'စန္ဒာ' က ကော်ဖီမစ်တစ်ထုပ်။

"တောက်..."



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းထုပ်တွေဖွေ့ပြီး 'ရဲဝင့်' တို့အိမ်ဘက်ကူးလာမိသည်။

"ဟော 'မောင်ညီထွန်း'... ထမင်းစားတော့မလားကွဲ့"

"မစားသေးဘူး ဒေါ်ဒေါ်... 'ရဲဝင့်' ရော"

'ဒေါ်ဝင်းခင်' က 'ညီထွန်း' လက်ထဲမှအထုပ်များကို ကြည့်ပြီး...

"ဟော 'ရဲဝင့်' အတွက်ဝယ်လာတာလား... များလှချည်လားကွယ်... ကာဖီမစ်ထုပ်ကိုပြန်ယူသွား ခုနကပဲ 'တင်မောင်သန့်' က မုန့်ပုံးတစ်ပုံးနဲ့ ကာဖီမစ်ထုပ် လာပေးသွားသေးတယ်"

ထိုစကားတွေကြောင့် 'ညီထွန်း' အတော်စိတ်ပျက်သွားသည်။

"သွားလေ အလယ်ခန်းမှာရှိတယ်"

သူမ၏ဦးခေါင်းထိပ်တွင် ဆံပင်ကိုကပ်ကြေးဖြင့်ညှပ်ထုတ်ပြီး ဆေးထည့်ပလာစတာကပ်ထားကြောင်း တွေ့ရသည်။

"ညနေဘက်အရမ်းကိုက်လာလို့ ညတုန်းကဆေးခန်းသွားလိုက်ရတယ်... ကံကောင်းလို့မချုပ်လိုက်ရတာ... 'ကိုညီထွန်း' ကလည်း အလကားလျှောက်ဝယ်လာတယ်... ဟိုမှာလည်း 'ကိုသန့်' တို့ 'ကိုသိန်းနိုင်ဦး' တို့တွေပေးထားတာတစ်ပုံကြီးပဲ"





သူ့အပြောကြောင့်ကိုယ်ကပဲ ဒီအထုပ်တွေကိုရောယောင်ပြီး ထားခဲ့ရမလိုလို။ သူမက ရုပ်ရှင်ထဲကမင်းသမီးလို ကုတင်ပေါ်တွင်လှလှပပ ကြွကြွရွရွလေးလှဲနေခြင်းဖြစ်သည်။

"ညက 'စန္ဒာ' တို့အိမ်ဝင်သေးလား"

"ဟင် ဘယ်တတ်နိုင်မှာလဲ... သူများဖြင့်နာလို့သေတော့မယ်ဟာ"

ဖြစ်နိုင်သည်။ ဒါဆို ဘယ်သူပြောသနည်း။

'သိန်းနိုင်ဦး' ပြောတာလား။

မိမိဒီအထုပ်တွေကို ပြန်ယူသွားလျှင် 'ဒေါ်ဝင်းခင်' ရှက်တော့မည်။ 'ဦးကျော်' ၏ မျက်နှာကလည်းရှိသေးသည်။ ထို့ကြောင့်...

"ကာဖီမစ်ထုပ်ရှိပြီးသားမို့ ပြန်ယူသွားလိုက်မယ်"

"လက်ဘက်ထုပ်လည်းယူသွားလေ... 'ကိုညီ' စားရေးရင်စားရအောင်လို့"

"ဗိုက်အောင့်တတ်လို့မစားတော့ဘူး... အဘွားတို့အဘိုးတို့ကိုပဲ သုတ်ကျွေးလိုက်တော့... ရော့ 'လင်းဆင့်' ဒီကာဖီမစ်ထုပ်လည်း အဘွားတို့အတွက်ပေးလိုက်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိမိပြန်အထွက် 'ရဲဝင့်'က မောင်ဖြစ်သူကို 'စန္ဒာ'တို့ ဆီအကြောင်းကြားပေးဖို့ပြောနေသည်။ လာလည်ဖို့လာကြည့်ဖို့ခိုင်းနေသည်။

'ညီထွန်း'ခပ်မှဲ့မှဲ့ပြုံးပြီး ပြန်ထွက်ခဲ့မိသည်။





"နင်တို့ကလည်းခေါ်မှပဲ ပေါ်လာတော့တယ်"

"ယောက်ျားလေးအဆောင်ဖွင့်ပြီးတည်းက ဘယ်မှာလာတော့လဲ... ခုလည်း နင်ဒဏ်ရာရတယ်ဆိုလို့သာ စိတ်ပူပြီးလိုက်လာတာ... ရုတ်တရက်ထွက်လာရလို့ ဘာမှဝေါင်ဝယ်မလာနိုင်တော့ဘူး"

'စန္ဒာ'က အိပ်ယာဘေးစားပွဲပေါ်မှ မုန့်ထုပ်၊ ကာဖီမစ်ထုပ်တွေကိုကြည့်ပြီး ပြောခြင်းဖြစ်သည်။

"ညကျမှတစ်ခုခုဝယ်ပို့လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မပို့နဲ့တော့ အဆောင်ကအစ်ကိုတွေပေးထားတာ တစ်ပုံကြီးပဲ... ခုနပဲ 'ကိုညီထွန်း' က လက်ဘက်စုံရယ် ကာဖီမစ်ရယ် တီးမစ်ရယ်လာပေးသွားသေးတယ်... 'ကိုသန့်' ကဆိုမုန့်ပုံးရော ကာဖီမစ်ထုပ်ရော"

'စန္ဒာ' တို့သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်မိကြသည်။ စာရေးဆရာ 'လူ' ကိုတွေ့ချင်၍ 'အေးစု' က ကပ်လိုက်လာခြင်းဖြစ်သည်။ ယခုတော့မိမိတို့ပို့ထားသော ပစ္စည်းအားလုံးကို 'ရဲဝင့်' ထံ လာဆက်သထားပါလား။

"နင်နဲ့ဒီစာရေးဆရာဖြစ်နေကြပြီလား"

"ဟင် ဘယ်စာရေးဆရာလဲ"

"အူကြောင်ကြောင်လုပ်မနေစမ်းပါနဲ့ဟယ်... နင်ပဲငါတို့အိမ်ကိုလာတုန်းက အဲ့ဒီလူကို စာရေးဆရာလို့ပြောသေးတာပဲ"

"အေးလေ သူကစာတွေဘာတွေရေးတယ်ဆိုလို့ ပြောမိတာလေ... သူ့ကလောင်နာမည်တောင် မသိပါဘူး နာမည်မှမကြီးသေးတာ"

"ဟင် နင်တကယ်မသိဘူးလား"

"ဘာကိုပြောနေကြတာတုန်း... နင်တို့မျက်နှာထားတွေ





ကလည်း တစ်မျိုးပဲ... ငါကဘာကိုသိရမှာတုန်း"

"နင့်အိမ်မှာနေတဲ့ စာရေးဆရာဟာ အခုလူကြိုက်များစပြုနေတဲ့ 'လူ' ဆိုတဲ့ကလောင်နာမည်နဲ့ရေးတဲ့လူပဲ"

"ဟင် ဟုတ်လား သူ့စာတွေငါမကြိုက်လို့မဖတ်မိဘူး... ဒါပေမဲ့စာအုပ်ဆိုင်မှာတော့ 'လူ' 'လူ' နဲ့ပြောနေသံတွေတော့ကြားတယ်... သူက 'လူ' ဟုတ်လား... ဘယ်ဆိုးလို့လဲ ငါတို့အဆောင်မှာလူလူသူသူစာရေးဆရာတစ်ယောက် လာနေတယ်ဆိုတော့ နာမည်တော့ကြီးဦးတော့မှာပဲ... ဒါနဲ့သူနဲ့ငါနဲ့ကြိုက်ဖို့နေနေ သာသာ တွေ့လိုက်တာနဲ့ဦးတဲ့လူက ပညာပြနေကြတာကြီးပဲ ဒီနေ့တော့ဘာစိတ်ကူးပေါက်ပြီး ငါ့အတွက်လက်ဆောင်တွေ ဝယ်လာပေးလည်းမသိဘူး"

'စန္ဒာ' က မဲ့ရွဲ့ရင်း...

"အဲ့ဒါနင့်ကိုစေတနာရှိလို့မဟုတ်ဘူး... နင်နဲ့ပတ်သက်တဲ့ငါတို့ကို ပညာပြချင်လို့... ငါတို့ပေးတဲ့ပစ္စည်းတွေနင့်ကိုလာပေးသွားတာ... ငါတို့ပေးတာကိုမလိုချင်တဲ့သဘောပေါ့... အံ့သြပါရဲ့... စေတနာနဲ့ပေးတာကိုစော်ကားတယ်... အရှက်ခွဲတယ် သေနာကျကြီး... ဒင်းဆီအခုသွားပြီး ပစ္စည်းတွေပြန်တောင်းမယ်"

'စန္ဒာ' အသားတွေတဆတ်ဆတ်တုန်နေသလို အသံတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်းတုန်နေပါသည်။

"ဟဲ့ ဟဲ့ အရမ်းသွားမလုပ်နဲ့... ငါ့အဖေကသူ့အဆောင်သားတွေဆီကို ဝင်တာထွက်တာမကြိုက်ဘူး... တော်ကြာငါတို့လာဆူနေဦးမယ်"

"ဦးလေးမရှိဘူး... နင့်ဆီကိုဝင်လာတုန်းက မီးချောင်းဝယ်စရာရှိလို့ဆိုပြီး ထွက်သွားတယ်... ဒီလူ့ကိုငါတို့ပြန်ပညာမပေးရရင် အိပ်လို့ရမှာမဟုတ်ဘူး... စားလို့လည်းမဝင်ဘူး နည်းနည်းတော့သွားပြောမှဖြစ်မယ်... လာ လာ အမြန်သွားမယ်"

'ရဲဝင့်' ရှုံ့မဲ့သောမျက်နှာဖြင့် ခေါင်းကိုစုံကုတ်မိရာမှ အနာကိုကုတ်မိသွားသဖြင့် ပိုရှုံ့သွားရတော့သည်။

ရုံးမှပြန်လာသော 'ဝင်းစိုး' ကို 'စန္ဒာ' တို့ကရှိသမျှသွားအကုန်ဖော်၍ရယ်ပြရင်း...

"အစ်ကို..."

"ဟင်"

"စာရေးဆရာ 'လူ' နဲ့တွေ့ချင်လို့ပါ"

"ဗျာ ဘာကိုပြောတာလဲ"

"ဟိုလေ 'ကိုညီထွန်း' နဲ့တွေ့ချင်လို့ပါ"

"ဘယ်သူ့ကိုပြောလိုက်ရမလဲ"





"သူ့နှမလို့ပြောလိုက်ပါ"

အခန်းထဲမပြောမဆိုဝင်လာသော 'ဝင်းစိုး' ကို 'ညီထွန်း' က မျက်မှောင်ကြုတ်၍လှမ်းကြည့်ပါသည်။

ခင်ဗျားနှမ အောက်မှာရောက်နေတယ်"

"ကျုပ်မှာ နှမမရှိဘူး"

ထိုစကားကြောင့် 'ဝင်းစိုး' က မျက်မှောင်ကြုတ်၍ကြည့်ပြီး...

"ဒါဆို ဘာပြန်ပြောရမလဲ"

"မရှိဘူးလို့သာ ပြောလိုက်ပါဗျာ"

အောက်ထပ်ပြန်ဆင်းခဲ့ပြီး...

"သူ့မှာနှမ မရှိဘူးတဲ့"

'စန္ဒာ' က ဆတ်ကနဲထရပ်ရင်း...

"ဒါဆိုသူ့အမေလွှတ်လိုက်တာလို့ ပြောပေးပါလား"

နောက်တစ်ခေါက် ထပ်ရောက်လာရပြန်သည်။

"ပြောလိုက်ပါဗျာ အမေလည်းမရှိဘူးလို့"

"ခင်ဗျားနဲ့အခုလာတဲ့ ကောင်မလေးတွေနဲ့ကျိုင်တက်ထားလို့လား"

"မတက်ပါဘူး... ကျုပ်ကိုဘယ်ကလာထိယမှလာတွေရော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမရှိဘူးလေ… သူတို့လူများပြီး လာနေကြတာနေမှာ”

‘ဝင်းစိုး’ နောက်တစ်ခေါက် အောက်ပြန်ဆင်းရပြန်ပြီ။

အခန်းဝတွင်လူရိပ်မြင်သဖြင့် မော့ကြည့်လိုက်သော အခါ ‘စန္ဒာ’ တို့သုံးယောက်ကိုမြင်လိုက်ရသဖြင့်…

“ဟော့ ဟော့ ဘာလို့အပေါ်တက်လာတာလဲ…. သွား သွား ဆင်း ဆင်း”

မျက်နှာထိမျက်နှာထားဖြင့် မောင်းထုတ်နေသဖြင့်…

“ကျွန်မတို့လက်ဆောင်ပစ္စည်းတွေ ရှင်နဲ့မတန်လို့ပြန် လာတောင်းတာ… ပြန်ပေးပါ”

“ဘယ်တုန်းကပေးလို့လဲ”

“ဟင် ရှင်မညာနဲ့… ကျွန်မတို့အိမ်မှာလက်တိုလက် တောင်းခိုင်းတဲ့ကောင်လေးနဲ့ ဒီညသုံးခန်းထဲမှာစာသုံးစောင်နဲ့ ပစ္စည်းထုပ်လာပို့သွားတာရော”

“ဟုတ်လား ကိုယ်မသိဘူး… မတွေ့ဘူး ကဲမင်းတို့ပြန် ဆင်းကြပါ… ဒါယောကျ်ားလေးအဆောင် မိန်းကလေးတွေညည့် ခန်းထဲလာထိုင်တာတောင် မသင့်တော်ဘူး… ကိုယ့်ဆီလာတာ ဆိုရင် ကိုယ်ဘယ်မိန်းကလေးနဲ့မှ အရှုပ်အရှင်းမရှိဘူး… မပတ် သက်ဘူး… အခန်းဝမှာစာလည်းကပ်ထားတယ်”





“လူလိမ် လူညာ”

“သူ့ကိုယ်သူစာရေးဆရာဆိုပြီး ဘဝင်မြင့်နေလိုက်တာ နာမည်ဖြစ်မကြီးဘဲနဲ့ ရှက်လည်းမရှက်ဘူး”

စာရေးဆရာ ‘လူ’ ဆိုတာလူလိမ်လူညာလူအရိုင်းအစိုင်း ဆိုပြီး လူတွေသိအောင်လျှောက်ပြောပစ်မယ် ဘာမှတ်လဲ ဟွန်း”

‘ညီထွန်း’ အိပ်ယာပေါ်သက်ပြင်းရှည်ကြီးချရင်း အိပ်ချ လိုက်ပါသည်။

“အင်း ချစ်တော့လည်းသူတို့ပဲ… မုန်းတော့လည်းသူတို့ ပဲ အထင်ကြီးတော့လည်း သူတို့ပဲ… အထင်သေးတော့လည်း သူတို့ပဲ… အပြောင်းအလွဲမြန်လွန်းကြပါလား… ဒီလိုပြဿနာ တွေတက်မှာစိုးလို့ ဘယ်မိန်းမနဲ့မှမပတ်သက်အောင်နေခဲ့ပါ လျက် ဘယ်နှယ့်အိပ်ယာအောက်ရေမဝင်ဘဲ အပေါ်ထပ်နိုးအထိ ရေကြီးနေပါလိမ့်”

မိမိစာရေးဆရာ ‘လူ’ ဆိုတာ ဒီတစ်ဆောင်လုံးတွင် ‘သိန်း နိုင်ဦး’ တစ်ယောက်သာသိသည်။ ‘သိန်းနိုင်ဦး’ ၏နှမ ‘သဇင်ဦး’ နှင့်အတူပါလာသော ထုတ်ဝေသူသမီး ‘ညိုလွဲ့’ ကြောင့်မိမိ ‘လူ’ ဆိုတာ ‘သိန်းနိုင်ဦး’ တို့မောင်နှမသိသွားခဲ့သည်။

ဟိုဘက်အိမ်က စပ်စလူးစိန် ‘ရဲဝင့်’ ပင်လျှင်မ[illegible]ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယခုလောက်ဆိုလျှင်တော့ သိပြီပေ့ါလေ။

'သိန်းနိုင်ဦး' နဲ့ 'စန္ဒာ' ကြိုက်နေကြ၍ သိသွားခြင်းလား။

အလုပ်သွားခါနီးမှ ရေမိုးချိုးဖို့ ပြာယိပြာယာနှင့်ရောက်လာသော 'သိန်းနိုင်ဦး' ကိုမေးရတော့သည်။

"'ကိုညို' ကိုစာရေးဆရာ 'လူ' မှန်းအရင်ကလည်းမသိဘူး... သိတော့လည်းဘာမှထူးခြားမသွားပါဘူး... ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်ကကာတွန်းတောင် သုံးလေးအုပ်ပဲဖတ်ဖူးတာ... စာဖတ်အရမ်းပျင်းတာ... အဲ တစ်ခုတော့ရှိတယ် 'သဇင်' နဲ့ 'ညိုလှဲ့' ဒီအိမ်ကပြန်တုန်းက ဒီလမ်းထဲကသူငယ်ချင်းအိမ်ကိုဝင်စရာရှိသေးတယ်လို့ပြောသွားတယ်... 'ညိုလှဲ့' အာချောင်တာဖြစ်မှာပေ့ါ... မိန်းကလေးတွေက လူတစ်ယောက်ကိုလွယ်လွယ်နဲ့ အထင်ကြီးတတ်တာများတယ်"

'သိန်းနိုင်ဦး' က မိမိကိုပါးပါးလှီးလိုက် ထူထူလှီးလိုက်ထုထောင်းလိုက်လုပ်နေပါရောလား။

ဒီတစ်ခါ မိမိခံရသည့်အလှည့်ပါလား။





# ၇

မနက်ခပ်စောစောထပြီး စာရေးနေမိသည်။

ယနေ့ 'သိန်းနိုင်ဦး' အလုပ်အားရက်။ သူ့ခမြာလည်း မာန်ကြီးပြီး မိမိကိုမခေါ်မိအောင် မပြောမိအောင်မကြည့်မိအောင် အတတ်နိုင်ဆုံးမိမိနှင့် မပတ်သက်မိအောင် ကြိုးစားနေရရှာသည်။

သူ့အလုပ်နားရက်မှာ လွတ်လွတ်လပ်လပ်နေစေချင်ပါသည်။

ဒီတစ်ခါ မိမိကကြိုပြီး ရှောင်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နံနက်လေးနာရီလောက်တည်းက စာထရေးနေခြင်းဖြစ်သည်။

ငါးနာရီခွဲအထိ မှောင်ရိပ်သမ်းတုန်းပဲ ရှိသေးသည်။

" ပဲပြုတ်..."

" ပဲပြုတ် "

ပဲပြုတ်သည်၏အသံက ကရဝိတ်သံလိုပါပဲ။

စောစောစီးစီး ချွဲချွဲပြစ်ပြစ်အော်လိုက်ခြင်းဖြစ်သည်။

ပဲပြုတ်သည်လေးဦးလောက် ခြေချင်းလိမ်ပြီး အသံမျိုးစုံ အော်နည်းမျိုးစုံနှင့်ရောင်းတတ်ကြသည်။

"ပဲပြုတ်"

"ပဲပြုတ်"

ဒီတစ်ခါအော်သံက ငှက်ဆိုးထိုးသံလိုပါပဲ။ အိပ်ငိုက်ချင်နေသော 'ညီထွန်း' ပင်လျှင်လန့်ပြီး မျက်လုံးကျယ်သွားခဲ့သည်။

'ရဲဝင့်' ၏ အသံဖြစ်နေသည်။

ပဲပြုတ်သည်ကို မမီလိုက်မှာစိုး၍သာ အိမ်ထဲမှအော်ရင်း နောက်မှအပြေးလိုက်သွားရင်း ထပ်အော်သွားသည့်အသံ။

ဘယ်ရယ်မဟုတ် မိမိပြူတင်းပေါက်မှကြည့်လျှင် သူမတို့၏အိမ်ရှေ့အိမ်နောက်ဘက်ကိုမြင်ရသဖြင့် စာရေးရင်းကြည့်





မိစမြဲ။

"ဟောဗျာ"

ပါးစပ်မှအသံထွက်၍ အော်မိခြင်းဖြစ်သည်။

" 'ကိုညီ' ဘာဖြစ်လို့လဲ"

တစ်ဖက်ခန်းမှ 'တင်မောင်သန့်' က လှမ်းမေးခြင်းဖြစ်သည်။

"ကျုပ်အော်သံကြောင့် လန့်သွားပြီထင်တယ်"

"မဟုတ်ပါဘူးဗျာ... ပဲပြုတ်သည်တွေလာရင် နှီးစက်ထက်တောင်စွမ်းတယ်လေဗျာ"

"အေးဗျ 'ရဲဝင့်' တော့ ထမီဓောက်ထိုးကြီးနဲ့ပဲပြုတ်သည်နောက်ပြေးလိုက်သွားလေရဲ့... တော်တော်ဝေးတဲ့အထိ လိုက်သွားပြီ"

"အဟား ဟား ဒီကောင်မလေးရုပ်ကလေးကချောသလောက်ဘယ်တော့ဖြစ်ဖြစ် ဖရိုဖရဲကြီးပဲ... ခေါင်းကဒဏ်ရာမပျောက်သေးဘူး... ချော်လဲဦးတော့မှာပဲ"

'တင်မောင်သန့်' ကရယ်သံဖြင့်ပြောနေရင်း အခန်းကူးလာခဲ့ပြီး ပြူတင်းပေါက်မှလာရပ်စောင့်ကြည့်နေသည်။

ဒီလူ့အကြည့်က ကြည်နူးခြင်းအခိုးအငွေ့တွေနဲ့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဟော 'ရဲဝင့်' ပြန်လာနေပြီ။

အပြေးအလွှားပြန်လာရင်း 'ရဲဝင့်' ကမိမိတို့ရှိသည့်ပြူတင်းပေါက်လှမ်းကြည့်သည်။ ထိုအခါ 'တင်မောင်သန့်' က လက်နှစ်ဖက်ရှိလက်ညှိုးနှင့်လက်မကို ဝိုင်းနေအောင်လုပ်ပြီး မျက်စေ့ရှေတွင် မျက်မှန်ပုံစံလုပ်၍ လှမ်းနောက်နေသည်။

ထိုအခါ 'ရဲဝင့်' ကရှက်ပြီး လက်သီးနှင့်လှမ်းထုမည့်ပုံစံလေးနှင့် အိမ်ထဲဝင်ပြေးသွားခဲ့သည်။

ထိုပုံစံများကိုကြည့်ပြီး၊ 'ညီထွန်း' အော်ကလီဆန်သွားခဲ့သည်။ 'ရဲဝင့်' ကချစ်သူမရှိသေး၍ 'တင်မောင်သန့်' လိုလူချောလှုကို ရင်ခုန်တယ်ဆိုတာထားပါတော့။ 'တင်မောင်သန့်' ကရည်းစားတွေမှုလိုပေါက်အောင်ထားသူ။ မိမိမြင်တာကိုသုံးယောက်လောက်ရှိပြီ။ ကားနှင့်လာကြိုသည့် ကောင်မလေးကနှစ်ယောက် မြို့ထဲကစားသောက်ကြီးတစ်ဆိုင်တွင် ပုံမှန်တွဲသည့်ကောင်မလေးကတစ်ယောက်။ သုံးယောက်လုံး အလှပဂေးတွေကြီးပါပဲ။ 'ရဲဝင့်' ထက်သာတဲ့သူတွေကြီးပါပဲ။ တကယ်မကြိုက်ဘဲ ကောင်မလေးကိုရင်ခုန်အောင် အိမ်မက်တွေပေးဖို့မကောင်းပါ။

ရေမိုးချိုးပြီး ဘုရားသွားဖို့အစီအစဉ်ရှိသဖြင့် စာရေးစားပွဲခုံမှထလိုက်မိသည်။





"ဟာ ရေးပါ 'ညီထွန်း' အနောက်အယှက်ပေးမိပြီထင်တယ် ကျွန်တော်အခုသွားမှာပါ။

"နဂိုတည်းက စာရေးတာရပ်ဖို့အစီအစဉ်ရှိပြီသားပါ ရေချိုးတော့မှာ"

ရေချိုးခန်းကထွက်လာစဉ် 'ဒေါ်ဝင်းခင်' နှင့်တွေ့သဖြင့်

"ဒေါ်ဒေါ် ဒီနေ့ကျွန်တော်ထမင်းစားဖြစ်မယ်မထင်ဘူး"

"ဟဲ ဘာဖြစ်လို့လဲ"

"ကျွန်တော်ချိန်းထားတဲ့ကိစ္စလေးတွေရှိလို့ပါ"

"ဟောတော် မင်းပဲပြုတ်ကြိုက်တယ်ဆိုလို့ 'ရဲဝင့်' ကိုအတင်းနှိုးပြီးဝယ်ခိုင်းရတာ"

ထိုစကားကြောင့် 'ရဲဝင့်' အိပ်ယာထဲမှာ ဘယ်လိုဖရိုဖရဲအိပ်မှန်းတွေးကြည့်၍ရသည်။ သူ့ခမြာမိမိကို စေတနာရှိ၍လုပ်ပေးခြင်းမဟုတ်သော်လည်း မိခင်ခိုင်းသဖြင့် အူယားဖားယားပြေးဝယ်ပေးရှာသည်။ 'တင်မောင်သန့်' သိလျှင် ရင်ခုန်ပါဦးမလား။

"ကျွန်တော် ညနေဘက်တော့စားဖြစ်မှာပါ"

"အေး အေး ကြော်ထားလိုက်နော်"

သတ်သတ်လွတ်စားသည်ဟုညာထားမိသဖြင့်အသားစားချင်လျှင် လမ်းဘေးရှိဝက်သားတုတ်ထိုးဆိုင်တွင် ထိုင်ခဲ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



"'ညိုလဲ့'ရေ... နင့်လူကြီးက တကယ်အကျင့်ယုတ်တယ် သိလား"

"ဟဲ့ ဘယ်က ငါ့လူကြီးလဲ"

"နာမည်မကြီးဘဲ ဘဝင်မြင့်နေတဲ့နင့် 'လူ' ဆိုတဲ့စာရေးဆရာကိုပြောတာပေါ့ ငါတို့ကစာရေးဆရာဆို စွတ်အထင်ကြီးတော့တာ... ကိုယ့်လမ်းထဲကကိုယ့်သူငယ်ချင်းအိမ်မှာ အဆောင်နေတာဆိုတော့ မိတ်ဆက်ပေးရင်း လက်ဆောင်သွားပေးတာ... ငါတို့ပေးတဲ့လက်ဆောင်တွေကို 'ရဲဝင့်' တို့အိမ်အကုန်ပေးပစ်





ပြီး ငါတို့ကိုမောင်းထုတ်ပစ်တယ်လေ"

"အဲဒီအတွက်တော့ စိတ်မဆိုးပါနဲ့ဟယ် သူ့စာအုပ်တွေကိုထုတ်ပေးနေတဲ့ ငါ့အဖေမျက်နှာကိုမထောက်ဘဲ ငါနဲ့ငါ့သူငယ်ချင်း 'သဇင်' ကိုယ်ပါမောင်းထုတ်ခဲ့သေးတာပဲ သူကမိန်းမတွေနဲ့အရောတဝင်မနေချင်ဘူးလေ"

"ဒါဆိုလည်း ဘုန်းကြီးဝတ်ပေါ့ ဟွန်း ထားပါတော့ငါတို့ကသူစိမ်းမိန်းမတွေမို့ မဆက်ဆံဘူးဆိုရင် သူ့အမေလာတယ်ဆိုလည်းဆင်းမတွေ့ဘူး သူ့နှမ လာလည်းဆင်းမတွေ့ဘူး ဘယ်လိုလူကြီးမှန်းမသိဘူး"

"ဟုတ်တယ် အဖေပြောတာတော့ သူ့မိသားစုနဲ့ မခေါ်ဘူးထင်တယ်တဲ့"

"ဟင် သူနဲ့ဘယ်သူနဲ့ ခေါ်တာရှိတို့လည်း အဆောင်မှာလည်းဘယ်သူနဲ့မှမတည့်ဘူးတဲ့ ဘုကလန့်လုပ်နေတာတဲ့မဟုတ်မှလွဲရော ဒီလူ လူအစစ်မဟုတ်လောက်ဘူး တခြားဂြိုလ်ကရောက်လာတာ ဖြစ်ရမယ်"

ထိုသို့ပြောပြီး ရယ်မိကြသည်။

"ဟယ် ဟဲ့တော့ ဟိုမှာ သူ သူ လူလေ လူလာနေတာကပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။ လွယ်အိတ်လေးလွယ် နှင့် ချောလို့သန့်
လို့။

"လာ လာကြငါတို့သွားပုံးနေမှ နင်တို့ငါတို့ကိုမြင်ရပ်
သူပြန်ထွက်သွားမှာ လာ လာ"

'ညိုလွဲ' က 'စန္ဒာ' တို့သုံးယောက်လက်ကို အတင်းဆွဲ
ပြီး အနီးဆုံးစာကြည့်ခန်းထဲပြေးပုံးနေကြသည်။

"အန်ကယ် အန်ကယ်"

သော့ခလောက်ကို လှုပ်ရမ်းခေါ်နေခြင်းဖြစ်သည်။

'ဦးညို' ကပြာပြာသလဲဆင်းလာပြီး တံခါးဖွင့်ပေးရင်း။

"စောစောက ဒီကလေးမတွေရှိနေပါတယ်... မပြောမဆို
နဲ့ အပြင်ထွက်ပြီး တစ်ခုခုသွားစားပြီထင်တယ် လာ လာ 'မောင်
ညီထွန်း'

'ဦးညို' နှင့် 'မောင်ညီထွန်း' တို့က စာကြောင်းပေအ
ကြောင်းတွေဆွေးနွေးတာအကြာကြီး။ ကမ္ဘာ့အကြောင်း ဂြိုဟ်
အကြောင်း စကြာဝဠာအကြောင်း ဝိညာဉ်လောကအကြောင်း။

တစ်နာရီခန့်ကြာလာသဖြင့် ကပ်လျှက်အခန်းထဲတွင်
ပိတ်မိနေသူလေးယောက်ခမြာ ခေါင်းမူးသည့်သူ၊ ချောင်းဆိုချင်
သည့်သူ၊ အီးပေါက်သူ အံချင်သူတွေစုံနေပါပြီ။





စိတ်ညစ်သောမျက်နှာ ငိုချင်သောမျက်နှာနှင့် ချွေးတွေ
းကျပြီး ခေါင်းတွေပွအောင်ကုတ်ထားကြသည်။

ကျေးရူးရှင်ကတော့ ဓိမ်ကျနေသည်။

ခေါက်ဆွဲကြော် ဖျော်ရည်တို့ကိုစားပြီးနောက် ငွေနှစ်
သိန်းပိုက်၍ပြန်သွားခဲ့ပါပြီ။

ဖခင်ဖြစ်သူကလည်း ညှော့သည်ပြန်သွားပြီး ဆယ်မိနစ်
ခန့်အထိ အပေါ်မတက်သေးသဖြင့် အခက်တွေ့နေကြသည်။

"ဒီကောင်မလေးတွေ ဘယ်ထွက်သွားကြလည်းမသိပါ
ဘူး"

သော့ပိတ်ပြီး အပေါ်ထပ်တက်သွားမှ ထွက်လာကြပြီး

"ဝူး နောက်တစ်နာရီလောက်သာဆက်နေ့ရရင် ငါတော့
သေသွားနိုင်တယ်"

"အတူတူပါပဲနော် အားတောင်ပြတ်ချင်လာပြီ ဟိုလူက
ငွေနှစ်သိန်းတောင်ရသွားတော့ ပိုပြီးဘဝင်မြင့်သွားလောက်ပြီ"

"ငါတို့ အဖေကပြောတယ် 'ကိုညီထွန်း' ကအရမ်းနာ
မည်ကြီးဦးမှာတဲ့ သူ့အရေးအသားအတွေးအခေါ်တွေကို လူ
ကြိုက်များတယ်တဲ့ နှစ်လတစ်အုပ်အပ်နိုင်ရင် အဖေကသူ့ကို
ဘော် သိန်းနှစ်ရာ ထုတ်ပေးမှာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်အုပ်စာမူခ ဘယ်လောက်ရလို့လဲ"

"လေးငါးသိန်းနေမှာပေါ့"

"အမယ်လေး နှစ်လတစ်အုပ်ဆိုတော့ တစ်လနှစ်သိန်းခွဲပေါ့ မဆိုးဘူး 'ရဲဝင့်' ကိုအပီကပ်ခိုင်းရမယ်"

'စန္ဒာ' စကားကြောင့် 'ညိုလှဲ့' ကမျက်နှာလေးတည်သွားပြီး။

"သူကချစ်တာတွေကြိုက်တာတွေ သိပ်ဦးစားမပေးဘူး မိန်းမတွေကိုကြည့်မရဘူးလို အဖေကပြောတယ်"

'စန္ဒာ' ကမဲ့ရွဲ့ပြီး။

"မိန်းမတွေကိုကြည့်မရပေမယ့် သူ့ကိုမွေးလာတဲ့ သူ့အမေကလည်းမိန်းမပဲလေ"

"ငါထင်တာတော့ သူ့အမေကိုလည်း နာကြည်းမုန်းတီးနေပုံရတယ် ဘယ်တော့မှ မိဘအကြောင်းမိသားစုအကြောင်းမေးလို့မရဘူး"

"အင်း ဘုန်းကြီးလို့သက်ရှည်ပါ့မလား မိုးကြိုးစက်ကွင်းလွတ်ပါ့မလားနော်"

'စန္ဒာ' တို့အုပ်စုအိမ်ကိုအရင်မဝင်ဘဲ 'ရဲဝင့်' ထံအရင်သွားပြီး သတင်းထူးတွေပြောကြသည်။





"စိတ်ကူးမလွဲနဲ့ ရအောင်နှူးသိရဲ့လား... မိန်းမမုန်းတဲ့မှုတွေဟာ တကယ်တမ်းချစ်သွားရင် သူများထက်ပိုချစ်တတ်တယ်"

'ရဲဝင့်' က မျက်မှောင်လေးကျုံ့ကာကြည့်ရင်း...

"နင့်ကိုဘယ်သူပြောပြလဲ"

"အဟဲ ငါထင်တာပြောတာပါ"

"နင်တို့ပဲသူ့ကိုချစ်ကြ... ငါကချောမှလှမှကြင်နာတတ်မှ သဘောကျတာ"

"ငါတို့သိပါတယ်... နင်က 'ကိုတင်မောင်သန့်' ဆိုတဲ့လူကို သဘောကျနေတာမဟုတ်လား... ငွေကြီး ငိုရမယ်နားလည်လား"

"'ကိုသန့်' ကလည်းပြောပါတယ်... သူရည်းစားများတယ်တဲ့ ဒါပေမဲ့ဘယ်မိန်းကလေးကိုမှ မဖျက်ဆီးဘူးတဲ့ ဘယ်မိန်းကလေးကိုမှ သူကစပြီးမဖြတ်ခဲ့ဘူးတဲ့... သူ့ကိုရုပ်ချောလို့ပွေမှာပဲလို့တွေးပြီး မိတ်ဆွေသူငယ်ချင်းတွေနဲ့ရပ်ပြီး စကားပြောမိတာမြင်တာနဲ့ အထင်လွဲစိတ်ကောက်ပြီး အဆက်အသွယ်ဖြတ်သွားကြတာများတယ်တဲ့"

တစ်နေကုန်ပျောက်နေသော 'ညီထွန်း' ကမှောင်ရိပ်သမ်း



www.burmeseclassic.com

www.burmeseclassic.com



မှပြန်လာခဲ့သည်။

"ဒေါ်ဒေါ်ရေ... ဦးလေးရှိလားမသိဘူး"

"မရှိဘူးကွဲ့... အပြင်သွားတယ် အရေးကြီးလို့လား"

"မကြီးပါဘူး ဦးလေးအတွက်လက်ဆောင်လာပေးတာပါ... ပုဆိုးတစ်ကွင်းနဲ့ ပိတ်စတစ်စ... ဒေါ်ဒေါ့်အတွက်ကဆီနှစ်ပိဿာ"

"ဟယ် ပိုက်ဆံအကုန်ခံလို့ကွယ်... အားနာစရာကြီး"

'ဒေါ်ဝင်းခင်' မျက်လုံးတွေအရောင်လက်နေပါသည်။

အိမ်ခန်းထဲမှအပျိုမများကလည်း မျက်ခုံးပင့်လိုက်၊ ပခုံးတွန့်လိုက်မျက်စပစ်လိုက်နှင့် ခါတ်လိုက်ခံရသလိုဖြစ်နေကြသည်။

"ဟော့ ဟော့ ဒီပုဂ္ဂိုလ်ကတော့ နင့်ကိုကြိုက်နေတာသေချာတယ်... ပိုကြေးပန်းကြေးတွေကစိပ်နေတယ်လေ"

ထိုစကားတွေမှန်နေသဖြင့် 'ရဲဝင့်' ပင်လျှင် ရင်ခုန်လာမိသည်။

ထုံးစံအတိုင်း အဖေနှင့်အမေ ထမင်းစားရင်း 'ကိုညီထွန်း' အကြောင်းပြောနေကြသည်။

"'ခင့်' သမီးကိုများ စိတ်ဝင်စားနေသလားမသိဘူး"





"မဖြစ်နိုင်ပါဘူး... ငါကသူ့ကို အထင်ကြီးလေးစားလို့သူကပြန်လေးစားတဲ့သဘောပါပဲ... သူပြောဖူးတယ်... သူငွေပေါတဲ့အချိန်ကျရင် ငါ့ကိုလက်ဆောင်ပေးချင်တယ်တဲ့..မင်းကိုလည်းသူကြိုက်တာတွေချက်ကျွေးလို့ ဆီကုန်မှာပဲတဲ့... ဒါကြောင့်ဆီနှစ်ပိဿာလက်ဆောင်ပေးတာ"

"ရှင်ပြောပုံက ကျုပ်သမီးကိုစိတ်မဝင်စားနိုင်ဘူးလို့ အထင်သေးတဲ့သဘောလား"

"မင်းကလည်းကွာ ငါလည်းစိတ်ဝင်စားစေချင်တာပေါ့သူ့လိုမသောက်မစားတဲ့လူ ရှုပ်ရှုပ်ယှက်ယှက်မနေတတ်တဲ့လူမျိုးလက်ထဲငါ့သမီးကို အပ်ချင်တာပေါ့ကွာ... ဒါပေမဲ့ 'ညီထွန်း' လိုသူငယ်ကို မိန်းကလေးအတော်တော်များများက စိတ်ဝင်စားနေကြတာငါသိတယ်... 'ရဲဝင့်' သူငယ်ချင်းတွေရော ထုတ်ဝေသူရဲ့သမီးရော တခြားကိုယ်မသိတာတွေတစ်ပုံကြီးရှိဦးမှာ... အဲ့ဒီမိန်းမမျိုးအားလုံးထဲမှာ ကိုယ့်သမီးကအညံ့ဆုံးဖြစ်နေတာ ပညာရေးလည်းညံ့ အပြောအဆိုကိုယ်နေဟန်ထားဆိုလည်း ယောကျ်ားတွေကိုဆွဲဆောင်နိုင်တာမှမဟုတ်ဘဲ... မျက်နှာလေးလှတာပဲရှိတယ်...

မင်းပဲ စဉ်းစားကြည့်လေကွာ အဆောင်ဖွင့်[illegible]သုံးလ



www.burmeseclassic.com

www.burmeseclassic.com



လောက် ရှိတော့မယ်... အဆောင်သားတွေ တစ်ပုံကြီးရှိနေတာပဲ... စိတ်ဝင်စားမယ့်လူတစ်ယောက်လောက်တော့ ရှိသင့်တာပေါ့"

'ရဲဝင့်' အားငယ်ဝမ်းနည်းပြီး မျက်ရည်ကျရပါသည်။

တစ်ညလုံးလည်း အိပ်မပျော်ပါ။

အဘွားတို့ရေးခေတ်က ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် ရပ်ပြီး ရှေ့တည့်တည့်အားတိုက်မျိုးစုံ လှည့်ကြည့်ပြီးအနည်းငယ် ပူနေသောဗိုက်နှင့် တဖြောင့်တည်းဖြစ်နေသောခါးတို့ကို စိတ်ကူးဖြင့်လှီးထုတ်ကြည့်လိုက်မိသည်။

အပြားလိုက်ဖြစ်နေသော ဆံပင်ရှည်များကလည်း ပုံစံမျိုးစုံလုပ်ကြည့်နေမိသည်။

'ရဲဝင့်' မျက်လုံးတွေကအရောင်လက် နေပြီး နှုတ်ခမ်းထူထူလေးတွေကလည်း ပန်းပွင့်လေးလိုရဲနေသည်။

ဘီဒိုအံဆွဲထဲမှ အဘွားတို့၏ပုလဲပုတီးအဟောင်းများကိုလည်ပင်းတွင်ဆွဲထားတာတောင် မိမိရုပ်ကအတော်လှနေသည်။ မိတ်ကပ်ရိုက် နှုတ်ခမ်းနီဆိုး၊ အိုင်ရှဲဒိုးတွေဘာတွေထည့်လိုက်လျှင် ဘာလို့သူများမကြည့်ဘဲနေမလဲ။

ကိုယ်လုံးများလှလို့ကတော့ မိမိကိုရယူပိုင်ဆိုင်လိုချင်ကြ၍ လုပွဲသတ်ပွဲတွေတောင်ဖြစ်မှာသေချာသည်။





မှန်ထဲမှမိန်းမလေးက 'ရဲဝင့်' ကိုခါးထောက်၍ မဲ့ပြုံးလေးဖြင့်ပြန်ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၈

"'မောင်သန့်' ခုတလောထမင်းမှန်မှန်လာမစားပါလား ဟင်းမကြိုက်လို့လား"

"မဟုတ်ပါဘူး ဒေါ်လေး... အပြင်မှာကျွေးတဲ့လူနဲ့ခုတလောလောတိုးတိုးနေလို့ပါ"

'ဦးကျော်' အပြင်ကပြန်လာပြီးပါပြီ။

အဆောင်ကထမင်းဟင်းညံ့၍ ရုံးကကောင်မလေးတွေယူလာသောထမင်းချိုင့်တွင် ကပ်စားနေကြောင်း။

'တင်မောင်သန့်' ကထမင်းကောင်းဟင်းကောင်းအလွန်





ကြိုက်သူဟု 'ဝင်းစိုး' တို့ထံမှပြန်ကြားရသည်။

"'တင်မောင်သန့်' ထမင်းမှန်မှန်မစားမှတော့သူ့ထမင်းလခလည်းမယူချင်တော့ဘူးတော်... တခြားမှာစားချင်လည်းစားပါစေတော့"

"မင်းကလည်း တဆိတ်ရှိဒေါသထွက်ဖို့ချည်းပဲ... စိတ်ရှည်ရှည်ထားမှပေါ့ တစ်ယောက်ထွက်ရင်အကုန်ထွက်ကုန်မှာပေါ့... အချက်အပြုတ်ကိုပုံသေနည်းနဲ့ မချက်နဲ့တော့... တစ်ခါတလေတရုတ်ထမင်းဟင်းပုံစံလေးလုပ်... စနေတနင်္ဂနွေဆို လူစုံရင် ဒံပေါက်လေးဘာလေးချက်ပေး... မနက်ဘက်မုန့်ဟင်းခါးလေးဘာလေးချက်ပေး"

"ဟုတ်ပါတယ် ရှင်ကဖောတိကသူဌေးဆိုတော့"

"မင်းကလည်းကွာ... ငါတို့တစ်အိမ်လုံးလည်း ဒီထမင်းအိုးထဲကပဲစားနေတာဆိုတော့ တစ်ခါတလေလည်းကိုယ့်အိတ်ကပ်ထဲကစိုက်သင့်တာပေါ့... အမြတ်ကိုကြီးပဲမကြည့်နဲ့လေ... 'မောင်ညီထွန်း' ကိုတောင်ဖွယ်ဖွယ်ရာရာလုပ်ပေးနိုင်သေးတာပဲ"

"သူက သက်သတ်လွတ်စားတာဆိုတော့ ပဲပြုတ်တို့ အသီးအရွက်တို့က ဈေးပေါတယ်လေ"

"ငါကြားထားတယ် တကယ်တမ်းကျတော့ အပြင်မှာသူ



www.burmeseclassic.com

www.burmeseclassic.com



သက်သတ်လွတ်မစားဘူး"

"ဘာတွေမှန်းလည်းမသိဘူးတော်... တစ်ယောက်တစ်မျိုးနဲ့ ကျုပ်လည်းတစ်နေ့တစ်မျိုးမရိုးရအောင် ချက်နေတာပါပဲ မိုးမလင်းခင်ထပြီး တစ်နေကုန်ဒီစားဖို့သောက်ဖို့ ထမင်းတွေ ဟင်းတွေမရိုးအောင်ချက်ဖို့ စီစဉ်ဝယ်ခြမ်းနေတာပါပဲ... သူတို့ ဆီကအမြတ်ကို ကိုယ့်မိသားစုစားနေရတာနဲ့ ထေလိုက်တဲ့ သဘောပဲရှိတယ်"

"အဲ့ဒါပြောတာပေါ့... ကိုယ့်မိသားစုကပဲ ရှစ်ယောက်ရှိတာလေ... လေးယောက်စာလောက် ကိုယ့်အဆောင်လစာထဲက ပြန်ထည့်လိုက်... တစ်ပတ်တစ်ခါလောက် ရှယ်ဟင်းရှယ်ထမင်းလေးတွေချက်ပေးလိုက်ကွာ... ပြီးတော့ မင်းတစ်ယောက်တည်းကြီးပဲလည်းမလုပ်နဲ့လေ... အငယ်နှစ်ယောက်ကိုလည်းခိုင်းဦး... ဈေးကိုသူတို့ကိုလွှတ်... အိုးခွက်ကိုသူတို့ကိုတိုက်ခိုင်း"

"သူတို့လည်းလုပ်ပေးရှာပါတယ်"

'ဒေါ်ဝင်းခင်' ပုံစံက နွမ်းလျနေပါသည်။

အိပ်ယာထဲတွင် တလူးလူးတလွန့်လွန့်အိပ်မပျော်သူက 'ရဲဝင့်'။

နောက်တစ်နေ့မနက်ဈေးသွားရင်း မောင်ဖြစ်သူကိုရင်





ဖွင့်မိသည်။

"အဆောင်ဖွင့်စားတော့လည်း အဆောင်လာနေတဲ့သူတွေက တစ်ယောက်တစ်ပေါက်နဲ့... ဟိုလူကတစ်မျိုး ဒီလူကတစ်မျိုး စိတ်ညစ်လိုက်တာဟာ"

"'လင်းဆင့်' ကတော့အားလုံးနဲ့တည့်အောင်နေပြီး သူတို့အကူအညီတောင်းရင် တတ်နိုင်တာဆိုရင်လုပ်ပေးလိုက်တယ် ကျွေးရင်စားလိုက်တယ်ပေးရင်ယူလိုက်တယ်... အဲ ဟိုဂလန့်ကြီးတစ်ယောက်ကိုပဲမပတ်သက်တာ"

"အမှန်အတိုင်းပြောရရင် အဲ့ဒီဂလန့်က ဘယ်သူ့အကြောင်းမှမပြောတတ်ဘူး... ဘယ်သူ့ကိုမှပြဿနာမလုပ်ဘူး အဲ သူ့ကိုသွားမထိရင်ဘာပြဿနာမှမရှိဘူး... ခက်နေတာက တွေ့ရင်ပြုံးပြုံးရွှင်ရွှင်ဖော်ဖော်ရွေရွေလုပ်ပြီး နှင့်ကိုညာခိုင်းနေကြပြီး ကွယ်ရာမှာနင့်ကို အခြောက်တို့ဂန်ဒူးတို့ ဂျယ်တို့ခေါ်နေ လှောင်နေကြတာ... ငါအရမ်းဒေါ်ပွတယ်...နောက်ကိုသူတို့ဘက်ကိုမသွားနဲ့တော့ မပတ်သက်နဲ့တော့"

"ဩော် သူတို့လာခေါ်တော့လည်း ကိုယ်ကငြင်းလို့မှမရတာ... ပြီးတော့ မေမေတစ်ယောက်တည်းဖြစ်နေတော့[illegible] ကူရတော့တာလေ... မမကျတော့ ယောကျ်ားတွေရှိတဲ့အချိန်ဆို



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲအောင်းနေရတာမဟုတ်လား... 'လင်းဆင့်'ပဲလုပ်ပေးရတော့တာပေါ့"

"ငါ တစ်ခုစဉ်းစားထားတယ်... ငါ့သူငယ်ချင်းတချို့စီးပွားရေးလုပ်ငန်းလုပ်နေကြတယ်... အဲ့ဒီမှာရတဲ့အလုပ်သွားဝိုင်းကူလုပ်ပေးပြီး ရတဲ့လခကိုမေမေ့အတွက် ကူဖော်လောင်ဖက်ကောင်မလေးတစ်ယောက်လောက် ငှားပေးမလားလို့"

"အင်းပေါ့လေ ကောင်းမယ်ထင်ရင်လုပ်ပေါ့... ဖေဖေခွင့်ပြုပါ့မလား"

"သူတို့ကငါ့ကိုဆန်ကုန်မြေလေးလို့ သဘောထားနေကြတာပဲ... ဖြစ်နိုင်ရင်စားရိတ်ငြိမ်း အိပ်ဖို့နေရာပါပေးမယ့်အလုပ်ရှိရင်ပိုကောင်းမှာ"

ထို့အကြံအစည်ဖြင့် 'ရဲဝင့်'နေ့တိုင်းအပြင်ထွက်သည်။

မိမိကိုအထင်မကြီးကြဘူးဆိုတာသိသဖြင့် အဆောင်သားတွေကိုတွေ့လျှင် အရင်ဦးအောင်လမ်းလွှဲလျှင်လွှဲသည်။ ပက်ပင်းတိုးခဲ့လျှင်လည်း မကောင်းတတ်၍ပြုံးပြပြီး စကားမပြောတော့။

"ခုတစ်လောဟိုဘက်အိမ်က ဒေဝဆရာကရှုံးထုတ်ပြီးနေ့တိုင်းအပြင်ထွက်နေတာကိုယ့်လူ... တစ်နေရာရာမှာ အလုပ်သွား





လုပ်တဲ့ပုံပဲ... အဲ့မယ် ပြင်လိုက်ဆင်လိုက်ရှုံးထုတ်လိုက်တော့လည်း တော်တော်ကြည့်လို့ကောင်းသား... ဗိုက်ကလေးနည်းနည်းပူပြီး ခါးလေးနည်းနည်းတုတ်တာပဲပြောစရာရှိတာ"

"မင်းကသဘောကျနေပြီပေါ့လေ"

"ရုပ်ကိုတော့သဘောကျချင်သား... ဒါပေမဲ့ ရုပ်ကချက်စားလို့ရတာမဟုတ်ဘူးလေ... သူကဘွဲ့မရတာက အပြစ်တစ်ခုအလုပ်မရှိတာက အပြစ်တစ်ခု... ပြီးတော့သွားတာလာတာနေတာထိုင်တာ ဖရိုဖရဲနဲ့ဗရမ်းဗတာ... ဟိုတစ်နေ့က ကားပေါ်ကအဆင်းပြုတ်ကျလို့ ငါပဲပြေးထူလိုက်ရသေးတယ်... လက်ဘက်ရည်ဆိုင်ထဲကလူတွေကလည်း တဟားဟားနဲ့ပွဲကျနေသေးတယ်"

'သန်းငွေး'စကားကြောင့် ရယ်သံတွေထွက်လာသည်။

"မင်းကမိန်းမပီပီသသထဲကလိုချင်တာလား... ဒါဆို'လင်းဆင့်'ကိုသာယူလိုက်... မိုးလင်းရင်သနပ်ခါးအဖွေးသားနဲ့ခြေကားယားလက်ကားယားလေးနဲ့"

"ဟား ဟား ဟား"

'ညီထွန်း'ဒေါကန်နေမိသည်။

သူများသားသမီးကို မှိုချိုးမျှစ်ချိုးပြောနေသူများကိုလား



www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင်မတတ်သော မောင်နှမနှစ်ယောက်ကိုလား မပြောတတ်ပါ။

နက်ဖြန်ရုံးပိတ်ရက် တစ်ညလုံးစာရေးပြီး နောက်နေ့ တစ်မနက်ခင်းလုံး အိပ်လိုက်မည်ဟုစိတ်ကူးမိသည်။

စိတ်ကူးမိမှပဲ ညခုနစ်နာရီခန့်တွင် မီးတွေငြိမ်းသွားခဲ့သည်။ နေ့ခင်းတုန်းကလမ်းထိပ်က ဓါတ်တိုင်ကိုကားတစ်စီးဝင်တိုက်သွားသောကြောင့်ဟုသိရသည်။

မီးမလာမှတော့ စောစောဝင်အိပ်ပြီး ညကျမှဖယောင်းတိုင်ဖနှင့်ထရေးတော့မည်။

မီးမလာသဖြင့်ပတ်ဝန်းကျင်ကလည်း ရေဒီယိုသံ၊ ကက်စက်သံ၊ တီဗွီသံတွေငြိမ်သက်နေသည်။

"ဟဲ့ 'ရဲဝင့်' အိပ်ပြီလားကွဲ့"

"အိပ်တော့မအိပ်သေးဘူးပေါ့ မီးမလာတော့ဘာအလုပ်မှမရှိလို့လှဲနေဟာ"

" 'လင်းဆင့်' ရော ရှိလား"

"ဟင့်အင်း အစောကြီးတည်းကထွက်သွားခဲ့ပြီ... အဘွားဘာခိုင်းချင်လို့လဲ"

"မှောင်ကလည်းမှောင် ပူကလည်းပူတော့ ချွေးတွေထွက်





ပြီးမှုးနောက်နောက်ဖြစ်နေတယ်... လမ်းထိပ်ကအအေးဆိုင်က သံပုရာရည်ချဉ်ချဉ်လေးသောက်ချင်လို့လေ"

"စောစောကပြောရောပေါ့ ဘွားဘွားရယ်... သွားဝယ်ပေးမှာပေါ့... ဘိုးဘိုးအတွက်ပါ လေးခွက်ဝယ်လိုက်မယ်"

"နှစ်ခွက်လောက်ဆိုရပါပြီ... ရေခဲများများလေးတောင်းခဲ့"

"ဟုတ် ဟုတ်"

"ဟဲ့ ပိုက်ဆံလာယူဦး"

"ရတယ် သမီးမှာရှိတယ်"

'ရဲဝင့်' ဂျိုင့်ကလေးဆွဲ၍ ထွက်သွားသဖြင့်...

"ကောင်းကောင်းသွားဦးနော်... မှောင်ထဲမှာချော်လဲနေဦးမယ်"

"ဟုတ်ကဲ့ပါ"

တစ်လမ်းလုံးမှောင်နေသဖြင့် လက်နှိပ်ဓါတ်မီးကိုယ်စီဖြင့်သွားလာနေကြရသည်။

အအေးဆိုင်မှာလည်း ဖယောင်းတိုင်ထွန်းထားသည်။

"သံပုရာရည်သုံးခွက် မြန်မြန်လုပ်ပေးနော်... ရေခဲတုံးများများထည့်ပေး... ချဉ်ချဉ်လေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကို မမှတ်မိစရာမရှိပါ။

နေ့စဉ်ငှက်ဆိုးထိုးသံလို ကြားနေရတာလေ။

'ရဲဝင့်' က သူ့ဘေးရှိစားပွဲခုံတွင် 'ညီထွန်း' အအေးထိုင်သောက်နေသည်ကို လုံးဝမသိ။

သူမပုံစံကမှောင်ထဲမှာပင် ဖရိုဖရဲမှန်းသိသာသည်။

အင်္ကျီကလည်းဟိုက်လက်ပြတ်၊ စပန့်သားပျော့ပျော့ကို အင်္ကျီနှင့်ကွာတားဘောင်းဘီဆင်တူ ချုပ်ထားခြင်းဖြစ်သည်။

ဆံပင်ရှည်များကိုယောင်ထုံးလို ဂျိုစောင်းတွင်ခပ်လုံးလုံးထုံးထားခြင်းဖြစ်သည်။

"ဝေး ဟေး ဟေး"

"ဖြောင်း ဖြောင်း ဖြောင်း"

ရုတ်တရက်မီးတွေလင်းလာသဖြင့် ကလေးတွေရောလူကြီးတွေပါ လက်ခုပ်တီးကြ၊ အော်ကြဟစ်ကြဖြစ်ကုန်တော့သည်။

"ဟာ သရဲ သရဲ"

အများနှင့်အတူလိုက်ရယ်နေသော 'ရဲဝင့်' ကိုကလေးတချို့က လက်ညှိုးထိုး၍ ပြောနေခြင်းဖြစ်သည်။

ဟောဗျာ ဟုတ်ပါရဲ့။ မှောင်ထဲမှာပင် သူမရဲ့ပုံပန်း





သဏ္ဍာန်နှင့်အသံကိုမှတ်မိနေခဲ့သော 'ညီထွန်း' ပင်လျှင် မီးလင်းလာသောအခါ သူမမျက်နှာကို မမှတ်မိတော့ပါ။ မမှတ်မိလောက်အောင်လည်း သူမမျက်နှာပေါ်တွင် သနပ်ခါးတွေအပုံလိုက်အပုံလိုက်လိမ်းထားခြင်း၊ အုံထားခြင်းဖြစ်သည်။ နဖူးပေါ်တွင်လည်း အပုံလိုက် မျက်ခုံးထဲမှာလည်းသနပ်ခါးတွေအထပ်လိုက်။ အဲလည်ပင်းမှာတော့လုံးဝမရှိ။ တကယ့်သရဲအတိုင်းပါပဲ။

လူတွေလက်ညှိုးထိုးပြီးရယ်လေမှ 'ရဲဝင့်' က သူ့မျက်နှာကိုလက်ဝါးဖြင့်ပွတ်ကြည့်ပြီး...

"အို ဟုတ်သားပဲ သနပ်ခါးတွေအပုံလိုက်လိမ်းထားပြီးအိပ်နေတုန်း ဘွားဘွားခိုင်းလိုက်လို့ မေ့ပြီးထွက်လာတာ ဒုက္ခပါပဲ"

'ရဲဝင့်' ၏ဖရိုဖရဲ ဗရုတ်သုတ်ခမြင်ကွင်းကို ရပ်ကွက်ထဲကလူတော်တော်များများရော အဆောင်ကလူအတော်များများပါမြင်လိုက်ကြရပါသည်။

မီးပျက်ပြီးအလွန်ပူအိုက်သဖြင့် လမ်းထိပ်အအေးဆိုင်တွင်လူတွေစုပြုံတိုးနေခြင်းဖြစ်သည်။

"'ဦးကျော်' ရဲ့သားသမီးလေးယောက်က ရယ်ကြတယ် အကြီးနှစ်ယောက်ကတော်သလောက် အငယ်နှစ်ယောက်ကသုံး



www.burmeseclassic.com

www.burmeseclassic.com



လို့ကိုမရတော့ဘူး... တစ်ယောက်ကမိန်းမမပီသဘူးတစ်ယောက်က ယောကျ်ားမပီသဘူး... ရယ်စရာတော့အကောင်းသား"

ရပ်ကွက်ထဲမှလူရွယ်တစ်ဦးက ပြောလိုက်ခြင်းဖြစ်သည်။

ထိုစကားကကျယ်သွားသဖြင့် 'ရဲဝင့်' များကြားသွားလေမလားဟု 'ညီထွန်း' စိုးရိမ်မိသွားသည်။

ဒီကောင်မလေးကလည်း အပျိုဖြစ်ပြီးသိုသိုသိပ်သိပ်မှမရှိတာ အပြောခံရတော့မှာပေါ့လေ။

"ရှက်လိုက်တာအမေရယ်... အဘွားတို့ကိုဝယ်ပေးချင်တဲ့ဇောနဲ့ သနပ်ခါးတွေအပုံလိုက်လိမ်းထားတာကိုမေ့ပြီး အအေးဆိုင်ထွက်သွားမိတယ်... ဖြစ်ချင်တော့ 'ရဲဝင့်' ရောက်ပြီးမီးတွေကထိန်လင်းသွားတယ်... ဝိုင်းရယ်လိုက်ကြတာ"

"အင်း ညည်းကတော့အရာရာနဲ့ အကြောင်းကြောင့်ကြီးပဲ... ရှက်မနေပါနဲ့တော့လေ တစ်လမ်းလုံးကလည်းငါ့သမီးကို ဖရိုဖရဲဆိုတာသိပြီးသား ပဲဟာ"

"အမေကလည်း ပြောတော့မယ်"

"ဒါနဲ့ညည်းက ဒီလောက်ထူအမ်းနေအောင် ရွှံ့ပုံသလိုဘာလို့သနပ်ခါးတွေကို ပုံထားရတာလဲ... နည်းနည်းပါးပါးလူး





ရင်တော်ပြီပေါ့"

"အဟဲ လှချင်လို့ပေါ့အမေရယ်... သနပ်ခါးတင်မဟုတ်ဘူး.. ဂျုံ ကြက်ဥ သခွားသီး သံပုရာသီး အကုန်ရောပြီးအနှစ်လုပ်ပြီးပုံထားတာ... နှစ်ရက်တစ်ခါလောက်လုပ်နေတာ အမေမသိလို့... မနက်ဘက်မျက်နှာသစ်လိုက်ရင် ချောမွတ်ပြောင်လက်နေတာပဲ အမေသတိမထားမိလို့ပါ"

"မထားမိပါဘူးအေ... မျက်လုံးနှစ်လုံးပွင့်တာနဲ့ ထမင်းအိုးဟင်းအိုးတွေကို ထိုင်ကြည့်နေရတာ"

"အမေမပူနဲ့... 'ရဲဝင့်' လခတိုးရရင် အမေ့ကိုထမင်းဟင်းမချက်ခိုင်းတော့ဘူး"

"နေပါဦး အခုငါ့သမီးက ဘာအလုပ်ဝင်လုပ်နေတာလဲ ပြန်လာရင် အကြော်ထုပ်မျိုးစုံပါပါလာတာ ဝယ်လာတာလား"

"ဘယ်ကဟုတ်ရမှာလဲ... 'ရဲဝင့်' သူငယ်ချင်းကအကြော်စုံထုပ်ရောင်းတာ... အာလူးအဖြူကြော် ငရုပ်သီးနဲ့အစပ်ကြော် ဘာလချောင်ကြော်မျိုးစုံ ပဲကြော်မျိုးစုံ ဒံပေါက်ထဲထည့်တဲ့ကြက်သွန်ကြော် ကြော်လို့ရတာမှန်သမျှ အကုန်ကြော်တော့တာ ပြီးတော့ပလပ်စတစ်နဲ့ထည့် တံဆိပ်ကပ်ပြီး ဆိုင်တွေမှာလိုက်သွင်းတာ... အရမ်းရောင်းကောင်းတာ"

www.burmeseclassic.com

www.burmeseclassic.com



"ညည်းက အဲ့ဒီမှာဘာလုပ်ရတာလဲ"

"ဝိုင်းကြော် ဝိုင်းထုပ်ပေါ့"

"အို ဆီအိုးနားမှာထိုင်ကြော်ရတာလား... မျက်နှာတွေ လက်တွေဆီတွေပေါက်ကုန်လို့ ရုပ်ဆိုးသွားဦးမယ်"

"အမေရယ် အလုပ်ရွေးနေလို့ဘယ်ဖြစ်ပါ့မလဲ... 'ရဲဝင့်' သူငယ်ချင်းတောင် ပိုက်ဆံချမ်းသာပေမယ့် ကိုယ်တိုင်ဝင်ကြော် ဝင်ထုပ်တဲ့အပြင် အကြော်မကြော်တဲ့ရက်ဆိုရင် သူကိုယ်တိုင်ကား နဲ့ဆိုင်တွေမှာလိုက်သွင်းတာ... တစ်လသုံးသောင်းလည်းပေးသေး တယ်... မနက်စာညစာနေ့လည်မုန့်လည်းကျွေးသေးတယ် ဒါ လောက်တော့လုပ်ရမှာပေါ့... လကုန်ရင်အမေ့ကိုနှစ်သောင်းအပ် မယ်"

"အို ညည်းရှာတာညည်းသုံးပါအေ... နေ့တိုင်းလည်း အကြော်ထုပ်တွေ အသားတွေငါးတွေဝယ်လာနေတာပဲ"

"'စောထွေး' က ငါးထောင်ကြိုထုတ်ပေးထားတယ်လေ ဘွားဘွားတို့အတွက် မနက်ဖြန်ပန်းသီးဝယ်လာခဲ့မယ်"

မိခင်က စိတ်မကောင်းသောမျက်နှာမျိုးဖြင့် စိုက်ကြည့် နေသဖြင့်...

"မျက်နှာကိုမထိအောင် အကြော်လုပ်တဲ့အချိန်ကျရင်





လိုပဲမျက်နှာပေါ်မှာ ဂျုံနှစ်တွေပုံထားတာ...လက်မှာလည်းအဝတ် လက်အိတ်တွေစွပ်ထားတာ... ပိုင်ပါတယ် အမေရ"

'ရဲဝင့်' က မီးလာပြီဖြစ်၍ မနက်ဖြန်အလုပ်သွားလျှင် ရှိုးထုတ်ဖို့လုံချည်တစ်ကွင်းကို လက်ဖြင့်ထိုင်ချုပ်နေပါသည်။

"လက်ညောင်းပါတယ်ကွယ်... မနက်ဖြန်အမေဈေးက ဆိုင်မှာဝင်ချုပ်ခဲ့ပေးမယ်"

"အဲ့ဒီအချိန်ဆို နောက်ကျပြီအမေရဲ့"

"ဒါဆို နောက်ရက်မှဝတ်လေ"

"ထမီတွေကထပ်နေပြီ ဒါကြောင့်..."

"သဘော သဘော"



www.burmeseclassic.com

www.burmeseclassic.com



## ၉

ရုံးသို့အတွက် ကားဂိတ်မရောက်ခင် မိတ်ဆွေတစ်ယောက်ကအတင်းဆွဲထားပြီး လက်ဘက်ရည်သောက်ဖို့ခေါ်နေသဖြင့် 'ညီထွန်း' အကြောက်အကန်ငြင်းနေပါသည်။

"မင်း သူများကျွေးတိုင်းမစားတတ်ဖူးဆိုတာ ငါသိပါတယ်ကွာ... ဒါပေမဲ့ ဒီအတိုင်းကြီးရပ်စကားပြောတာမျိုးထက် ဆိုင်ထဲဝင်ပြီးပြောတာက ပိုကောင်းလားလို့ပါ... ငါတောင်းပန်ပါတယ်"

အတင်းဆွဲခေါ်လာသဖြင့် ဆိုင်အတွင်းရှိ ခုံတစ်ခုံတွင်





ဝင်ထိုင်ဖြစ်ကြသည်။

"ဟိုတစ်လောတုန်းက ငါမြို့ကိုပြန်ရောက်သေးတယ်"

'ညီထွန်း' က ခေါင်းညိတ်ပြသဖြင့်...

"'ယမင်းခင်' တို့တောင်ကွဲသွားကြပြီပဲ"

ထိုစကားကိုမကြားသလို၊ စိတ်မဝင်စားသလိုလုပ်နေရင်း...

"ပေါ့ကျတစ်ခွက်နဲ့ချိုစိမ့်တစ်ခွက်ပေးပါ... ပြီးတော့ ကော်ပြန့်ပွဲကြီးတစ်ပွဲပေးပါ"

"ငါကျွေးမှာပါကွ"

"ရပါတယ် ကျုပ်ဆီလာတာ ကျုပ်ဒကာခံရမှာပေါ့"

'ညီထွန်း' ၏နောက်ဘက် မျက်စောင်းထိုး ခုံတွင် အဆောင်မှူး 'ဦးကျော်' ထိုင်နေတာကို 'ညီထွန်း' မတွေ့ပါ။

ထိုအချိန်တွင်ဆိုင်ရှေ့လမ်းမကြီးပေါ်တွင် လှပစွာဝတ်စားပြင်ဆင်လာသော မိန်းကလေးတစ်ယောက်ကိုတွေ့လိုက်ရသဖြင့် ဆိုင်တွင်းရှိပုရိသများ၏မျက်လုံးပေါင်းများစွာက စုပြုံရောက်ရှိသွားသည်။

"ဟင် 'ခင်ရဲဝင့်' ပါလား... ညတုန်းကတော့သရဲဆိုလား အောက်မေ့ရတယ်... ခုတော့လည်းမိုးပေါ်က နတ်သမီးပြုတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



လာသလိုလားတောင်ထင်ရတယ်... ခုတလော သူပိုလှလာသလို ပိုလည်းရှိုးများလာတယ်"

ဆိုင်နောက်ဘက်တွင် သူမ၏ဖခင်အရင်းခေါက်ခေါက် လက်ဘက်ရည်ထိုင်သောက်နေကြမှန်းမသိကြ၍ ဆိုင်ရှေ့ဘက်တွင်ထိုင်နေသော ကာလသားများက စိတ်လွတ်လက်လွတ်ပြောနေကြခြင်းဖြစ်သည်။

ဟုတ်ပါသည်။ တစ်ခြိတည်းနေပြီး သူမသွားတာလာတာနှင့် သိပ်မဆုံဖြစ်သော 'ညီထွန်း' ပင်လျှင် ယနေ့သူမ၏လှပစွာပြင်ဆင်လာမှုကို အံ့သြသွားရပါသည်။

ကိုယ်ဟန်ကလည်း အတော်အချိုးကျလာသလိုပါပဲလား။

ကိုယ်ကျပ်အင်္ကျီကြောင့်လားတော့ မသိ။

အရပ်မြင့်၍ ကြည့်ကောင်းနေတာလား။

ခုံမြင့်ဖိနပ်ကြောင့် ခန္ဓာကိုယ်ကကျော့ရှင်းနေသည်။ ပန်းရင့်ရောင်ဝတ်စုံ ပန်းရင့်ရောင်ထဲနှင့် မျက်နှာကပန်းသွေးရောင်ရဲနေသည်။

"ဟောဗျာ"

"ဟား ဟား ဟား နောက်ဆုံးတော့ ကျော်ဟိန်းဟာကျော်





ဟိန်းပါပဲဆိုသလို 'ရဲဝင့်' ဟာ 'ရဲဝင့်' ပါပဲနော်... ဘယ်သူမှမတုပနိုင်ဘူး"

ကောင်လေးတွေရယ်သံကြောင့် 'ရဲဝင့်' ဘာတွေပေါက်ကရလုပ်လာပြန်ပြီလည်း 'ညီထွန်း' သေချာဂရုစိုက်ကြည့်လိုက်မိပါသည်။

လက်ဘက်ရည်ဆိုင်ရှေ့တည့်တည့်တွင် ဘတ်စ်ကားဂိတ်ရှိသဖြင့် သူမက ခပ်နွဲ့နွဲ့ကလေးရပ်နေပါသည်။

ဟုတ်ပါရဲ့သူမ၏တင်ပါးပေါ်မှ စူးရှတောက်ပြောင်နေသောအရာဝတ္ထုက ဆိုင်ထဲကိုဆလိုက်ထိုးထားသလို တလက်လက်အရောင်ထွက်နေပါသည်။ သေချာစိုက်ကြည့်တော့မှထမီကိုတံဆိပ်မခွာဘဲဝတ်လာကြောင်း တွေ့ရသည်။ ဒုက္ခပါပဲ ဒီကလေးမ။ ကားပေါ်ရောက်လျှင်လည်း အရှက်ကွဲဦးမည်။ 'ညီထွန်း' ဆိုင်ရှေ့သို့ထွက်လာပြီး သူမဘေးတွင် သွားရပ်လိုက်သည်။

'ညီထွန်း' ကိုမြင်သောအခါ သူမကမျက်စောင်းထိုး၍ ခေါင်းကိုချာကနဲလှည့်သွားသည်။

"ပဲသိပ်များမနေနဲ့... နင့်ကိုထမီတံဆိပ်မခွာဘဲဝတ်လာလို့ ဆိုင်တွေကလူတွေဝိုင်းဟားနေတာ သိရဲ့လား"

ထိုစကားကြောင့် 'ရဲဝင့်' မျက်နှာတစ်ချက်ပျက်သွား



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဆိုင်ထဲသို့မျက်စောင်းတစ်ချက် ထိုးကြည့်ပြီးနောက် ရွှေရောင်တံဆိပ်ကိုဆက်ကနဲခွာရင်း ပါးစပ်မှပွစိပွစိနှင့်ပြောနေသေးသည်။

"မရှက်ပါဘူး"

"ရှက်မယ်ထင်လို့လာပြောမိတာ သည်လိုမှန်းသိရင်လာမပြောပါဘူး"

ထုံးစံအတိုင်း ဘုကျပြီးလမ်းခွဲရစမြဲ။

"ခင်ဗျားရည်းစားလား"

ဆိုင်ထဲပြန်ဝင်ထိုင်သည်နှင့် ညွှ့်သည်ကမေးတော့သည်။

"မဟုတ်ပါဘူး"

"ချောချောလေးပဲ အရင်ကထက်စာရင် မိန်းမမှန်းတီးရေးစိတ်ဓါတ်နည်းနည်းတော့ လျော့သွားပြီထင်တယ်"

"ဘာဆိုင်လို့လဲ"

"သြော် မိန်းကလေးတစ်ယောက် အရှက်ကွဲမှာစိုးလို့ အပြေးအလွှားသွားပြောပေးတာ တွေ့ရလို့ပါ"

"ဘာမှမဆိုင်ဘူး ကျုပ်နေတဲ့အဆောင်မှူးရဲ့သမီးဖြစ်နေလို့ သွားပြောပေးတာ... ဒါပေမဲ့မိန်းမဆိုတာမိန်းမပဲ... အရော



BURMESE CLASSIC .com



ဝင်လို့ကိုမကောင်းဘူး... တွေ့တယ်မဟုတ်လား စေတနာကိုစော်ကားမှုနဲ့တုံ့ပြန်လိုက်တာ"

"ရှက်ရမ်းရမ်းတာ နေမှာပေ့ါလေ"

"ကဲ စားပါဦး လက်ဘက်ရည်တစ်ခွက် ထပ်မှာလိုက်မယ်"

"တော်ပြီ တော်ပြီ... ကိုယ်ပြောစရာရှိလို့ မင်းကိုရှာနေတာကြာပြီ... လေးငါးလလောက်ရှိပြီ... ရန်ကုန်ရောက်တိုင်းမင်းကိုလိုက်ရှာနေတာ... မင်းအမေကွာ..."

"ဟိုး ဟိုး အဲ့ဒီအကြောင်းဆိုရင်တော့ ဆက်မပြောပါနဲ့တော့... တောင်းပန်ပါတယ်"

မျက်နှာကခက်ထန့်သွားသလို လက်နှစ်ဘက်လုံးကိုလည်း ကာပြနေပါသေးသည်။

"'မီမီထွန်း' လည်း..."

စကားမဆုံးခင်မှာပင် 'ညီထွန်း' ကထိုင်နေရာမှဝုန်းကနဲထသွား၍ ထွက်သွားပါတော့သည်။ မည်မျှဒေါပွသွားသနည်းဆိုလျှင် လက်ဘက်ရည်ဖိုးမုန့်ဖိုးပင်လျှင် ရှင်းမသွားတော့ပါ။

ညွှ့်သည်ခမြာရယ်ကျဲကျဲမျက်နှာဖြင့် ကောင်တာမှငွေရှင်းပြီးထွက်ခဲ့ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင့်ကိုမေးစရာရှိလို့"

'ဦးကျော်' ၏စကားကြောင့်...

"ဗျာ ကျွန်တော့်ကိုလား... ဘာများမေးချင်လို့လဲ ဦးနဲ့ ကျွန်တော်နဲ့မှမသိတာ"

"ဟုတ်ပါတယ် ကျုပ်က 'ညီထွန်း'ရဲ့အဆောင်မှူးပါ... လာပါ ကျုပ်အိမ်ကိုလိုက်ခဲ့ပါ"

'ညီထွန်း' ၏ စိတ်ဝင်စားစရာနောက်ကြောင်းကိုသိရသဖြင့် ခေါ်ခဲ့ခြင်းဖြစ်သည်။ 'ရဲဝင့်'လည်းအိမ်မှာမရှိသဖြင့်'ညီထွန်း' ဖုံးကွယ်ထားသောနောက်ကြောင်းများ ပျံ့လွင့်စရာမရှိတော့ပါ။

မိမိအိမ်ဘက်ခေါ်သွားလျှင် 'မဝင်းခင်' သိမည်။ သူ့သမီးကိုပြောပြမည်။ ထို့ကြောင့်အဆောင်ရှေ့ ပန်းခြံငယ်ထဲတွင် စကားပြောကြသည်။

"'ညီထွန်း' တို့အရင်ကအရမ်းချမ်းသာတာ... မြို့မှာသူတို့အချမ်းသာဆုံးပဲ... သူတို့မြို့နဲ့မန္တလေးနေ့တိုင်းပုံမှန်ပြေးတဲ့ အဲယားကွန်းဟီးနိုးကလေးစီး... ကားဂိတ်ကနှစ်ခုအပြင် ကုန်တင်ကားကသုံးစီးရှိတာ... အဲ့ဒါကလမ်းမပေါ်မှာပြေးနေတဲ့ပစ္စည်းတွေပဲရှိသေးတာ... မြို့ပေါ်မှာငှားထားတဲ့အိမ်ခန်းဆိုင်ခန်းအပြင် သူတို့အမေကိုယ်တိုင်ဦးစီးဖွင့်ထားတဲ့ စတိုးဆိုင်ကြီးကလည်းဟီးထ





နေတာပဲ... အဲ့ဒီအချိန်တုန်းက 'ညီထွန်း' မန္တလေးတက္ကသိုလ်မှာ ပထမနှစ်ပဲရှိသေးတယ်... 'ညီထွန်း' ပိုက်ဆံချမ်းသာမှန်းသိတော့ ကြိုက်တဲ့ကောင်မလေးတွေ ဝိုင်းဝိုင်းလည်ပေါ့... ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်ပဲပေ့ါ... သူ့အဖေကသားကို အဆောင်မှာမထားဘဲ တိုက်ခန်းတစ်ခန်းဝယ်ပေးထားတယ်... ခိုင်းဖို့ကောင်လေးတစ်ယောက်ထားပေးထားတယ်... ဘယ်လောက်အထိသဲကြကဲကြသလဲဆိုရင် ထမင်းဟင်းကိုတောင် အိမ်ကနေ့တိုင်းပို့ပေးကြတယ်လေ"

"သူတို့နေတဲ့မြို့နဲ့မန္တလေးနဲ့နီးလို့လား"

"မိုင်တစ်ရာကျော်တော့ပေးတာပေါ့... လေးနာရီခရီးလောက်ရှိမှာပေါ့... သူတို့အိမ်ကလူစီးဟီးနိုးကြီးတွေက မနက်ခုနစ်နာရီဆို မန္တလေးကိုပုံမှန်ထွက်တယ်လေ"

"ဒါပေါ့ ချက်လို့ပြုတ်လို့မီတာကိုး... အားလုံးကအဆင်ပြေနေတော့လည်း သားသမီးကိုပို့ပေးချင်မှာပေါ့... 'ညီထွန်း' ကသိုလ်ကလည်းကောင်းတာကိုး"

"ဟုတ်တယ် 'ညီထွန်း' ကအေးလည်းအေးသဘောလည်းကောင်းတော့ မန္တလေးက 'ညီထွန်း' ရဲ့တိုက်ခန်းမှာကပ်နေကြ စားတဲ့ကျောင်းသားက အမြဲတမ်းငါးယောက်လောက်ရှိတာ နေ



www.burmeseclassic.com

www.burmeseclassic.com



ယုံစားယုံမဟုတ်သေးဘူး... ပိုက်ဆံကလည်းချေးကြသေးတာ... ဒီလိုပေါ်များပြည့်စုံမှန်းသိတော့ ကောင်မလေးတွေကလည်း 'ညီထွန်း' ရဲ့ချစ်ခြင်းကိုခံယူချင်တာပေါ့လေ"

"အင်းပေါ့လေ... သူ့အမေကိုဘာကြောင့်စိတ်နာသွားရတာလဲ... 'မီမီထွန်း' ဆိုတာကရော ပြီးတော့ 'ယမင်းခင်' ဆိုတာကရော"



BURMESE CLASSIC .com



၁၀

'ယမင်းခင်' ဆိုတဲ့မိန်းကလေးက ယခုနှစ်အတွက် 'ညီထွန်း' တို့မေဂျာတွင်ကွင်းရထားသူ။ အလှဘုရင်မဘွဲ့ရထားသူဖြစ်၍ ယောကျ်ားလေးတွေ၏စိတ်ဝင်စားခြင်းကိုခံရသူ။ သူမနောက်ကကျောင်းသားတွေ ပုရွက်ဆိတ်လျှောက်သလို တန်းစီပြီးလိုက်နေပါတော့ကြသည်။

ထိုအထဲတွင်မပါတာက 'ညီထွန်း'။

မိန်းကလေးဆိုတာကလည်း ကိုယ့်ကိုစိတ်မဝင်စားသူကိုမှ ပိုစိတ်ဝင်စားချင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ညီထွန်း' ကိုပိုက်ဆံရှိ၍ မာနကြီးသည်ဟုမိန်းကလေးအတော်များများကထင်ကြသည်။

ဘယ်တော့ကြည့်လိုက်ကြည့်လိုက် စာအုပ်တစ်အုပ်ကိုဖတ်နေတတ်သလို၊ ရေးတတ်မှတ်နေတတ်သည်။

ပိုက်ဆံချမ်းသာသော်လည်း အသုံးအဖြုန်းမရှိဘဲရှိုးမများဘဲ လည်ကတုံးအကျႌဖြူနှင့် တိုက်ပုံကိုဝတ်တတ်သလိုရှပ်အကျႌအဖြူနှင့်ဂျာကင်ကိုလည်း ထပ်ဝတ်တတ်သည်။

'ညီထွန်း' ထံတွင်ကပ်နေကပ်စား နေကြသူများကတော့ 'ညီထွန်း' ထံတွင်ရှိသမျှလောင်းပင်၊ ရှော့ပင်တွေ၊ စပို့ရှပ်တွေကိုကိုယ်ပိုင်အကျႌလိုတစ်ယောက်ချွတ် တစ်ယောက်ဝတ်လုပ်နေတတ်ကြသည်။ ပြီးတော့ကွယ်ရာတွင် 'ညီထွန်း' အတင်းကိုပြောကြသေးသည်။ ငတုံးငအလိုလို တောသားလိုလိုပို ဟားကြသေးသည်။ ဒါတွေကိုကြားနေရတော့ 'ယမင်းခင်' ကြားထဲကမဆီမဆိုင်စိတ်တိုမိသည်။

သူ့ကိုစကားပြောချင်၍ ပတ်သက်ချင်၍ မျက်လုံးချင်းဆုံအောင်ကြည့်တာတောင် မျက်လုံးချင်းဆုံးလျှင် သူကအရင်ဦးအောင်မျက်နှာလွှဲသွားတတ်သည်။

မိန်းမဣန္ဒြေကိုလည်းမချရအောင် ဘယ်လိုလုပ်ရရင်





ကောင်းမလဲဆိုပြီး စဉ်းစားရတော့သည်။

နောက်ဆုံး 'ညီထွန်း' တို့မြို့မှကျောင်းလာတက်သော 'မြတ်နိုး' နှင့်ခင်အောင်နေလိုက်သည်။ 'မြတ်' စနေတနင်္ဂနွေကျောင်းပိတ်ရက်သူတို့မြို့ကိုပြန်သောအခါ အလည်လိုက်သွားသည်။ 'ညီထွန်း' တို့အမေဖွင့်ထားသောစတိုးဆိုင်တွင် ဈေးဝယ်ကြသည်။

"ဟော 'မြတ်နိုး' ပါလား... ကျောင်းပိတ်လို့အိမ်ပြန်လာတာလား သမီး"

"ဟုတ်ကဲ့ သူငယ်ချင်းပါလာလို့ ရုပ်ရှင်လိုက်ပြပြီးအပြန် အန်တီ့ဆိုင်မှာ ပစ္စည်းဝင်ဝယ်တာလေ"

"ဟုတ်လား သူငယ်ချင်းကလည်းချောလိုက်တာ... ရုပ်ရှင်မင်းသမီးလားအောင်းမေ့ရတယ်"

"ဒါကြောင့် ဒီနှစ်ကွင်းရထားတာလေ"

"ဟုတ်လား ကြည့်လို့ကိုမဝဘူးကွယ်"

"ဒါဆိုချွေးမတော်လိုက်လေ အန်တီ"

'မြတ်နိုး' စကားကြောင့် 'ယမင်းခင်' ရှက်ပြီးလှမ်းဆိတ်ရပါသည်။

"တော်လိုက်မယ်လေ... မပြန်သေးဘူးဆိုရင်အိမ်ကိုခေါ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဦးလေ... အန်တီကိုယ်တိုင် ဟင်းကောင်းတွေချက်ကျွေးမှာ"

"နေပါစေ အန်တီရယ်... အန်တီက ဆိုင်တစ်ဖက်နဲ့"

"ရပါတယ် နက်ဖြန်ညနေစာလာစားကြ... ချက်ထားမယ် ပြန်ရင်လည်းသားအတွက် ပစ္စည်းတွေလူကြုံထည့်ပေးလိုက်ဦးမယ်"

"နေ့တိုင်းကားနဲ့ထည့်ပေးနေတာပဲ ပေးစရာကျန်သေးလို့လားအန်တီရဲ့"

"မတူဘူးလေကွယ်... ဒါကသားလက်ထဲဒါတိုက်ရောက်မယ့်ပစ္စည်းလေ... နေ့တိုင်းပို့နေကာတွေက တစ်ခါတလေသားတောင်ဖွင့်ကြည့်တာမဟုတ်ဘူး... အလုပ်သမားတွေပဲ ခူးခတ်ပြင်ဆင်ပေးနေတာ... အဝတ်အစားတွေပစ္စည်းကောင်းတွေတော့ အန်တီတို့အန်ကယ်တို့ကိုယ်တိုင်သွားမှ သူ့လက်ထဲထည့်တာ သားကသဘောကောင်းလွန်းအေးလွန်းတော့ အလုပ်သမားတွေကရော သူငယ်ချင်းတွေကပါ သိပ်အနိုင်ကျင့်ကြတာလေ"

ဒီကိစ္စနှင့်ပင် ဒီမြို့ကိုရောက်ခဲ့ပြီလေ။

သားဖြစ်သူကြွေမကြွေတော့မသိ၊ 'ဒေါ်ခင်ခင်ထား' က တော့ 'ယမင်းခင်' ၏အလှကိုကြည့်မဝရှု့မဝဖြစ်နေပြီ။

နောက်တစ်နေ့ညနေဘက် အိမ်မှာချက်ထားသောဟင်း





ထက် တရုတ်စားသောက်ဆိုင်မှ ဟင်းပွဲများကိုမှာကျွေးနေခြင်းဖြစ်သည်။

"ဘယ်နေ့ပြန်ကြမှာလဲ"

"မနက်ဖြန်ရှင့်"

"ကားလက်မှတ်မဖြတ်နဲ့နော်... ဒီအတိုင်းပဲစီးသွား... အန်တီဖုန်းဆက်ပေးထားမယ်... မနက်ဖြန်ကျရင် အန်တီကိုယ်တိုင်ကားဂိတ်ကို ပစ္စည်းထုပ်လာပေးမယ်"

စားသောက်ပြီးနောက် 'ဒေါ်ခင်ခင်ထား' က အပေါ်ဆုံးထပ်ရှိ ပန်းဥယျာဉ်လေးဆီခေါ်သွားသည်။

အိမ်ကိုလေးထပ်ဆောက်ထားပြီး အပေါ်ဆုံးထပ်တွင် သစ်ခွခြံ၊ မြက်ခင်းပြင်နှင့်ရေကန်၊ ရေတံခွန်လေးများလုပ်ထားသည်။ နေပူခံကျောက်ကုလားထိုင်လှလှလေးတစ်စုံကို ချထားသလို၊ လှဲအိပ်ရန်ကွပ်ပစ်တစ်လုံး၊ ပလပ်စတစ်ပက်လက်ကုလားထိုင်နှစ်လုံးကိုလည်းချထားသည်။ မှောင်လာသောအခါ မီးရောင်စုံကိုထွန်းပေးထားသည်။

"အန်တီတို့အိမ်က ဟိုတယ်ကျနေတာပဲ"

"မှန်တယ်သမီးရဲ့... သမီးတို့အန်ကယ်က ဟိုတယ်ဖွင့်ဖို့စိတ်ကူးပြီးဆောက်ထားတာ... လောလောဆယ်သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မဦးစီးနိုင်သေးဘူးလေ... သားကြီးကျောင်းပြီးရင်တော့ ဖွင့်ဖြစ်မယ်နဲ့ တူတယ်... အတွင်းမှာအိပ်ခန်းတွေထည့်ယုံပဲကျန် တော့တယ်... ရေချိုးခန်းအိမ်သာတွဲလျှက် ရှယ်ခန်းတွေထည့်ရ မှာလေ... အဲ့ဒီကုန်ကျစရိတ်ကလည်း အများကြီးဆိုတော့ အန် ကယ်ကကြိုးစားရှာဖွေစုဆောင်းနေတုန်းပဲ"

"ပိုက်ဆံတွေထားစရာမရှိဘဲနေဦးမယ် အန်တီရယ်... ကားတစ်စီးရောင်းပြီး တည့်လိုက်ပေါ့... အန်ကယ်ကြီးပင်ပန်းပါ တယ်"

"အန်တီလည်းပြောပါတယ်... လောဘသိပ်မကြီးနဲ့... အနားယူပါဦးလို့ ကားရောင်းတော့လည်း ဂိတ်မှာကားနဲ့သွားပြီး ခရီးသည်တွေသူများနောက်ပါသွားမှာစိုးပြန်ရော...ဈေးငှားပေါင် နှံပြီး အတိုးလုပ်ပေးတာမျိုးလည်း သူကမကြိုက်ပြန်တော့ ကြိုး စားရတော့တာပေါ့"

"အန်တီတို့ကလောဘသိပ်ကြီးတာကိုး... ခုတောင်ဒီမြို့ ရဲ့လူချမ်းသာစာရင်းထဲပါနေပြီပဲဟာ... ရှိတာမှသားနဲ့သမီးနှစ် ယောက်တည်းရှိတဲ့ဟာ"

"အဟင်း ဟင်း သူတို့တွေအတွက်ပါပဲကွယ်... ဒါနဲ့ 'ညီထွန်း' ရောကျောင်းမှာပွဲလား ရှုပ်လား"





'မြတ်နိုး' က မျက်နှာကိုရှုံ့မဲ့ပြရင်း လက်ခါပြရင်း...

"အန်တီ့သားကလူမဟုတ်ဘူး စက်ရုပ်... အသည်းနှလုံး ပါပုံမရဘူး... အန်တီပေးစားမှမိန်းမရမှာ... ဒါမှမဟုတ်လည်း 'မြတ်နိုး' တို့မိန်းကလေးတွေကစပြီး သူ့ကိုနောက်ပိုးရမယ့်ပုံပဲ"

'ဒေါ်ခင်ခင်ထား' က 'ယမင်းခင်' ၏မျက်နှာကိုခပ်ပြုံး ပြုံးစိုက်ကြည့်ပြီး...

"ဟော့ဒီသမီးလိုကွင်းလုလုလေးနဲ့ တစ်ခန်းတည်းနေရ တာတောင် 'ယမင်း' ကိုသူစိတ်မဝင်စားဘူးတဲ့လားကွယ်"

ထိုစကားကြောင့် 'ယမင်းခင်' ကကျေနပ်ပြီး မျက်နှာရဲရဲ လေးနှင့်ပြုံးနေပါသည်။

"ကဲပါလေ အန်တီကပဲ အောင်သွယ်လုပ်မှထင်တယ်... ကျောင်းရောက်ရင် အန်တီပေးလိုက်တဲ့ပစ္စည်းကို 'ညီထွန်း' လက် ထဲရောက်အောင်သာထည့်ပေးပါ"

'ဒေါ်ခင်ခင်ထား' က 'ယမင်းခင်' ၏အလှကိုသားဖြစ် သူအတွက် စတင်ဝယ်ယူနေပြီဖြစ်သည်။

'ယမင်းခင်' ပြန်တော့ သားဖြစ်သူအတွက်ပေးလိုက်သော လူကြုံပစ္စည်းထက်၊ 'ယမင်းခင်' အတွက်ပေးလိုက်သော လက်ဆောင်ပစ္စည်းတန်ဖိုးက အဆရာချီကွာနေကြောင်းတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သားရေအစစ်နှင့်ချုပ်ထားသောမိန်းမဝတ်ကုတ်အင်္ကျီ သားရေကျောပိုးအိတ်၊ ပိုက်ဆံအိတ်၊ ဖိနပ်၊ အလှပြင်ပစ္စည်းမျိုးစုံ၊ သိန်းချီပြီးတန်ကြောင်း 'မြတ်နိုး' လည်းသိသည်။

"နင်တော့ပွတာပဲ... 'ညီထွန်း' ကိုဒီမြို့ကဒိတ်ဒိတ်ကြဲ သမီးတွေကတောင် စိတ်ကူးယဉ်ကြတာ... ရုပ်လည်းချောတယ် ပိုက်ဆံလည်းချမ်းသာတယ် ဒါပေမဲ့ 'ဒေါ်ခင်ခင်ထား' က နင့်ကို ချွေးမတော်ချင်ကြောင်း သက်သေပြလိုက်ပြီပဲ"

BURMESE CLASSIC .com

ကားထွက်ခါနီးအထိ စကားရပ်ပြောရင်း...

"ဟိုရောက်ရင်ခါတ်ပုံလှလှလေးတွေရိုက်ပြီး ပို့လိုက်ဦး ဆိုင်မှာချွေးမတွေ့နေပြီဆိုတာသိအောင် ဘီဒိုထဲထည့်ပြထားမယ်"

"မလုပ်ပါနဲ့အန်တီရယ်... ရှက်စရာကြီး ပြီးတော့ကာယကံရှင်ရဲ့ဆန္ဒမပါပဲ 'ယမင်းခင်' လက်မခံချင်ဘူး"

"'ယမင်း' လိုမိန်းကလေးကို သူမကြိုက်ဘဲနေမလား ကွယ်... ဆိုင်မှာခါတ်ပုံထားချင်နေတာကြာပြီ... ဒီလိုလုပ်အန်တီ သုံးလေးရက်လောက်နေရင်မန္တလေးလာခဲ့မယ်... ရတနာကောင်တာအတွက် ခါတ်ပုံလေးပုံလောက်ရိုက်မယ်... ပြီးတော့အဝတ်





အထည်ကောင်တာအတွက် ရိုက်မယ်... ကဲ ဘယ်သူဘာပြောဦးမလဲ... 'ယမင်း' က အန်တီ့ဆိုင်အတွက်မော်ဒယ်ဖြစ်သွားပြီလေ"

ဒီယုန်မြင်လို့ဒီခြုံထွင်ခဲ့သူ 'ယမင်းခင်' တစ်ယောက်ရေ တော်တုန်းရေတွင်းထဲကျသူလိုဖြစ်ခဲ့ပြီ။

နောက်တစ်နေ့ကျောင်းရှေ့တွင် 'ညီထွန်း' ကိုစောင့်နေကြသည်။

'ညီထွန်း' က ထုံးစံအတိုင်း တစ်မြို့တည်းမှကျောင်းလာတက်သူ 'မြတ်နိုး' ကိုခပ်ပြုံးပြုံးခေါင်းတစ်ချက်ညိတ်ပြပြီး နှုတ်ဆက်သွားသလို 'ယမင်းခင်' ကိုတော့ မရယ်မပြုံးလှမ်းကြည့်သည်။

"ရွှတ် ရွှတ်"

'ညီထွန်း' လှည့်မကြည့်သဖြင့်...

"ဟိတ်..."

လှည့်မကြည့်ပါ။

"သိပ်ကြီးကျယ်တာပဲကွာ... ငါမပေးချင်တော့ဘူး နင်ပဲပေးလိုက်တော့ ငါသွားနှင့်မယ်"

အလှဘုရင်မကလည်း မာနကြီးသည်။

"အင်း အောင်သွယ်နဲ့တော့ငြိတော့မှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ငြိတော့"

'ယမင်းခင်' စိတ်တိုပြီး တကယ်ထွက်သွားခဲ့ပြီ။

"ဟိတ် 'ညီထွန်း' "

ခပ်ဝေးဝေးရောက်မှ နာမည်ခေါ်သံကြား၍ 'ညီထွန်း' လှည့်ကြည့်သည်။ အထုပ်ကိုထောင်ပြတော့ ပြန်လှည့်လာသည်။

"နင်ကလည်းတရှုတ်ရှုတ်နဲ့ တဟိတ်ဟိတ်နဲ့ခေါ်နေတာ ဟောင် လှည့်ကြည့်ဖို့မရဘူး"

"နင်တို့မိန်းကလေးတွေ ဒီလိုပဲ ခဏခဏခေါ်ပြီး လှည့်ကြည့်ရင်မသိသလိုလုပ်နေတာများပြီလေ… နာမည်ခေါ်လို့လှည့်မကြည့်ရင်တော့ အပြစ်တင်ပေါ့"

"အန့်တီ 'ခင့်ခင်ထား' က 'ယမင်းခင်' နဲ့လူကြုံပါးလိုက်တာ… နင်လှည့်မကြည့်လို့ရှက်ပြီး စိတ်ကောက်ပြီးထွက်သွားခဲ့ပြီ… နင်သိတဲ့အတိုင်း 'ယမင်းခင်' က စခေါ်တဲ့ယောက်ျားလေးဆိုရင် နင်ပဲရှိတာ… တခြားကောင်လေးတွေက သူ့ရှေ့ကကြိုတဲ့လူ နောက်ကအမြီးလိုလိုက်တဲ့လူ… ဘေးကတောင်ပံလိုကပ်လိုက်တဲ့လူတွေပုံလို့… ရှက်ပြီးထွက်သွားခဲ့ပြီ"

"ငါမှမသိတာဟ… ငါတောင်းပန်တယ်လို့ ပြောလိုက်ပါဟာ"





"လူကြုံမခိုင်းနဲ့လာ… နင်ပါတစ်ခါတည်းလိုက်ခဲ့ တစ်ခုနလိုက်ကျွေးပြီးချော့"

အပိုင် ချည်တုပ်ပြီးခေါ်လာခဲ့သဖြင့် စားသောက်ဆိုင်တန်းသို့ရောက်ခဲ့သည်။

စူပုပ်ပုပ်မျက်နှာလေးဖြင့် မျက်လုံးလွှဲလိုက်၊ မျက်လွှာချလိုက်လုပ်နေသော 'ယမင်းခင်' ကို 'ညီထွန်း' က တစ်ချိန်လုံး လှမ်းလှမ်းကြည့်နေပါသည်။

မှာထားသောကြာဇံကြော်များ၊ အအေးများရောက်လာခဲ့ပါပြီ။ 'မြတ်နိုး' က ပန်းကန်များရှေ့တိုးပေးရင်း…

"စားလေ 'ယမင်း' "

"ဟင့်အင်း မစားတော့ဘူး"

မပွင့်တပွင့်ငြင်းနေသဖြင့် 'မြတ်နိုး' ကမျက်စပစ်ပြနေသဖြင့် 'ညီထွန်း' ကို ဧည့်ဝတ်ပြုခိုင်းနေသည်။

" 'ယမင်းခင်' စိတ်ဆိုးနေတုန်းပဲလား ကျွန်တော်တောင်းပန်ချင်လို့လိုက်လာတာပါ…ကျွန်တော့်ကိုတွေ့ရင် တခြားကောင်မလေးတွေက တရှုပ်ရှုတ်နဲ့နောက်တတ်လွန်းလို့ လှည့်ကြည့်လိုက်တိုင်းမသိချင်ဟန်ဆောင်လွန်းလို့ ခဏခဏ ကျွန်တော်အဟားခံနေရတယ်လေ… ဒါကြောင့် လှည့်မကြည့်မိတာပါ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မဆိုးနဲ့နော်"

သည်တော့မှ 'ယမင်းခင်' ခေါင်းညိတ်ပြီးပြုံးပြသည်။

"သဘက်ခါလောက်ကျရင် နင်တို့အမေလာလိမ့်မယ်"

"ဟုတ်လား ဘာဖြစ်လို့လဲ... ဆိုင်မှာဖြင့်လူမရှိဘဲနဲ့"

"ဈေးမတွေ့ထားလို့ လာမိတ်ဆက်ပေးမလို့တဲ့"

"ဟာ မေမေကလည်း အပိုအလုပ်တွေလျှောက်လုပ်နေပြန်ပါပြီ... ငါကဖြင့်အခုမှ ပထမနှစ်ပဲရှိသေးတာ"

"ငါထောင်ခဲ့တာ... နင်ရည်းစားအများကြီးထားနေတယ်လို့"

"ဒါဆိုရင်တော့ မေမေယုံမှာမဟုတ်ပါဘူး... ငါဒီကိစ္စတွေစိတ်မဝင်စားဘူးဆိုတာ မေမေ သိပြီးသား"

"ဒါတော့ နင့်အမေလာတော့ ရှင်းပြပေါ့"

'မြတ်နိုး' အလှော်ကောင်းသလို၊ 'ဒေါ်ခင်ခင်ထား' အောင်သွယ်ကောင်းသဖြင့် 'ညီထွန်း' နှင့် 'ယမင်းခင်' တို့အမြန်ဆုံးရင်းနှီးချစ်ခင်သွားကြတော့သည်။

လူအေးလေး 'ညီထွန်း' တစ်ယောက် ရုတ်တရက်အလှနတ်သမီးလေးကိုကောက်ရသဖြင့် မျောက်အုန်းသီးရသွားသလိုဖြစ်သွားခဲ့သည်။





မိုးလင်းသည်နှင့်တွေ့ချင်ပြီ။ ကျောင်းမတက်ခင်လည်းတွေ့သည်။ အတန်းမရှိလျှင်လည်းတွေ့သည်၊ ကျောင်းဆင်းလျှင်လည်းတွေ့သည်။ အိမ်ပြန်ရောက်တော့လည်း 'ယမင်းခင်' ၏အဆောင်ကို ဖုန်းဆက်သည်။

အိမ်ကပို့သမျှအစားအသောက်များ လက်ဆောင်ပစ္စည်းများကို ကားဂိတ်တွင်သွားစောင့်ယူပြီး 'ယမင်းခင်' နှင့်အပေါင်းအဖော်မိန်းကလေးအုပ်စုကို မျက်နှာလုပ်သည်။

ယခင်ကအိမ်ကကားကို အသုံးမချတတ်ပါသော်လည်းယခုထိုကားမှာ 'ယမင်းခင်' သွားလိုရာသုံးဖို့ဖြစ်လာသည်။

"ဟော့ကောင် 'ညီထွန်း' မင်းတော့မွန်နေပြီနော်"

အိမ်မှာအတူလာနေသော သူငယ်ချင်းများကမကျေမနပ်ပြောကြသည်။

"မင်းကိုညာစားနေတာ နားလည်လား"

"မင်းတို့လည်း လာစားနေတာပါပဲကွာ"

ရင်ထဲမှပြန်အော်ခြင်းသာဖြစ်သည်။

'ယမင်းခင်' က မိမိကျွေးတာကို တစ်လုတ်နှစ်လုတ်သွားစားသလို၊ မိမိကလည်း သူမ မျက်နှာကိုကြည့်နေရလျှင် [illegible]ပုံလိုဝနေသူ။ ငါးဆင့်ဂျိုင့်နှင့်ပို့သမျှအစားအစာများသူ[illegible] 'မြတ်နိုး'



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကျန်အဖော်သုံးယောက်စား၍ ကုန်သွားခြင်းသာဖြစ်သည်။

"မင်းကိုတကယ်ချစ်ရင် အိမ်ကိုဘာလို့လိုက်မလာလဲ"

"သြော် ယောကျ်ားလေးတွေနေတဲ့အိမ်ကို သူတို့ဘယ်လာဝံ့ပါ့မလဲ"

"ငါတို့ကိုဒီအိမ်မှာလာနေတာ မကြိုက်ဘူးလို့မပြောဘူးလား"

"မပြောပါဘူး"

"တော်သေးတာပေါ့... ငါတို့ထမင်းအိုးကိုခွဲပြီးရင် အိပ်ယာကိုပါမီးများရှို့မလားစိတ်ပူနေတာ"





## ၁၁

"'ညီ' ရေ"

"ဟင်"

"နက်ဖြန် 'ယမင်း' အိမ်ကိုခဏပြန်လိုက်ဦးမယ်"

"ဟင် ဘာဖြစ်လို့လဲ... အရေးမကြီးရင်မပြန်ပါနဲ့ကွာ ဒီကကောင်လွမ်းလို့သေလိမ့်မယ်"

"အဟင်း ဟင်း သိပ်ပိုတယ်"

"တကယ်ပြောတာ... ကိုယ့်ရဲ့တည်ငြိမ်အေးချမ်းတဲ့နှလုံးသားကို ပိုင်ဆိုင်တဲ့လူက 'ကကြိုးဆင်တဲ့ယမင်းခင်'လေ... 'ယ



www.burmeseclassic.com

www.burmeseclassic.com



မင်းခင်'ဆိုတဲ့အလှနတ်သမီးရဲ့ ကကြိုးတွေကိုနှစ်သက်မက်မော ပြီး တစ်နေ့တခြားသံယောဇဉ်ကြိုးတွေ ရစ်ဖွဲ့ချည်နှောင်ခြင်းခံရ လို့ ရုန်းမထွက်နိုင်တော့ဘူးလေ… မိုးလင်းတာနဲ့ဒီမျက်နှာလှလှ လေးကိုမြင်ချင်လွန်းလို့ အဆောင်ရှေ့ရောက်လာတဲ့ကောင်လေ"

"နှစ်ရက်လောက်ပဲ အလွမ်းပြေကြည့်ဖို့ ဓာတ်ပုံပေး သွားမယ်"

"ပြောမရတော့လည်းသွားပေါ့ 'ယမင်း'ရယ်"

ဝမ်းနည်းသလိုပြောလာသဖြင့်…

"'ယမင်း'လည်းဘယ်ခွဲချင်ပါ့မလဲ အခုသွားရမှာက ဘွားဘွား အသည်းအသန်ဖြစ်နေလို့"

"ဪ ဒါဆိုတော့လည်းခွင့်ပြုရတော့မှာပေါ့ ကိုယ့် ကားယူသွားမလား ဒရိုင်ဘာထည့်ပေးလိုက်မယ်"

"အို မဟုတ်တာ စေ့စပ်ပြီးရင်တော့ ဘာအရေးကြီးလည်း ကြိုက်တာတောင်ဘာမှမကြာသေးဘူး သူများတွေပြောလိမ့်မယ် 'အန်တီခင်'လည်းအထင်သေးသွားလိမ့်မယ်"

နှစ်ရက်ဆိုပြီးသွားခဲ့သော 'ယမင်းခင်' မှာသုံးရက် မြောက်သောနေ့အထိရောက်မလာသဖြင့် 'ညီထွန်း'မနေနိုင်။

"'မြတ်နိုး'သူ့ဆီကဖုန်းလာသေးလား"





"ဪ အေးလာတယ် နင့်ကိုပြောခိုင်းထားတာ ငါမေ့ သွားလို့"

ထိုစကားကြောင့် 'ညီထွန်း'ဒေါပွပါပြီ။

"မေ့စရာလားဟာ နင်သက်သက်ယုတ်ပြီးမပြောတာ မ ဟုတ်လား နင့်ရည်းစားကြရင်လည်း အဲသလိုပဲ မေ့ပြီးမပြောတဲ့ သူငယ်ချင်းမျိုးနဲ့တွေ့လိမ့်မယ်"

"အမယ်လေး စွာလိုက်တာ ပုံစံကြည့်တော့ဖြင့် မိန်းမ တွေကိုပဲလုံးဝစိတ်မဝင်စားသလိုလို ရင်မခုန်သလိုလိုနဲ့"

"အေးလေ မခုန်တာကိုခုန်အောင်ဘယ်သူတွေလုပ်တာ လဲ… ကဲပါ သူဘာလို့ ပြန်မရောက်တာလဲ"

"သူ့ အဘွားဆုံးသွားပြီ… ရက်လည်ပြီးမှပဲပြန်လာဖြစ် မယ်တဲ့"

"ဟင် ဟုတ်လား ရက်လည်ပြီးမှဆိုတော့ နောက်လေး ရက်ကြီးများတောင်စောင့်ရဦးမှာပဲ ဒီလိုလုပ်ပါလား နာရေးသ တင်းကြောင့်စိတ်မကောင်းဖြစ်ပြီး လိုက်လာတဲ့ပုံစံမျိုးသွားကြရ အောင်လေ… နင်တို့အဖွဲ့တွေကိုခေါ်ခဲ့ ငါလည်းဒရိုင်ဘာတစ် ယောက်ခေါ်ခဲ့မယ်"

"အင်း ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



‘ညီထွန်း’ တို့ကဲပြီဆိုလျှင် ချက်ခြင်းမှချက်ခြင်း တစ်နာရီအတောအတွင်း ခရီးထွက်ဖြစ်ခဲ့ကြသည်။

ငါးနာရီခန့်မောင်းပြီးသောအခါ ‘ယမင်းခင်’ တို့မြို့ကို ရောက်သည်။

‘ညီထွန်း’ တို့အုပ်စုကိုရုတ်တရက်တွေ့လိုက်ရသောအခါ ‘ယမင်းခင်’ အံ့အားသင့်သွားသည်။ ပြီးမှဝမ်းသာအားရပြေး၍ ကြိုသည်။

မဏ္ဍပ်ထဲတွင် ခပ်ချောချော ခပ်သန့်သန့်လူငယ်များကို တွေ့ရသလို ထိုအုပ်စုနှင့်ဝိုင်းဖွဲ့စကားပြောနေသော ‘ယမင်းခင်’ ကိုမြင်တွေ့လိုက်ရသဖြင့် ခရီးဝေးမှလာခဲ့ရသူ ‘ညီထွန်း’ တစ်ယောက်မျက်နှာတွေနီပြီး အားမရှိသလိုဖြစ်နေသည်။

မိခင်ဖြစ်သူထံသွားပြီး ‘ယမင်းခင်’ ကအကျိုးအကြောင်း သွားပြောနေပုံရသည်။ ‘ဒေါ်အေးရီ’ က ခေါင်းတညိတ်ညိတ်နားထောင်နေရင်း ‘ညီထွန်း’ ကိုလှမ်းကြည့်ပါသည်။

“အဝေးကြီးကလာခဲ့ကြတာ လာအထဲမှာနားကြ ပြီးမှ နေမဝင်ခင် ရေချိုးကြ... ရေနွေးစပ်ပေးမယ် ရေချိုးပြီးရင်တော့ လန်းသွားမှာပါ”

ညအိပ်လာသော အမျိုးသားများကို အိမ်ကြီး၏ဧည့်ခန်း





ထဲရှိ ကွပ်ပြစ်ကြီးများပေါ်တွင် အိပ်ယာခင်းထားပေးသည်။ ခြင်ထောင် ထောင်ပေးထားသည်။

သူမမျက်နှာနှင့်လာခဲ့ရသော မိမိကို သူမက တစ်ချက်တစ်ချက် ခိုးကြည့်တတ်ယုံကလွဲ၍ ထင်ထားသလို လှိုက်လှိုက်လှဲလှဲမရှိဘူးဟုထင်မိသည်။ ခပ်ချောချော ခပ်ဖြူဖြူကောင်လေးတစ်ယောက်ကလည်း ‘ယမင်းခင်’ ကိုတစ်ချိန်လုံးလှမ်းကြည့်နေတတ်ပြီး တစ်ခါတလေ ပခုန်းပုတ်လိုက် လှမ်းဆွဲလိုက်နှင့်လက်ရဲဇက်ရဲရှိလှသည်။ ပြီးတော့ ‘ယမင်းခင်’ အိမ်ထဲဝင်သွားလျှင် လိုက်ဝင်သွားတတ်သည်။

“နက်ဖြန် ငါပြန်တော့မယ်”

“နင့်စိတ်ကြီးပဲ စိတ်ကောက်ပြီးပြန်သွားမှန်း သူများတွေသိကုန်မှာပေါ့”

“သူ့ပုံစံကိုသိပ်မကြိုက်ဘူး ငါထင်တယ် ဒီမြို့မှာလည်း သူ့ရည်းစားရှိနေတယ်ထင်တယ်”

“အေးပါ ငါမေးပေးပါ့မယ် စိတ်အေးအေးထားစမ်းပါ”

လူရှင်းချိန်တွင် ‘ယမင်းခင်’ ကို အတင်းဆွဲထားပြီး...

“နင်ကလည်းဟယ် နင့်မျက်နှာနဲ့လာရတဲ့သူကို ဘာ... မပြောတော့ဘူးလား ‘ညီထွန်း’ ခမြာ မျက်ရည်တွေ...င်ဝဲလို့



www.burmeseclassic.com

www.burmeseclassic.com



နင့်မှာရည်းစားရှိပြီးသားထင်ပါသယ်တဲ့"

"ဟဲ့ ငါကမိန်းကလေးလေ သူနဲ့ငါနဲ့ကြိုက်တာကို တောင် အိမ်ကိုအသိပေးရသေးတာမဟုတ်ဘူး... ပြီးတော့ အဘွား သေနေတဲ့အချိန်ကြီး ငါ့အမေကိုဒီအကြောင်းသွားပြောရင် ပါး ပိတ်တီးခံရမှာပေါ့"

"နင့်နောက်ကို ဟိုဖြူဖြူချောချောကောင်လေး တစ် ကောက်ကောက်လိုက်ပြီး ဆွဲလာလွဲလားလုပ်နေတာကိုမြင်ရ တော့ အူနကျွဲခတ်ခံရသလိုဖြစ်နေတယ်လေကွယ်"

"ဟယ် အဲ့ဒါငါ့မောင်ဝမ်းကွဲ... တစ်ခြိတည်းမှာအိမ်တစ် လုံးစီနဲ့နေတာ... ငါ့အမေကသားမရှိလို့ပြန်မွေးစားထားတာဟဲ့ ဒုက္ခပါပဲ... မခေါ်ဘဲနဲ့လိုက်လာပြီး ပြဿနာရှာနေပြန်ပါပြီ... ဒီမှာဖြင့်အဘွားသေလို့ အမွေလုနေတဲ့ကိစ္စတွေနဲ့ စိတ်ရှုပ်နေရ တဲ့အထဲ"

ထိုစကားကြောင့် တစ်မြို့တည်းသား ငယ်သူငယ်ချင်း အတွက်ရင်ထဲတွင် အောင့်သွားသည်အထိ၊ အချောင်ခံစားလိုက် ရပြီး 'ယမင်းခင်' ဆိုသည့်လှယမင်းက စုန်းမ၊ကဝေမ၊ ကောက် ကျစ်စဉ်းလဲမအသွင်မြင်လိုက်မိသည်။

မျက်နှာပျက်သွားတာကို မြင်လိုက်ရသဖြင့်...





"ငါ့စကားမှားသွားရင် တောင်းပန်ပါတယ် 'မြတ်နိုး' ယ်"

"ရပါတယ်... ငါတို့ကလည်းကာယကံရှင်ရဲ့ ခွင့်ပြုချက် ကို ယူဘဲလာခဲ့မိတာကိုး"

'မြတ်နိုး' စိတ်ခုသွားပြီဆိုတာ သိလိုက်ပါသည်။

မျှော်လင့်ခြင်းများဖြင့်စောင့်နေသော 'ညီထွန်း' ကိုအမှန် အတိုင်းမပြောရက်သဖြင့်...

"သူကတောင်စိတ်ဆိုးနေသေးတယ်... သူ့မောင်တစ် ဝမ်းကွဲနဲ့အထင်လွဲတာကို"

"ဟုတ်လား ငါ့ဘက်ကလည်းသံသယတွေများလွန်းသွား တာကို... သူနဲ့စကားပြောဖို့ရော"

"နင်နဲ့ကြိုက်နေတာကို သူ့အိမ်ကိုဖွင့်မပြောရသေးဘူး လေ... နာရေးကြောင့်ရက်တရက် သူပြန်လာတာဆိုတော့ ပြော ခွင့်မသာသေးဘူးလေ... သူ့အမေရဲ့အမျိုးတွေကလည်း အမွေ ကိစ္စကွိုင်တက်နေကြတယ်တဲ့... မနက်ကျရင် ငါတို့ပြန်မှထင် တယ်"

ရည်လည်ပြီးမှပြန်ဖို့စီစဉ်ခဲ့သူများ မနက်စောစော ပြန်ဖို့ပြင်ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ညီထွန်း' တစ်ရေးမှအိပ်မပျော်ပါ။

'မြတ်နိုး' တို့လည်း 'ယမင်းခင်' တို့အခန်းထဲတွင် အတူအိပ်ကြသဖြင့် လေးနာရီတွင် မျက်နှာသစ်ဖို့အပြင်ထွက်ဖို့ပြင်ဆင်နေကြစဉ်…

"အိမ်သာသွားမလို့လား"

'ယမင်းခင်' က ခေါင်းစုတ်ဖွားလေးနဲ့ထထိုင်ရင်း မျက်လုံးပြူးပြူးလေးဖြင့် မေးနေသည်။

"အင်း မျက်နှာသစ်ပြီးရင် ငါတို့လစ်တော့မယ်"

"ဟင်"

"ပြန်တော့မယ်လို့"

"ဟာ သူကပြန်မယ်ပြောလို့လား… ဘာလဲစိတ်ဆိုးသွားတာလား… မိန်းကလေးဘက်ကိုတော့ ငဲ့မတွက်ဘဲနဲ့ကွာ… နင်တို့အဲ့သလိုပြန်ရင် ငါစိတ်ကောင်းပါ့မလား… စိတ်ညစ်ရတဲ့အထဲကွာ"

'ယမင်းခင်' ခေါင်းကိုလက်နှစ်ဘက်ဖြင့် စုံကုတ်ရင်းငိုသံလေးဖြင့် ပြောနေခြင်းဖြစ်သည်။

သူမပါမျက်နှာလိုက်သစ်ပြီး ခေါင်းစုတ်ဖွားလေးနှင့်ပင် 'ညီထွန်း' ကိုထွက်တွေ့ပါသည်။





"ပြန်တော့မလို့ဆို"

"အင်း"

"ဘာဖြစ်လို့လဲ… လာတုန်းကလာပြီးတော့"

"'ယမင်းခင်' အလုပ်ပိုမှာစိုးလို့ပါ"

"ရောက်ပြီးမှတော့နေပါဦး… မေမေတို့ကိုဖွင့်ပြောပြရဦးမှာလေ… အလောင်းမြေကျပြီးမှပြောမလားလို့… မေမေလည်းရိပ်တော့ရိပ်မိမှာပါ"

'ယမင်းခင်' နှစ်ခါမချော့လိုက်ရ။

အိပ်ရေးပျက်ခဲ့ မျက်နှာသစ်ပြီးသွားသော 'မြတ်နိုး' တို့မိန်းကလေးအဖွဲ့က 'ညီထွန်း' ကို မျက်စောင်းထိုးကြသည်။

အလောင်းမြေကျပြီးတော့ 'ယမင်းခင်' ကတိတည်သည်။ ဧည့်သည်များမရိပ်မိအောင် 'ညီထွန်း' ၏ကားထဲဝင်၍တွတ်ထိုးသည်။ ညကျလျှင် မိခင်ကိုဖွင့်ပြောမည်ဟုပြောသည်။

ညကိုးနာရီခန့်ဧည့်သည်ပါးသောအချိန်တွင် အိမ်အတွင်းဘက်ခန်းမှ ဆူဆူညံညံအသံတွေထွက်လာပြီး ရန်ဖြစ်ကုန်ကြတော့သည်။

"'အောင်လွင်' ဒီကိစ္စထဲနင်ဝင်မပါနဲ့… နင်ကသူ့အမေ သားသမီးအရင်းပဲပြောကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



'ယမင်းခင်' ၏မိခင်က ငိုသံကြီးဖြင့်ပြောခြင်းဖြစ်သည်။

"ဘာ သူစိမ်းလဲ... ခင်ဗျားပါးစပ်က စကားအမျိုးမျိုးပြော တတ်တယ်... ခိုင်းစရာရှိရင်ငါ့မောင်ငါ့မောင်နဲ့ မောင်အရင်း ထက်ကောင်းတယ် လိမ္မာတယ် တော်တယ်နဲ့... ပေးစရာရှိတော့ သူစိမ်းဖြစ်သွားပြီလား"

"မင်းမရှက်ဘူးလား ရည်လည်ပြီးမှပြောရင် မရဘူးလား တစ်အိုးတည်းစားနေလာတဲ့နှစ်သက်က မင်းသားတစ်သက်ပဲရှိ ပြီ... မင်းတို့သားကိုလည်း ငါ့သားအရင်းလိုပဲချစ်ခဲ့တာ...ကျောင်း ထားခဲ့တာ ခုတော့ကောင်းကောင်းကျေးဇူးဆပ်နေတာပေါ့လေ"

"ဘာကျေးဇူးတင်စရာရှိလို့လဲဗျာ... ခင်ဗျားမှာသားမရှိ လို့ ခေါ်ထားချင်တယ်ဆိုလို့ သနားပြီးပေးထားတာပဲ... ခင်ဗျား ကျွေးထားတယ် ဒီမိသားစုအားလုံးရဲ့အမွေဆိုင်ထဲကပဲ ကျွေးထား တာပဲ... စာချုပ်စာတမ်းနဲ့မွေးစားထားတာမှမဟုတ်ဘဲ"

"မင်း မင်း စော်ကားလှချည်လား... မင်း..."

'ဒေါ်အေးရီ' ပျော့ခွေပြီးပြုတ်ကျသွားသည်။

"မေမေ ... မေမေ"

"မမ... မမ"

"အီး ဟီး မေမေသေပြီလားမသိဘူး"





'ယမင်းခင်' ၏ ငိုသံကိုပါကြားရသဖြင့် 'ညီထွန်း' တို့ ထိုင်၍မရတော့။

"ဆရာဝန်မြန်မြန်ပင့်ကြလေ"

"မေမေသေရင် 'ဦးလွင်' ကြောင့်ပဲ"

ဆရာဝန်ရောက်မလာမချင်း အားလုံးစိတ်ပူပြီး ယပ်ခတ် ခြင်း၊ ခြေမချိုးခြင်း နှာဝတွင်ရှူဆေးနှင့်သံပုရာသီးရှူခိုင်းခြင်း၊ လှုပ်၍နာမည်ခေါ်ခြင်းများသာ တစ်ယောက်ပြီးတစ်ယောက်လုပ် နေကြသည်။

ဆရာဝန်ရောက်လာတော့ လေဖြတ်သွားကြောင်းအာရုံ ကြောထိသွားသဖြင့် မန္တလေးသို့အမြန်ဆုံးခေါ်သွားရန်ပြော သည်။

ထို့ကြောင့်မိုးမလင်းခင်ပင် ကားနှစ်စီးဖြင့် ထွက်ခဲ့ကြ သည်။ 'ဒေါ်အေးရီ' ကိုပြုစုဖို့ ညီမဖြစ်သူ 'မဝင်းကြည်' ကလိုက် ခဲ့ပေးသည်။ လက်တိုလက်တောင်းခိုင်းဖို့ ကောင်မလေးတစ် ယောက်ပါသည်။

'ယမင်းခင်' တို့အမျိုးအိမ်က အမရပူရဘက်လောက်မှာ ရှိသဖြင့် လွန်စွာဝေးသည်။ ဆေးရုံနှင့်အလွန်နီးသည့်အိမ်က 'ညီ ထွန်း' ၏တိုက်ခန်းပါပဲ။ ထို့ကြောင့် 'ညီထွန်း' တို့တိုက်ခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုရန် အနားယူရန် 'မြတ်နိုး' ကပြောသည်။ 'ညီထွန်း' ကလည်း ဇွတ်အတင်းပြောသည်။

'ညီထွန်း' တို့အုပ်စုရောက်လာတော့ 'ညီထွန်း' နှင့်အတူလာနေသူကျောင်းတော်သားများ ကျောင်းသွားကုန်ကြပြီ။ ခိုင်းဖို့ခေါ်ထားသော ကောင်လေးတစ်ယောက်သာကျန်သည်။

ထိုကောင်လေးကိုပစ္စည်းတွေ အကုန်ကောက်သိမ်းခိုင်းပြီး 'ဒေါ်ဝင်းကြည်' တို့အုပ်စုကိုပေးနေသည်။ 'ညီထွန်း' ပါသူငယ်ချင်းအဆောင်တွင် ပြောင်းနေပေးသည်။ 'မြတ်နိုး' နှင့် 'ယမင်းခင်' ကိုလည်း တိုက်ခန်းမှာပင်လာနေခိုင်းသည်။

"မင်းကတော့ တကယ့်ဒါပဲကွာ"

သူငယ်ချင်း 'တင်ထူး' က နှာခေါင်းကိုလက်ညှိုးနှင့်ထိုး၍ပြောခြင်းဖြစ်သည်။

"ငါတို့ကိုဖယ်ခိုင်းတာကထားပါတော့... မင်းကပါဘာဖြစ်လို့ဖယ်ပေးရတာလဲ"

"ဟာ မိန်းမတွေကြီးပဲနေမယ့်နေရာမှာ ငါတို့တွေသွားနေလို့ဘယ်ကောင်းပါ့မလဲ"

"ကဲ ဒီရောဂါကမြန်မြန်မပျောက်ရင်ကော... တစ်လနှစ်လကြာနေရင်ကော"





"ဩော် ဒီလိုရောဂါမျိုးချက်ခြင်းမပျောက်ဘူးဆိုတာ ငါသိပါတယ်... ဒါကြောင့်ဆေးရုံမှာအကြာကြီးနေရမယ်ဆိုတာသိလို့ အဆင်ပြေအောင်ငါ့အခန်းမှာနေခိုင်းတာလေ"

"ကဲ လေးငါးလကြာရင်ကော မင်းကအဆောင်မှာပဲနေမှာလား"

"အေးလေ နောက်သုံးလနေရင် ငါတို့ကျောင်းပိတ်ပြီပဲ"

"မင်းပြန်သွားရင်လည်း သူတို့ကိုထားသွားမှာလား"

"ဒါပေါ့"

"ကဲ ပြန်မဖယ်ပေးရင်ကော"

"ဟာ မင်းကလည်း မဖြစ်နိုင်တာတွေလျှောက်ပြောနေပြန်ပါပြီ... ကြာသွားရင်စိတ်ဆိုးပြီး နေမှာတောင်မဟုတ်တော့ဘူး"

"ငါကစေတနာနဲ့ပြောတာ... ဒါမျိုးတွေဖြစ်တတ်လွန်းလို့... ပြီးတော့မင်းတို့ကစွဲစပ်ရသေးတာလည်း မဟုတ်ဘူး"

ထိုစကားတွေကို 'ညီထွန်း' ခေါင်းထဲမှာမထားပါ။

မနာလို၍ သူတို့စားကျက်ပျောက်သွား၍ ပြောနေသည်ဟုသာသဘောထားလိုက်ပါသည်။

မနေ့ကနှင့်သည်နေ့ မတူတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ယမင်းခင်' ၏အမေရော၊ ဒေါ်လေးရော ဆွေမျိုးများရော 'ညီထွန်း' ကိုပြာယာခတ်ပြီး မျက်စေ့နောက်လောက်အောင် ဖားနေကြသည်။

'ဒေါ်အေးရီ' က ပြန်သတိရလာသောအခါ ကိုယ်တစ်ခြမ်းမလှုပ်နိုင်တော့ပါ။ ဆေးရုံတွင်သုံးရက်ခန့်နေပြီး 'ညီထွန်း' ၏တိုက်ခန်းပေါ်သို့ ရွှေ့လာခဲ့ကြသည်။ ပြီးတော့မြန်မာတိုင်းရင်းဆေးများဖြင့် ကုဖို့စီစဉ်ကြသည်။

မည်သူအကြောင်းကြားလိုက်သည်မသိ၊ မိခင်ဖြစ်သူရောက်လာသည်။

'ယမင်းခင်' ၏ မိသားစုက မျက်နှာပျက်နေကြသည်။

'ညီထွန်း' ရဲ့မေမေများစိတ်ဆိုးနေလားမသိပါ။

"'ညီထွန်း' ကူညီလို့သာဆေးရုံဆေးခန်းတွေနဲ့ နီးနီးနားနားနေလို့ရတာလေ... ရတ်တရက်မိုးပေါ်ကကျလာတဲ့ နတ်သားတစ်ပါးလိုပါပဲ 'မခင်ထား' ရယ်"

'ဒေါ်ဝင်းကြည်' က ဖားနေပါသည်။

"ကူညီရမှာပေါ့ရှင်... တစ်နေ့အမျိုးတော်ကျရမယ့်သူတွေပဲဟာ... ကျွန်မလည်းသားအကြောင်းကြားလို့ သတင်းမေးလာခဲ့တာလေ... အိမ်ကနေဟင်းတွေကြော်လှော်လာတယ်... စား





ကြပါ"

အမှန်တော့ 'ညီထွန်း' နှင့်အတူနေသူငယ်ချင်းများက အကြောင်းကြားထားခြင်းဖြစ်သည်။

'ယမင်းခင်' ကတော့ညဘက်ဆိုလျှင် အဆောင်တွင်ပြန်အိပ်သည်။

"အမေ့ဆီကို ဘယ်သူအကြောင်းကြားတာလဲ"

သားဖြစ်သူက အပြစ်ရှာလိုသော မျက်နှာဖြင့်မေးနေခြင်းဖြစ်သည်။

"'မြတ်နိုး' လား"

"မဟုတ်ပါဘူး... မေမေ ခါတိုင်းလိုပဲဈေးဝယ်ထွက်လာတာပါ... သားအခန်းထဲရောက်မှ ဧည့်သည်တွေကိုမြင်ပြီးအံ့ဩသွားတာ... ဧည့်သည်တွေလည်းအနေမခက်အောင်ကြည့်ကောင်းအောင်ပြောလိုက်တာ"

"ကျွန်တော်လည်း သူ့အဘွားနာရေးသတင်းကြားလို့သတင်းမေးလိုက်သွားခဲ့တာ... သူ့အမေကရုတ်တရက်ကြီး လေဖြတ်သွားလို့"

"ဒါတော့ ကူညီရမယ့်သူတွေဖြစ်နေပြီကိုး... ကိုယ့်ဘာသာကခုလို နေစရာစားစရာသွားစရာ ကားကအစအပြည့်အစုံပေး



www.burmeseclassic.com

www.burmeseclassic.com



ထားနိုင်တော့ ငါ့သားဂုဏ်ရှိတာပေါ့"

"အဖေများစိတ်တိုမလား မသိဘူး"

"အမေ ပြောပေးပါ့မယ်"

"ရက်ကြာလာရင် ပြောတာ"

"အဲ့ဒီတော့လည်း မင်းအဖေပါးစပ်ပိတ်သွားအောင် မင်းနဲ့ 'ယမင်းခင်' လက်ထပ်လိုက်လေ... ဆွေမျိုးတော်သွားတော့ ပြောလို့မရတော့ဘူးပေါ့... ညကျမှမင်းအဖေဆီ ဖုန်းဆက်ပေးမယ်"

မိန်းမပြောသမျှ ခေါင်းညိတ်တတ်သူက 'ဦးစိန်ထွန်း' ပါပဲ။ မိန်းမငယ်ငယ်ချောချောကိုရထားသဖြင့် ကျေနပ်နေသူ။ အဲသားညိုညို၀၀ဖိုင့်ဖိုင့် ကျောက်ပေါက်မလေးတွေကလည်း ရှိနေသေးသော 'ဦးစိန်ထွန်း' သည် သူ့ထက်ဆယ့်နှစ်နှစ်ငယ်ပြီး ဖြူဖွေးနုထွတ်နေသည့် 'ခင်ခင်ထား' ကိုငွေနှင့်ပေါက်ပြီးယူနိုင်ခဲ့သည်။

မိန်းမကခပ်ချွဲချွဲလေးပြောလိုက်လျှင် လိုတရစေ။

"ကိုကိုရေ... 'ခင်ခင်' ဒီမှာကြာဦးမယ်ထင်တယ်... ဒီကဂိတ်မှာ 'ခင်ခင်' ၀င်လိုက်မယ်... ကိုကိုအဲ့ဒီကဂိတ်နဲ့ဆိုင်ကိုကြည့်ထားပေါ့"





## ၁၂

လ၀က်ကျော်သည်အထိမိခင်က မန္တလေးမှာရှိနေသဖြင့် 'ညီထွန်း' စိတ်မကောင်းဖြစ်လာသည်။

အဖေနှင့်နှမငယ်တို့ မျှော်တော့မည်။

ဆိုင်အလုပ်သမားများ၊ ကားအလုပ်သမားများအတွက် ဖခင်တစ်ယောက်တည်း ဖြေရှင်းနေရတာကြာပြီ။

အမေကမန္တလေးမှာ ကားတစ်စီးနှင့်ဈေး၀ယ်ထွက်လိုက် တိုက်ခန်းမှာလာချက်ပြုတ်ကျွေးလိုက် မင်းသမီးတစ်ယောက်လို ၀တ်စားပြင်ဆင်ပြီး လှပနေသောအမေ့ကို 'ဒေါ်၀င်းကြည်' နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးတစ်စုက မြောက်ပင့်စားသောက်နေသည်ဟုမြင်လာမိသည်။

အမေကလှသည်ပြောလေ ပြင်လေ။

"'ညီ' တို့မေမေ နေ့ခင်းဘက်မရောက်တာ နှစ်ရက်ရှိပြီ"

"ဟင်"

'ယမင်းခင်' က တစ်စုံတရာပြောချင်လျှက်နှင့် နှုတ်ပိတ်နေသည့်ပုံစံမျိုးဖြစ်နေသည်။

"ဟိုလေ 'ယမင်း' တို့အတွက်တော့ အန်တီ့ကိုခေါ်မထားပါနဲ့... ဟိုလေ အိမ်ရှင်ကိုပြန်နှင်နေတာတော့မဟုတ်ပါဘူး... အန်တီကဟိုမှာ ဆိုင်အလုပ်အိမ်အလုပ်တွေနဲ့မအားဘူးဆိုတာ 'ယမင်း' ကိုယ်တိုင်သိလာတွေ့လာခဲ့ရတာလေ... ခုဆို ရက်နှစ်ဆယ်တောင်ရှိသွားပြီ... 'ယမင်း' အရမ်းအားနာလို့ပါ"

မိခင်ကိုတွေ့ချင်သဖြင့် ကားဂိတ်သို့လိုက်ခဲ့သည်။

ကားဂိတ်တွင်လည်းမရှိ။ ဂိတ်စာရေးလည်းမရှိ။

အနီးရှိဂိတ်ခြင်းကပ်လျှက်မှ အခြားဂိတ်စာရေးက မိမိတို့ဂိတ်အတွက် ဝင်ထိုင်ပေးနေသည်။

"ဒီဂိတ်စာရေး ဘယ်သွားလဲဗျ"





"ဘယ်သွားလည်းတော့မသိဘူးဗျ... ဂိတ်ပိုင်ရှင်သူဌေးမရဲ့ကားနဲ့တော့ပါပါသွားတာပဲ... "

'ညီထွန်း' ရင်ထဲတွင် တင်းကနဲဖြစ်သွားခဲ့သည်။

မိမိတို့ဂိတ်စာရေး 'အေးမောင်' သည် ခပ်သန့်သန့်ခပ်ချော်ချော်။ အလုပ်တော်၍အဖေက လခကောင်းကောင်းပေး၍ခေါ်ခန့်ထားခြင်းဖြစ်သည်။ 'ကိုအေးမောင်' သည်ဂိတ်တွင်ခုံလက်မှတ်ရောင်းရယုံတင်မဟုတ်၊ ခေါင်မိုးပေါ်တင်သည့်ကုန်ပစ္စည်း၊ ခရီးသည်ထိုင်ခုံအောက်တွင်ထည့်သည့် ကုန်ပစ္စည်းများကို ရှာဖွေစုဆောင်းရာတွင်အလွန်တော်သူ။

သုံးလေးရက်စာကုန်ကို အရှံသင့်ရှာဖွေထားနိုင်သူ။ ဆက်ဆံရေးကောင်းသူ၊ နှုတ်ချိုသူဖြစ်၍ ကားဂိတ်တွင်ကုန်ရော ခရီးသည်ရောအမြဲအပြည့်။

ခုတော့အဖေအားကိုးသော ဂိတ်စာရေးသည်ဂိတ်ကိုသူများလက်ထဲအပ်၍ အမေနှင့်လိုက်သွားသည်တဲ့။

အမေ့ဆိုင်အတွက်ပစ္စည်းတွေဝယ်၍ လိုက်ကူပေးတာလည်းဖြစ်မှာပါလေဟုတွေးပြီး သူတို့ပြန်အလာကို ဂိတ်အထဲမှထိုင်စောင့်နေမိသည်။

အချိန်တွေတစ်နာရီပြီး တစ်နာရီသာကုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားဂိတ်ပေါင်းစုံသို့ ကားတွေတစ်စီးပြီးဝင်လိုက်ထွက်လိုက်လုပ်ရင်း ဂိတ်သာပိတ်တော့မည်၊ သူတို့ရောက်မလာကြ။

"ဟိုလေ ကျွန်တော်ဂိတ်ပိတ်တော့မလို့... ငါ့ညီဂိတ်မှာအိပ်မယ်ဆိုရင်လည်း သော့ပိတ်သွားလိုက်လေ"

"ဟင် ကုန်လာအပ်တဲ့လူတွေလာရင်ရော"

"'ကိုအေးမောင်' က ဒီရက်ပိုင်းမနက်ပိုင်းလာအပ်တဲ့ကုန်ပဲလက်ခံနိုင်းထားတယ်"

"ခါတိုင်း သူတို့ဘယ်အချိန်ပြန်လာလဲ"

"ထွက်သွားပြီဆိုရင်တော့ ဒီကိုပြန်မလာကြတော့ဘူး... ကျွန်တော့်ကိုဒီရက်ပိုင်းအတွက် တစ်နေ့နှစ်ထောင်နဲ့ ငှားထားတာလေ... သူကပိုင်ရှင်ရောက်နေလို့ လိုက်ကူနေရတယ်... ကျွန်တော့်အလုပ်က မနက်ပိုင်းကုန်နဲ့ ခရီးသည်တွေအတွက် ညနေလေးနာရီအထိပဲ လက်မှတ်ဖြတ်ပေးယုံပဲ"

'ညီထွန်း' သက်ပြင်းရှည်ကြီးချပြီး ပျော့ခွေသွားတော့သည်။ ကားဝင်းကြီးထဲတွင် တခြားဂိတ်မှကားများကုန်တွေဖြည့်နေကြဆဲ။ အဖေ့ကားကြီးနှစ်စီးမှာ သည်တိုင်းရပ်ထားသည်။

အဆောင်ကိုမပြန်ဘဲ မိမိတို့တိုက်ခန်းသို့ တစ်ပတ်ပြန်လည့်ဝင်လာပြီး အမေရောက်ပြီးလားကြည့်သည်။ မတွေ့သဖြင့်





ဘီဒိုထဲမှပစ္စည်းယူသလိုလုပ်ပြီး ပြန်ထွက်ခဲ့သည်။ 'ယမင်း' ၏မိခင်ကိုအကြောပြင်ဆရာက တစ်ကိုယ်လုံးနှိပ်နေပါသည်။

'ဒေါ်ဝင်းကြည်' နှင့်ကျန်အမျိုးတစ်စုက မီးဖိုချောင်တွင်ဖဲရိုက်နေကြသည်။ အိမ်သားများသာမက တခြားသူစိမ်းအမျိုးသမီးနှစ်ယောက်နှင့် အမျိုးသားတစ်ယောက်ပါနေသည်။

ယိုသူမရှက်မြင်သူရှက်ဖြစ်ပြီး သူတို့မသိအောင်တိတ်တဆိတ်ပြန်ထွက်ခဲ့မိသည်။

အဆောင်ပြန်လာပြီး နဖူးပေါ်လက်တင်၍ စဉ်းစားနေမိသည်။

အမေ့ကိုဘယ်မှာမှ မတွေ့ပါလား။

အမေဘယ်တွေ သွားနေတာလဲ။

ဘာတွေလုပ်နေတာလဲ။

"သားရေ"

အခန်းခေါက်သံနှင့်အတူ မိခင်၏အသံကိုကြားလိုက်ရသဖြင့် ပျော်သွားသည်။ သို့သော်ချက်ခြင်းဒေါသပြန်ထွက်လာသည်။ အမြန်ထတံခါးဖွင့်ပြီး မျက်နှာပုပ်ကြီးဖြင့်...

"အမေဘယ်တွေလျှောက်သွားနေတာလဲ... ကျွန်တော်တစ်နေကုန်လိုက်ရှာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



အသံတွေတုန်ပြီး မျက်ရည်တွေဝဲနေသာ သားဖြစ်သူကို ပခုံးဖက်၍ ကုတင်ပေါ်တက်ထိုင်ရင်း…

"သြော် သားရယ်… တစ်ချက်ခုတ်နှစ်ချက်ပြတ်လေ… ဒီကိုရောက်တုန်း စစ်ကိုင်းဘက် မိတ္ထီလာဘက်တွေတစ်ရက်စီသွားပြီး မင်းအဖေပို့ထားတဲ့ လက်ဘက်ဖိုးတွေကုန်ဖိုးတွေကောက်နေတာ… နက်ဖြန်မိုးကုတ်သွားမယ်… တစ်ညတော့အိပ်ရမယ်"

"အဖေသွားခိုင်းလို့လား"

"မိုးကုတ်ကတော့ အမေ့ကျောက်အရောင်းအဝယ်ကိစ္စသက်သက်ပါပဲ… လုပ်ပြီးသားလေးတွေရှိရင် ယူရောင်းမလားလို့ အမေတို့ဆိုင်ကိုလာနေတဲ့ဖောက်သည်တွေကလည်း မိုးကုတ်ကိုရောက်အောင်လာခဲ့ဖို့ ခေါ်ထားတယ်လေ"

"တော်ရောပေါ့အမေရာ… ကျောက်ကိစ္စ လက်ဝတ်ရတနာကိစ္စနဲ့တော့ သွားမနေပါနဲ့တော့… အဲ့သလောက်ကြီးနေ့စဉ်ရက်ဆက်အပင်ပန်းခံပြီး ရှာနေစရာမလိုအောင် အဖေကအပြည့်အစုံထားပေးနိုင်ပြီပဲ… မိုးကုတ်သွားမယ့်အစား အဖေတို့ဆီကိုပဲပြန်ပါတော့… သူတို့မျှော်နေတော့မယ်"

"ဟော သားကတော့လောပြီ… နှစ်ရက်တည်းပါ ပြီးရင်





ပြန်မှာပါ… မနက်ဖြန်မနက်စောစောထွက်ဖို့ ချိန်းတောင်ချိန်း( ားကြပြီးပြီ"

"ဒါဆိုကျွန်တော်လည်း မရောက်ဖူးသေးဘူး လိုက်ချင်တ( )"

ထိုစကားကြောင့်မိခင်ဖြစ်သူ မျက်နှာပျက်သွားကြောင်းသိလိုက်ရသည်။

"သားသဘောပဲလေ… သားကိုငပြောရဦးမယ် တိုက်ခန်းကိစ္စလေ"

ထိုစကားကြောင့် 'ညီထွန်း' မျက်မှောင်ကြုတ်၍ကြည့်သည်။

"အမေအိမ်ပြန်ရောက်တာနဲ့ မင်းအဖေဒီကိုဆင်းလာမှာပဲ… မင်းအဖေကိုဘယ်လိုပြောမလဲ"

"မှန်တဲ့အတိုင်း ပြောပြမှာပါ"

"သူတို့ပုံစံကတော်တော်နဲ့ ပြန်မယ့်ပုံမပေါ်သေးဘူး… သားကအဆောင်မှာ ရွှေ့နေပေးလိုက်တော့ပိုလွတ်လပ်သွားကြတာပေါ့… နေ့ခင်းဘက်ရော ညဘက်ပါလူစုပြီး ဖဲကလည်းရိုက်ကြသေးတာ… အမေတစ်ခုကြားထားတာရှိသေးတယ်… သူတို့ဒီအခန်းမှာဆေးကုရင်း ဖဲရိုက်ရင်းငွေရှာတာ အဆင်ပြေနေပုံရ



www.burmeseclassic.com

www.burmeseclassic.com



တယ်… အမြဲနေလို့ရအောင် သားနဲ့ 'ယမင်းခင်' ကိုပေးစားဖို့ တိုင်ပင်နေကြတယ်"

တစ်နေကုန်စိတ်ဆင်းရဲထားသည့်အတွက် ယခုလို သတင်းကြားရသောအခါ ဝမ်းသာရမည့်အစားစိတ်ညစ်သွားသည်။ မိမိအရွယ်သည် အိမ်ထောင်ပြုရမည့်အရွယ်မဟုတ်သေး။

ယခုမှပထမနှစ်ကျောင်းသား။

ဖခင်ကကျွဲလိုနွားလို ရုန်းကန်ရှာပြီး မိမိကိုအကောင်းဆုံး နေရအောင်၊သွားရအောင် စားရအောင်ထားပေးခဲ့သည်။ ယခုတော့ မိမိ၏နှလုံးသားရေးကိုရှေ့တန်းတင်ပြီး မိမိထင်ရာလုပ်ခဲ့သည်။ မိမိအိမ်ထောင်ပြုမည်ဆိုလျှင် အဖေဘယ်လိုခံစားရမည်နည်း။

ဤကိစ္စကို မိမိကဇာတ်လမ်းစခဲ့တာ။

ဒီဇာတ်လမ်းကို မိမိအဆုံးသတ်နိုင်လျှင်ပြီးပြီ။

မိမိသူမကိုပြတ်နိုင်မည်လား။ မေ့နိုင်မည်လား။

တစ်နေ့မတွေ့ရလျှင်ပင် မနေနိုင်၍ သူမမခေါ်ဘဲလိုက်သွားမိခဲ့သည်။ စိတ်ကိုအလိုလိုက်မိခဲ့သဖြင့် ယခုစိတ်ညစ်နေရပြီ။

အကောင်းဆုံးက သူတို့ဆွေမျိုးများ အလိုက်သိစွာပြန်





သွားကြလျှင်ကောင်းမည်။

မိမိငယ်ပါသေးသည်။ ချစ်သူဘဝနှင့်နေ့စဉ်တွေ့ရလျှင် လည်ပက်ရလျှင် ကျေနပ်ပါသည်။ လက်ထပ်လိုက်လျှင် အိမ်ထောင်သည်ဖြစ်ပြီး ကလေးတွေဘာတွေရပြီး ငယ်ငယ်လေးနှင့် အိမ်ထောင်ကျေးကျွန်ဖြစ်ရတော့မည်။

'ယမင်း' ကိုလုံးဝမပြတ်နိုင်သော်လည်း ယူဖို့အထိတော့ စိတ်ကူးမရှိသေးပါ။ ကျောင်းပြီးအောင်တော့ လူလွတ်ဘဝဖြင့် နေချင်သေးသည်။

ကိုယ့်ပြဿနာနှင့်ကိုယ် ရှုပ်ထွေးသွားသဖြင့် မိုးကုတ်လိုက်ချင်စိတ်လည်း ပျောက်သွားသည်။

နောက်တစ်နေ့ကျောင်းတွင် 'ယမင်းခင်' ကိုရှာတော့ မတွေ့သဖြင့်…

"'မြတ်နိုး' ရေ… သူရော"

"ဒီနေ့သူ့အမေဆီ အရင်သွားတွေ့မယ်ပြောတာပဲ … အန်တီရော ပြန်သွားပြီလား"

"မပြန်သေးဘူး… မိုးကုတ်ကပြန်လာမှပြန်မယ်ထင်တယ်"

'မြတ်နိုး' ပုံစံက တစ်ခုခုပြောချင်နေသည့်ပုံစံ။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာပြောချင်နေတာလဲ"

"ဟင့်အင်း ဘာမှမပြောချင်ပါဘူး"

'နင်မညာနဲ့ 'ယမင်း' ကိစ္စလား... သူ့မိသားစုကိစ္စလား"

"မဟုတ်ပါဘူး... အဲ့ဒါနင့်ကိစ္စပဲ"

"ဒါဆိုဘာလဲ... နင်နဲ့အမေအလှော်ကောင်းလို့ ငါတို့ နီးစပ်သွားကြတာ... ခုမှ ငါ့ကိုလက်ညှိုးမထိုးနဲ့"

" 'တင်ထူး' တို့တွေဆီက ငါသတင်းတစ်ခုရထားတယ်"

"အင်း ဘာတဲ့လဲ"

"နင့်ကိုပြန်မပြောရဘူးဆိုတဲ့ကတိပေးထားရတယ်... ဒါပေမဲ့တစ်မြို့တည်းသား ငယ်သူငယ်ချင်းဖြစ်နေလို့ ပြီးတော့ငါ့အပေါ်လည်းနင်ကကောင်းခဲ့တာများလို့ငါပြောပြမယ်... ဒါပေမဲ့ ငါ့အတွက် နင်ထိန်းသိမ်းရမယ်... မပေါက်ကွဲဘဲ စိတ်အေးအေးနဲ့ကိုင်တွယ်နိုင်ရမယ်... လိုအပ်တဲ့အကူအညီရှိရင် ငါ့ကိုပြောပါ ငါတတ်နိုင်တာဆို အကုန်ကူညီမှာပါ"

"အေးပါ ပြောပါ"

"နင့်အမေကိုဟိုတယ်တစ်ခုမှာ ဂိတ်စာရေးနဲ့နေ့တိုင်းလာချိန်းတာ 'တင်ထူး' တို့အုပ်စုတွေ့ခဲ့ကြတယ်တဲ့... သူတို့အုပ်စုကျူရှင်သွားတက်ရင်းတွေ့တာ... နှစ်ရက်လောက်တွေ့တော့





မသင်္ကာလို့လိုက်ကြည့်ကြတယ်... ဟိုတယ်မှာနေ့ခင်းဘက်တစ်နေကုန်နေပြီး မိုးချုပ်မှလူချင်းခွဲပြီးပြန်ကြတာတဲ့"

ဘင်ပြီးသားကိစ္စဖြစ်နေပါသော်လည်း နားထင်တွင်တဖောက်ဖောက်မြည်အောင် ခံစားလိုက်ရပါသည်။

အမေ သစ္စာဖောက်သည်။

အဖေ့ပိုက်ဆံများနှင့် တခြားယောကျ်ားတစ်ယောက်တစ်ယောက်နှင့် ဖောက်ပြားသည်။

ရှက်လိုက်တာ။ 'ယမင်းခင်' တို့မိသားစုများသိကုန်လျှင်မည်မျှအထင်သေးလိုက်မည်နည်း။

မိမိနာမည်ကို အလွဲသုံးစားလုပ်သည်။

မန္တလေးရောက်လာခဲ့ခြင်းကို မိမိ နှင့် 'ယမင်းခင်' တို့အတွက်လာကူညီသလိုလိုအကြောင်းပြသည်။ သဘောကောင်းပြသည်။ အကျိုးလို၍ညောင်ရေလောင်းသည်။ဒေါ်ပွလွန်းသဖြင့် အံတကြိတ်ကြိတ်လုပ်နေမိသည်။

" 'တင်ထူး' တို့ကဘာကိစ္စနင့်ကို ပြောပြစရာလိုလဲ... သူတို့မပြောရင် နင်သိစရာမရှိဘူး... သက်သက်မဲ့ငါနဲ့ငါ့အမေအရှက်ကွဲအောင်လုပ်တာပဲ... ဒီကောင်တွေကတိုက်ခန်းမှာ 'ယမင်းခင်' တို့မိသားစုလာနေတာ ကြိုက်တာမဟုတ်ဘူး... ပြန်



www.burmeseclassic.com

www.burmeseclassic.com



မဖယ်ပေးရင် ဘယ်လိုလုပ်မလဲတဲ့"

"ဟုတ်တာပဲလေ... ခုပဲတစ်လပြည့်တော့မယ် ပြန်မယ့်ပုံစံမှမပေါက်သေးတာ... ကဲ နှစ်ပေါက်အောင်နေရင် နင်ဘယ်လိုလုပ်မလဲ"

"မေမေကတော့ 'ယမင်း' နဲ့ ငါနဲ့ ယူပြီး အဲ့ဒီတိုက်ခန်းမှာနေ မန္တလေးဂိတ်မှာထိုင်လို့ တော့ပြောတာပဲ"

"အို ငယ်ငယ်လေးတွေရှိသေးတာ... 'ယမင်း' ကယူမယ့်အထိတော့စိတ်ကူးဦးမှာမဟုတ်ဘူး... နင်ကရော"

"ငါလည်း မယူချင်သေးပါဘူး... စေ့စပ်ထားရင်ကော"

"အင်းလေ ညကျမှ သူ့ကိုဆွေးနွေးကြည့်ပေးမယ်"

ထိုကိစ္စကိုပြောပြသောအခါ 'ယမင်းခင်' ဒေါပွပါတော့သည်။

"ဘာလဲ ဘာသဘောလဲ...သူ့တိုက်ခန်းပေါ်မှာငါ့မိသားစုလာနေတယ်ဆိုပြီး အပိုင်ချီချင်တဲ့သဘောလား"

ထိုစကားကြောင့် 'မြတ်နိုး' က အံ့ဩသွားပြီး...

"ဒါမင်းအတွက်ဂုဏ်ယူစရာမဟုတ်ဘူးလား... စေ့စပ်ထားရင်မင်းတို့နှစ်ယောက် အဲ့ဒီအိမ်ပေါ်ကိုအတူတွဲသွားလည်းတင့်တယ်တယ်... မင်းအဆောင်ကနေ အဲ့ဒီမှာပြောင်းနေရင်





လည်းတင့်တယ်တယ်"

"သိပါပြီ သိပါပြီ... သဘောကမစေ့စပ်သေးဘဲ မယူသေးဘဲ အမျိုးသားရဲ့အိမ်ပေါ်မှာတက်နေတာ မတင့်တယ်ဘူး မသင့်တော်ဘူးဆိုတဲ့သဘောပေါ့ဟုတ်လား...ဒါဆိုလည်းဘာဖြစ်လို့အိမ်ပေါ်ကို အတင်းခေါ်ပြီးတင်ထားသေးလဲ... ဘုရားကြီးနားမှာငါတို့အမျိုးအိမ်ရှိတယ်... အဲ့ဒီကိုပြန်ပြောင်းပေးမယ်"

"ဟာ အဲ့လိုမလုပ်နဲ့လေ... ငါပြောတဲ့စကားနဲ့နင့်အဖြေကတခြားစီဖြစ်နေတယ်... စေတနာနဲ့ပြောတာလေ... 'ညီထွန်း' နဲ့နင်ယူကြမှာပဲဟာ... စေ့စပ်ထားတော့ ကိုယ့်ဘက်ကတောင်ပိုင်သေးတယ်"

"အပိုင်ဖမ်းရလောက်အောင်လည်း 'ညီထွန်း' ကသူဌေးမှမဟုတ်တာ... မိဘပိုက်ဆံလက်ဖြန့်ခံသုံးနေရတဲ့ ကျောင်းသားပဲရှိသေးတာ... လူတစ်ယောက်ကိုရည်းစားလေးထားမိတာနဲ့ ဒီလူနဲ့ပဲယူဖြစ်သွားကြတဲ့လူက ခပ်ရှားရှားပါ...သူနဲ့စကြိုက်တည်းက ချက်ခြင်းကြီးယူဖို့ရည်ရွယ်ချက်မရှိပါဘူး... ဘွဲ့ရအောင်ယူပြီးမှ လက်ထပ်ဖို့စဉ်းစားမှာ"

'မြတ်နိုး' လုံးဝမခံချင်။ သူတို့နှစ်ယောက်အ[illegible]ဇာတ်လမ်းတွင် 'ယမင်းခင်' က ဇာတ်လမ်းဆင်ခဲ့သူ၊ [illegible]လမ်းစခဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ၊ မြွေမြွေချင်းခြေမြင်ပါသည်။

"မင်းသူ့ကိုတကယ်ချစ်တာ မဟုတ်ဘူးလား"

"မချစ်ဘူးလို့ နင်ကထင်နေပြန်ပြီလား"

"မဟုတ်ပါဘူး အဲ့ဒါလို့မေးတာပါ...မင်းတို့နှစ်ယောက်ရဲ့ဇာတ်လမ်းကိုငါအစအဆုံးသိနေတာပဲ... 'ညီထွန်း' က ဒီဇာတ်လမ်းကိုအရင်စခဲ့တာမဟုတ်ဘူးလေ"

"ဟား ပေါတင်ကြီးနှိပ်ကွပ်နေပါလား... သူ့ဘက်ကနာနေတာကို"

လှောင်သလိုလိုပြောင်သလိုလိုလုပ်နေသော 'ယမင်းခင်' ကိုဆွဲကုတ်ချင်လာမိသည်။

"ငါကနင့်ဘက်ကလာပြောပေးတာကို နင်ကဘာလို့ဇော်ကားတာလဲ... တကယ်ဆိုဟိုကစေ့စပ်ဖို့ပြောရင် နင်ဝမ်းသာမယ်ထင်ထားတာ"

'ယမင်းခင်' က ခေါင်းရောလက်ရော စိတ်ပျက်သလိုခါရမ်းရင်း...

"ငါအမှန်အတိုင်းပြောမယ်ကွာ... ကောင်လေးတွေငါ့ကိုအရူးအမူးဖြစ်နေချိန်မှာ သူကရှုတည်တည်ကြီးနဲ့စိတ်မဝင်စားသလိုလိုလုပ်လွန်းလို့ ဒင်းဘာသားနဲ့ထုထားတာလည်းဆိုပြီး





တမင်စိတ်ဝင်စားလာအောင်လုပ်ခဲ့တာ"

"ဟင် ဒါဆိုတကယ်ကြိုက်လို့ မဟုတ်ဘူးပေါ့"

သူမခေါင်းခါသဖြင့် 'မြတ်နိုး' အကြီးအကျယ်အံ့ဩသွားသည်။

"စိတ်ချ သူ့အိမ်ပေါ်ကငါ့ဆွေတော်မျိုးတော်တွေအားလုံးကို နက်ဖြန်ပြောင်းခိုင်းလိုက်မယ်"

"မဟုတ်သေးပါဘူးဟာ... ငါ့ကြောင့်နင်တို့ရဲ့အချစ်ရေးကိုမထိခိုက်စေချင်ပါဘူး... 'ညီထွန်း' က တကယ်ချစ်ရှာတာ ဘယ်မိန်းမကိုမှ စိတ်ဝင်စားခဲ့တာမဟုတ်ဘူး"

"နင်ကြားထဲကအားနာမနေနဲ့... ငါ့အမေကိုယ်တိုင်ကပြောလိုက်တာ... 'ညီထွန်း' အမေပုံစံကိုလည်းမကြိုက်ဖူးတဲ့... 'ညီထွန်း' လိုမိဘပိုက်ဆံလက်ဖြန့်ခံသုံးနေရတဲ့ကျောင်းသားလေးတစ်ယောက်ကိုယူမယ့်အစား ကိုယ့်လက်ထဲကိုမီးခံသေတ္တာသော့ကားသော့ ဘဏ်စာအုပ်ထဲမှာ ငွေတွေလစဉ်ထည့်ပေးနိုင်မယ့်ယောကျ်ားမျိုးကိုယူတဲ့... ဘာဖြစ်လို့လည်းဆိုတော့ သူများအိမ်မှာခဏပဲနေနေ တစ်လပဲနေနေ မျက်နှာငယ်တယ်တဲ့... ငါ့အမေက ဒီပုံစံနဲ့တစ်သက်လုံးနေချင်နေသွားရမှာလေ... ဒါကြောင့်သူ့ကိုငါ့ဆက်ချစ်ဖို့ စေ့စပ်ဖို့ လက်ထပ်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့လို့ပါ"

'ယမင်းခင်' တစ်ယောက် 'ညီထွန်း' ကို တစ်ခန်းရပ်က ကြိုးဆင်၍ ပြီးသွားခဲ့ပြီပေါ့လေ။





## ၁၃

မနက်ဘက်ကျောင်းရောက်တော့ 'ယမင်းခင်' ကိုရှာသည်။ မတွေ့။ 'မြတ်နိုး' ကိုလည်းရှာသည် မတွေ့သဖြင့် မိမိတိုက်ခန်းများရှိကြလေးမလားဟု လာရှာမိသည်။

အခန်းကိုသော့ပိတ်ပြီး မျက်နှာချင်းဆိုင်အခန်းတွင်အပ်ထားကြောင်းစာရေးထားခဲ့သည်။

"သူတို့အားလုံး ထွက်သွားကြတာလား ခင်ဗျ"

"ဟုတ်မယ်ထင်တယ်... ပစ္စည်းတွေလည်းထုပ်ပိုးသယ်၍ ယူသွားကြတာပဲ... ပြောင်းသွားကြတာထင်တယ်... မောင်ရင့်ကို ပြောမသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါပြီးအခန်းတံခါးကို ဖွင့်ကြည့်မိသည်။

ဘာပစ္စည်းမျှတော့ မပျောက်ပါ။

ဘယ်လိုဖြစ်သွားကြပါလိမ့်။ 'မြတ်နိုး' နှင့်တွေ့ချင်၍ ကျောင်းမှာပြန်ရှာသည်။ မတွေ့သဖြင့်သူမတို့အဆောင်ကိုလိုက်သွားမိသည်။ 'မြတ်နိုး' ရှိနေပါသည်။ ခေါင်းစုတ်ဖွားနှင့်ဖရိုဖရဲထွက်လာသည်။

"နင် သူ့ကိုဘာပြောလိုက်လဲ"

"စေ့စပ်ဖို့လေ"

"အဲသလိုပြောလို့ သူတို့အိမ်ပြောင်းသွားကြတာလား"

'ညီထွန်း' အသံတွေကတုန်နေသည်။ မျက်ရည်လည်းဝဲနေသည်။

"မေ့လိုက်ပါတော့ဟာ... သူ့နောက်လိုက်ပြီး အသနားခံမနေနဲ့တော့"

"နင်တခြား ဘာတွေလျှောက်ပြောသေးလို့လဲ"

"ဘာလဲ ငါစကားမှားသွားလို့ သူစိတ်ဆိုးပြီးထွက်သွားတယ်ထင်လို့လား... ဒါဆိုလဲ ငါဘာပြောသလဲလို့ လိုက်မေးကြည့်ပေတော့"

'မြတ်နိုး' ကစိတ်တိုပြီး အခန်းထဲဝင်သွားခဲ့သည်။





ကျောင်းကို 'မြတ်နိုး' လည်းနှစ်ရက်တိတိမလာ။ 'ယမင်းခင်' လည်းပေါ်မလာ။

'ညီထွန်း' လည်းစိတ်ညစ်ပြီး ကျောင်းမတက်ဖြစ်။

မိခင်ဖြစ်သူပြန်လာလျှင် မိမိလည်းအိမ်ကိုပြန်လိုက်သွားမည်ဟု စိတ်ကူးမိသည်။

မိမိ၏အချစ်ရေးသည် အချိန်တိုအတွင်း ပြီးဆုံးသွားခဲ့ပါသော်လည်း ရင်ထဲမှခံစားမှုကတော့ လူကိုနှိပ်စက်နေပါပြီ။

ချစ်ရတစ်ရက် လွမ်းရက်တစ်ရာ ဖြစ်နေခဲ့ပြီ။

နေ့စဉ်မြင်တွေ့နေကြမျက်နှာလှလှကို လုံးဝမတွေ့ရသည့်ခံစားမှုက ရင်ကိုဆွေးမြေ့လွမ်းဆွတ်စေပါသည်။ ကြည်လင်ချိုမြသော အသံလေးကိုလည်း နားထဲတွင်ကြားယောင်နေသည်။

မိမိစိတ်ကူးထဲမှာတော့ စေ့စပ်ပြီးလျှင် သူမနှင့်ပို၍နီးကပ်စွာနေရတော့မည်ဟုတွေးပြီး ပျော်ရွှင်နေမိသည်။ ရင်ခုန်နေမိသည်။ ယခုလိုလုံးဝပြတ်တောက်သွားမည်၊ ကွဲကွာသွားမည်ဟု အိပ်မက်ပင်မမက်ခဲ့မိပါ။

သူမကိုချစ်သည့်အချစ်က တစ်ဘဝလုံးအတွက်ပါ။

အိမ်ထဲမှာ သုံးရက်ခန့်မစားနိုင်မအိပ်နိုင်နှင့်အလွမ်းမင်း



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်ပြီး ပိန်ခြိုးသွားခဲ့သည်။

မိခင်ဖြစ်သူက နှစ်ရက်ခန့်နေပြီး ပြန်လာခဲ့မည်ပြော သွားသော်လည်း ယခုငါးရက်ပြည့်သွားခဲ့ပြီ။

" ဒေါက် ဒေါက် ဒေါက် "

သစ်သားတံခါးကို သော့ခလောက်နှင့်ခေါက်နေသံ။

မိခင်ဖြစ်သူ ပြန်လာပြီထင်၍ပြေးဖွင့်မိသည်။

ကားဂိတ်တွင် ခေတ္တကူထိုင်ပေးနေသော စာရေးဖြစ်နေ သည်။ လက်ထဲတွင်စာနှစ်စောင်ကိုင်ထားသည်။

"ဒါကခင်ဗျား အမေဆီက... ဒါကခင်ဗျား အဖေဆီက"

"ခဏဝင်ပါဦးဗျာ... စာဖတ်ပြီးလိုအပ်ရင် ခင်ဗျားနဲ့ပြန် မှာလို့ရအောင်လေ"

"ဟုတ်ကဲ့ ဒါနဲ့ ခင်ဗျားနေမကောင်းဘူးလား... အရမ်း ပိန်တာရော"

"ဟုတ်တယ်ဗျ"

ဖခင်ထံမှစာကို အရင်ဖတ်မိသည်။

'ခင်ခင်'

မင်းအမြန်ပြန်လာရင် ကောင်းမယ်...

'မီးငယ်' ခိုးရာလိုက်သွားခဲ့ပြီ...





ဘယ်သူနဲ့မှတ်လဲ... ငါသနားလို့ အလုပ်ခေါ် ခန့်ထားတဲ့ 'အေးမောင်' ရဲ့ဦးလေးနဲ့ကွာ... မင်းသမီး လုပ်ရက် လိုက်တာ တစ်မြို့လုံး ဒီအကြောင်းပဲပြောနေကြပြီ... ငါအရမ်း ရက်တာပဲကွာ... ယုစရာရှားလွန်းလို့ အဖေအရွယ်လောက်ကြီးကို ယူတယ်... ဒီလူကိုတွေ့ရင် ငါသတ်ပြီးထောင်ထဲဝင်မယ်... မင်း အမြန်ပြန်ခဲ့ပါ...

'စိန်ထွန်း'

စာဖတ်ရင်းလက်တွေတုန်လာသည်။ တစ်ကိုယ်လုံးအေး စက်လာပြီး အဖျားတက်ချင်သလိုဖြစ်လာသည်။

ရင်ထဲမှ တုန်လှုပ်မှုကိုချုပ်တီးပြီး မိခင်ထံမှစာကိုဖောက် ဖတ်ရသည်။

'ညီထွန်း'

အမေ ပြန်လာဖြစ်မှာမဟုတ်သေးဘူး

မင်း အဖေနဲ့နေရတာမပျော်လို့ထွက် ခဲ့တာသည်လောက်ဆို မင်းသဘောပေါက်မယ်ထင်တယ်...

မိခင်၏ စာကိုဖတ်ပြီးသောအခါ 'ညီထွန်း' မှုးကနဲ မိုက် ကနဲပင်ဖြစ်သွားခဲ့သည်။ စိတ်ကိုထိန်းသိမ်းလို့မရအောင် ဆောက်တည်မရ ဖြစ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာဖြစ်တာလည်း မူးနေတာလား ဆေးခန်း ခေါ်သွားပေးရမလား"

ဂိတ်စာရေးက ကုလားထိုင်ပေါ်အရုပ်ကြိုးပြတ်ထိုင်ချ ပြီး မျက်စေ့မှိတ်ထားသည်။ 'ညီထွန်း' ကိုစိုးရိမ်တကြီးမေးသည်။

"ဟုတ်တယ်ဗျာ တစ်ခုပဲအကူအညီပေးပါ...ဒီဖုန်းနံပါတ် တွေကိုဆက်ပြီး ကျွန်တော်နေမကောင်းလို့ လာခဲ့ကြဖို့ခေါ်ပေး ပါ"

"ဟုတ်ကဲ့ပါ စိတ်ချပါ"

'ညီထွန်း' လုံးဝမထနိုင်တော့ပါ။ ခြေထောက်တွေလေး ပြီး ကျောက်ရုပ်ကြီးလိုဖြစ်သွားခဲ့သည်။ လူကသာ မလှုပ်ရှားနိုင် တာပါ စိတ်ကတော့ယောက်ယက်ခတ်နေသည်။

ဦးလေးနှင့်တူတို့၏ သားရေပေါ်အိပ် သားရေနားစား သည့် ကျေးဇူးကန်းသည့်ဇာတ်လမ်းပါလား။

ဦးလေးကသမီးအရွယ်ကိုကြံပြီး တူကအဒေါ်အရွယ်ကို ချိန်သည်။ နှစ်ယောက်လုံးငွေထုပ်ပိုက်သွားသည့်သဘောပေါ့။

အဖေမိန်းမယူတုန်းက ငွေအထုပ်လိုက်အပုံလိုက်ရှာဖွေ စုဆောင်းပြီးမှ မိန်းမလှလှငယ်ငယ်ကို ရွေးယူခဲ့ခြင်းဖြစ်သည်။

ဂိတ်စာရေး 'အေးမောင်' ၏ဦးလေးကတော့ အလုပ်





လက်မဲ့ဖြစ်နေလို့ အဖေကအိမ်ရှိကားများ အဆင်သင့်ကောင်း မွန်နေစေရန် အမြဲကြီးကြပ်ရသူအဖြစ် စားရိတ်ငြိမ်းတစ်လသုံး သောင်းဖြင့်ခေါ်ခန့်ထားသူ။ ညီမငယ် 'မိမိထွန်း' ၏မိုက်လုံးကြီး မှုကို ဒေါသတွေဖြစ်နေမိသည်။

မိခင်ဖြစ်သူ 'အေးမောင်' နှင့်လိုက်ပြေးသည့်သတင်းကို လောလောဆယ်မည်သူမျှမသိအောင် နှုတ်ပိတ်ထားမည်ဟုစိတ် ကူးပြီး စာကိုဆွဲဆုတ်လုံးခြေ၍ ပြူတင်းပေါက်အပြင်ဘက်သို့ ပစ်ပေါက်လိုက်မိသည်။ သမီးငယ်နနုထွတ်ထွတ်လေး အဖိုးအို ကြီးနဲ့လိုက်ပြေးသည့်သတင်းကိုကြားလျှင် အမေငယ်ထိပ်မြွေ ပေါက်ခံရသလိုဖြစ်ချင်လည်း ဖြစ်သွားနိုင်သည်။

မြွေမသေတုတ်မကျိုးလုပ်ပြီး ပြန်ရောက်ချင်လည်း ရောက်လာနိုင်သည်။

ခြေသံများ၊ စကားပြောသံများနှင့်အတူ 'တင်ထူး' တို့ သုံးယောက်နှင့် 'မြတ်နိုး' တို့မိန်းကလေးသုံးယောက် ရှေ့ဆင့် နောက်ဆင့်ရောက်လာကြသည်။

"မင်းသုံးရက်လောက် ပျောက်နေတော့ ငါတို့က 'ယမင်း ခင်' နဲ့လျှောက်လည်နေတယ်ထင်တာ... မင်းကဖျားနေတာကိုး"

"ဟုတ်တယ် ငါအိမ်ပြန်ချင်တယ်... ဗင်တစ်စီးလောက်

www.burmeseclassic.com

www.burmeseclassic.com



အော်ဒါငွားပေးစမ်းပါ"

"မင်းကားရော"

"ငါ့အမေယူသွားလို့"

အားလုံးတစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။ အမေ့အကြောင်းများ သိကုန်ကြပြီလား။

နာရီဝက်အတွင်းပစ္စည်းတွေသိမ်းပြီး ကားပေါ်ရောက်ခဲ့သည်။

"ရော့ အိမ်သော့… မင်းတို့ဒီမှာပဲ ပြန်လာနေကြတော့"

"ဟာ နေပါစေ… 'ညီထွန်း' ကိုအဆောင်မှာလည်းနေသားကျနေပါပြီ"

"မင်းတို့စိတ်ခုနေကြပြီထင်တယ်… ကျောင်းပြီးတဲ့အထိ တော့နေကြကွာ"

"တော်ပါပြီကွာ မင်းစိတ်ကောင်းရှိတိုင်း ငါတို့အချောင်နေအချောင်စားလုပ်နေကြတာ ပြန်တွေးကြည့်တော့ ရှက်ဖို့တောင်ကောင်းနေတာ… ကဲမင်းနဲ့အဖော်ဘယ်နှစ်ယောက်လိုက်ခဲ့ပေးရမလဲ"

"မလိုက်ပါနဲ့တော့… ကျောင်းပျက်နေပါ့မယ်… 'မြတ်နိုး' ရော ဘာမှာဦးမလဲ"





"မမှာတော့ပါဘူးဟာ… ညကျမှနင်တို့အိမ်ကိုဖုန်းဆက်ကြည့်မယ်… နင်ပြန်ရောက်တဲ့အချိန်ကိုသိချင်လို့လေ"

"နင်တို့အဆောင်ကို ငါရောက်တာနဲ့ဆက်လိုက်ပါ့မယ်"

"အေး အေး ဖြည်းဖြည်းသွားနော်"

လေးနာရီခရီးကိုကြာလွန်းလှသည်ဟု ထင်နေမိသည်။

မြို့ထဲရှိဆိုင်ကိုပိတ်ထားကြောင်းတွေ့ရသဖြင့် အိမ်ကိုမောင်းနှိုင်းရသည်။

မှူးယိုင်ချိန်နေသဖြင့် ကားသမားကတွဲခေါ်ခဲ့ရသည်။ တံခါးသော့ခလောက်ကို အကြာကြီးခေါက်နေသော်လည်း ဖခင်ကထွက်မလာ။

"ကဲ ကျွန်တော့်ပစ္စည်းတွေချသွားပေးပါဗျာ… ခင်ဗျားတို့ကခရီးဝေးကို ပြန်ရဦးမှာ"

တစ်နာရီခန့် ထိုင်စောင့်နေသော်လည်း ဖခင်ကပေါ်မလာ။

ကိုယ်တွေပူပြီးအဖျားတက် အချမ်းတွေတက်လာသဖြင့် အိမ်ရှေ့ရှိကုလားထိုင်အရှည်ကြီးပေါ်တွင် ခွေ၍အိပ်နေမိသည်။

"ဟင် သားကြီးပါလား… ဘယ်တုန်းကရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ သားရယ်"

အဖေကအသံတုန်တုန်ကြီးဖြင့်မေးရင် နဖူးကိုစမ်းသည်။

"ဟာ ကိုယ်တွေခြစ်ခြစ်တောက်ပူနေပါလား... ထ ထ ဆေးခန်းသွားရအောင်"

မီးရောင်အောက်တွင် အိုစနာကျနေသောအဖေ့မျက်နှာကိုမြင်နေရသည်။

မိမိသည်အဖေ့အတွက် အကူအညီမပေးနိုင်သည့်အပြင် ဒုက္ခလာပေးသလိုဖြစ်နေခဲ့ပြီ။

"ကောင်းကောင်းအိပ်လိုက်ရင် သက်သာသွားမှာပါ အဖေ... ဆေးခန်းတော့မသွားတော့ပါဘူး"

"ဘယ်ဖြစ်မလဲ အဖေဆရာဝန်ပင့်ပေးမယ်"

အဖေ့ကိုသနားလိုက်တာ။ အိမ်အကြီးကြီးထဲတွင် တစ်ယောက်တည်းအထီးကျန်ဆန်နေရှာပါလား။

"မင်းလာမယ်မှန်းသိရင် အဖေစောစောပြန်လာခဲ့မှာပေါ့ ကားဂိတ်မှာအလုပ်ရှုပ်နေလို့လေ"

မိမိတို့စားဖို့သောက်ဖို့ဖြုန်းဖို့ အဖေကုန်းရုန်းရှာနေသလောက် မိမိတို့ကလည်း ကောင်းကောင်းအခွင့်အရေးယူကြသုံးကြဖြုန်းကြ၊ ဘော်ကြော့နေကြ၊ ကိုယ့်အတွက်ပဲကိုယ်စဉ်းစားကြ





အပျော်ရှာနေကြပါလား။ အဖေ့ကိုသနားလိုက်တာ၊ နေကောင်းလျှင်အဖေ့နားမှာနေပြီး အဖေ့ကိုကူတော့မည်ဟုဆုံးဖြတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

"ကျောင်းပြီးအောင်တက်ပါ ငါ့သားရယ်... ပညာတတ် ဘွဲ့ရဖို့ဆိုတာက ဆယ်တန်းကလည်းအောင်မှ မင်းညီမဆိုဆယ်တန်းနဲ့ဘဝပျက်သွားခဲ့ပြီ... ကျောင်းပြီးရင်အဖေနဲ့လာကူ အဲ့ဒီလောက်အချိန်အထိတော့ အဖေတောင့်ခံနိုင်ပါသေးတယ်"

သုံးရက်ခန့်အနားယူ ဆေးထိုးဆေးသောက်ယုံတင်မက အားဆေးပုလင်းပါ ချိတ်လိုက်သဖြင့် ပြန်လည်လန်းဆန်းလာသည်။

မိခင်ဖြစ်သူအကြောင်းကို ဖွင့်ပြောချင်ပါသော်လည်း အဖေ့စိတ်ဓါတ်ပြိုလဲသွားမှာ ကြောက်နေမိသည်။





"'မီထွန်း' ကိုရှာပြီး ပြန်သိမ်းထားရင်ကောင်းမယ်နဲ့တူတယ် ဖေဖေ"

'ဦးစိန်ထွန်း' က ခေါင်းကိုဖြည်းညင်းစွာခါရင်း...

"သူ့ထိုက်နဲ့သူ့ကံပေါ့သားရယ်... ဆယ်တန်းတောင်ရောက်နေပြီ... လူပျိုလူလွတ်တွေယူလို့ရတာပဲ... သူတောင်းစားကိုယူလာရင်တောင် အဖေပုဆိုးဆီးဆင်ပေးပြီး ကားတစ်စီးအလကားပေးလိုက်မယ်... ခုတော့သမီးအရွယ်ကို သမီးချင်းကိုယ်ချင်းမစာအပိုင်ကြံတဲ့ 'အံ့မော်' ဆိုတဲ့ကောင်ကိုလည်း တစ်ပြားတစ်ချပ်မှမရစေရဘူး... မိုက်လုံးကြီးတဲ့သမီး သူ့အသိစိတ်ဓါတ်နဲ့သူသိမှပြီးပြန်ရောက်လာမှပဲလက်ခံမယ်"

"ကျွန်တော်ကတော့ ပျက်အဆင့်ပြင်ခဏဆိုတဲ့စကားအတိုင်း အစွယ်ကောင်းအပြောကောင်းလို့ မိုက်ရူးရဲအရွယ်မလိမ်မိုးမလိမ္မာလေးကို ပြန်ချော့ပြီးခေါ်ချင်တယ်... ပြန်သိမ်းသွင်းချင်တယ်"

"အေးပေါ့လေ မင်းကအစ်ကိုဆိုတော့ နှမြောမှာပေါ့... တော်ယုံတန်ယုံနဲ့တော့ ဘယ်ဖြစ်စေချင်မလဲ... သဘောပဲလေ"

"မနက်ဖြန်ကျွန်တော်အပြင်ထွက်ပြီး စနည်းနာကြည့်မယ်...ခရီးလွန်နေတဲ့မေမေလည်း ပြန်ရောက်လာအောင်သတင်း



www.burmeseclassic.com

www.burmeseclassic.com



စာထဲကထည့်ကြော်ငြာမလားလို့"

'ဦးစိန်ထွန်း' ပြုံးနေပါသည်။ မချိုပြုံးပါ။

"မင်းဘက်ကလုပ်ပိုင်ခွင့်ရှိနေလို့ ဖေဖေခွင့်ပြုပါတယ် သတင်းစာထဲကထည့်မယ်ဆိုရင် မင်းမန္တလေးပြန်ရဦးမှာပေါ့... ကောင်းပါတယ်... ကျောင်းသိပ်ပျက်တာလည်း ဖေဖေမကြိုက်ဘူး"

"ကျောင်းတော့ ကျွန်တော်မတက်ချင်တော့ဘူး"

"ဟာ ဒါတော့ဖေဖေခွင့်မပြုဘူး... ကျန်တာမင်းလုပ်ချင်တာလုပ်... ဘွဲ့ရအောင်တော့ယူရမယ်...ဖေဖေ့ကိုချစ်တယ်သနားတယ်ဆိုရင် ကျောင်းပြီးအောင်တော့တက်ပါကွာ"

လှိုင်းထနေသောအဖေ့အသံ၊ မျက်ရည်ရစ်ဝဲနေသောအဖေ့မျက်လုံးများကြောင့် 'ညီထွန်း' ခေါင်းညိတ်လိုက်ရပါသည်။

မီမီထွန်း

အမြန်ပြန်လာပါ...

ဖေဖေမေမေကိုကို စိတ်ပူနေကြသည်...

စိတ်ချမ်းသာစေရမည်...

ထိုကဲ့သို့သုံးရက်ဆက်တိုက် ကြော်ငြာထည့်ထားလိုက်သည်။





သုံးရက်မြောက်သောနေ့၌ 'မီမီထွန်း' ၏ကြော်ငြာနှင့် တစ်မျက်နှာတည်းတွင် ကြော်ငြာတစ်ခုပါလာသည်။

လက်ထပ်ပြီးစီးခြင်း

ကိုထွန်းအောင်ကျော် (ဘီအက်စ်စီ) (စိန်ရွှေရတနာကုန်သည်) နှင့် 'မယမင်းခင်' ပထမနှစ်...

အိမ်ကအမေနှင့်နှမငယ်တို့၏ သောကကြီးများသာမရှိဘူးဆိုလျှင် ဤလက်ထပ်သတင်းစာကိုဖတ်ပြီး မိမိခေါင်းအုံး၌အောင်တိတ်တခိုးမျက်ရည်ယိုရမည့်ဇာတ်ကွက်ပါပဲ။

ခုတော့မဲ့ပြုံးဖြင့် ရွံရှာသလို အထင်သေးသလိုဖြစ်နေမိသည်။

ဤမိန်းကလေးသည် ယောကျ်ားတွေကို နှလုံးသားနှင့်မချစ်၊ ဦးနှောက်နှင့်ချစ်နေသည်။ ပိုက်ဆံများများရှိသည့်လူဘက်ကို ဦးနှောက်ကချိန်ခွင်လျှာသာခိုင်းနေသည်။

သည်လိုစိတ်ဓါတ်မျိုးရှိသည့်မိန်းမမျိုးအတွက် မိမိလိုကောင်က ဘာမျှလွမ်းစရာမလို။ ဆွေးစရာမလို သူမကိုမိမိကစချစ်ခဲ့ခြင်းလည်းမဟုတ်။

သူမနှင့်တွဲမိသည့်အတွက် မိမိကိုယ်မိမိ နမြေ[illegible]နမိသည်။ ရှက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ဒေါက် ဒေါက်"

ထင်သည့်အတိုင်း မိခင်ဖြစ်သူအူယားဖားယားရောက်လာခဲ့သည်။

" 'မိထွန်း' ဘာဖြစ်လို့လဲ... ဘာကြောင့်သတင်းစာထဲထည့်တာလဲ"

" 'ဦးအုံ့မော်' နဲ့လိုက်ပြေးသွားလို့"

"ဟင် အံမယ်လေး ဘုရား ဘုရားကယ်တော်မူပါ"

'ဒေါ်ခင်ခင်ထား' ရင်ပတ်ကိုလက်ဖြင့်ဖိပြီး ကြမ်းပေါ်ခွေကျသွားခဲ့သည်။

"မိုက်လိုက်တာသမီးလေးရယ်... အမေနှမြောလိုက်တာ"

သားဖြစ်သူကမိခင်ကို လှောင်ပြုံးဖြင့်ကြည့်ရင်း...

"ခုမှတော့နှမြောမနေပါနဲ့တော့ အမေရာ... အမေ့သမီးကိုတကယ်ချစ်ရင် အမေထင်ရာဘယ်စိုင်းပါ့မလဲ... ကိုယ်ပျော်ဖို့ပဲ အမေကကြည့်ခဲ့တာကိုး"

"ကဲ 'မိထွန်း' ရဲ့သတင်း ဘာကြားသေးလဲ"

"ခုထိတော့ဘာမှမကြားသေးဘူး... ဘယ်ကိုလိုက်ရှာရမှန်းလည်းမသိဘူး"

"ငါပြန်မှဖြစ်မှာပါ... ဒါမျိုးကကိုယ်မြို့ကလူတွေကိုချော့





ပေါင်းပြီးမေးမှ"

"အမေပြန်လို့ဖြစ်မှာလား"

"ဘာလို့မဖြစ်ရမှာလဲ... ကိုယ့်အိမ်ကိုယ်ပြန်တာပဲ"

"အမေပဲ အိမ်မှာနေရတာမပျော်ဘူးဆို"

"အေးလေ ခုတော့ကိုယ့်သမီးကိစ္စကအရေးကြီးနေတာကိုး... ကဲ အခုပြန်မယ်... မင်းမလိုက်နဲ့တော့ ကျောင်းမှန်မှန်တက်... အိမ်ကကိစ္စငါပဲကြည့်ရှင်းလိုက်မယ်"

"ဖြစ်ပါ့မလား ကျွန်တော်ဝိုင်းကူရှာပေးမယ်... တွေ့ရင်ဒီလူကြီးကိုပါ အိမ်ပေါ်ခေါ်တင်ထားမလို့လား"

'ဒေါ်ခင်ခင်ထား' က မျက်နှာကိုရွံ့သလိုရှုံ့မဲ့ပြီး လက်ကိုခါပြသည်။

"မင်းစိတ်အေးအေးထားပြီးကျောင်းတက်... အကြောင်းထူးရင် အမေပြောခိုင်းလိုက်မယ်"

"အမေ အိမ်မှာမရှိဘူးဆိုရင်တော့ ကျွန်တော်ကျောင်းထွက်ပြီး အဖေနဲ့သွားနေတော့မှာ"

"အို ကိုယ့်ဘဝအတွက်ကိုယ်စဉ်းစားစမ်းပါ... မင်းအဖေကသူဌေး... ငါ့ထက်ငယ်တာချောတာကို ခေါင်းခေါက်ပြီးယူလို့ရတယ်... တခြားမကြည့်နဲ့ မင်းရည်းစားတောင်ပိုက်ဆံရှိတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပါသွားပြီမဟုတ်လား... မင်းလည်းဘွဲ့ရအောင်ယူပြီးပိုက်ဆံရှိအောင်ကြိုးစား... အဖေ့ဘက်ကနာမနေနဲ့ သူချစ်သလောက်ငါလည်းချစ်တာပဲ... သူပွေနေတာရော မင်းသိလို့လား"

"ယောက်ျားတွေပွေတာ မဆန်းပါဘူးအမေရာ... မိန်းမပွေတယ်ဆိုတာကတော့ ရှက်စရာကောင်းပါတယ်... ကာမပိုင်ယောက်ျားရှိလျက်နဲ့ ခုလိုထင်ရာစိုင်းနေတာတော့မကောင်းပါဘူး... အမေလုပ်တာ ကျွန်တော်တို့မောင်နှမနှစ်ယောက်ကိုပါထိခိုက်တယ်ဗျာ"

ငိုသံကြီးဖြင့်ပြောနေသော သားဖြစ်သူ၏ခေါင်းကိုခပ်ဖွဖွပုတ်ပြီးနောက် 'ဒေါ်ခင်ခင်ထား' ရေးကြီးသုတ်ပြာဖြင့်ထွက်သွားပါတော့သည်။





"ဟော့လူ ခင်ဗျား ဒီမှာဘာလာလုပ်နေတာလဲ... သွားပါအခုထွက်သွားပါ"

ကားဂိတ်တွင်ဂိတ်စာရေး 'အေးမောင်' ကိုတွေ့လိုက်ရသဖြင့် 'ညီထွန်း' ဒေါသူပုန်ထသွားခဲ့သည်။

"သွားလေဗျာ"

"ဘာဆိုင်လို့သွားရမှာလဲ... ဒီအလုပ်ကိုမင်းခန့်ထားတာမဟုတ်ဘူး... 'ဦးစိန်ထွန်း' ခန့်ထားတာ... သူသွားဆိုရင်သွားမယ်ပဲ"

ထိုစကားကြောင့်လုံးဝ သည်းခံစိတ်မထားနိုင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



'ညီထွန်း' က ဆွဲထိုးပါတော့သည်။

'အေးမောင်' က ပတ်ဝန်းကျင်ကိုအကူအညီတောင်းပြီး လုပ်ငန်းတွင်ဝင်ရောက်စော်ကားမှုဖြင့် ရဲကိုအကြောင်းကြားပြီး ဖမ်းချုပ်ခိုင်းသည်အထိ အကွက်စေ့စေ့လုပ်တော့သည်။

ကားရပ်နားစခန်းတစ်ခုလုံးကလည်း 'အေးမောင်' အပေါင်းအသင်းတွေ။

သို့သော်မည်သူအကြောင်းကြားပေးသည်မသိ၊ ရဲစခန်းတွင်ညမအိပ်လိုက်ရပါ။ ပြန်လွှတ်ပေးလိုက်ပါသည်။

ဖခင်ထံညကြီးမင်းကြီး ဖုန်းဆက်၍တိုင်တော့လည်း ဖခင်ကလုပ်ငန်းကိစ္စတွင် ဝင်မစွက်ဖက်ရန် ပညာကိုသာကြိုးစားရန်ပြောသည်။ မိခင်ကိစ္စကိုဖွင့်ပြောဖို့ မိမိဘာကြောင့်နှောင့်နှေးနေပါလိမ့်။

အဖေနှင့်နှစ်ယောက်သားတွေ့မှ အမေ့ကိုလွှတ်မထားဖို့ 'အေးမောင်' အကျင့်မကောင်းကြောင်း သတိပေးရဦးမည်။

သို့သော်အဖေ့ကို မိမိဘာမျှပြောခွင့်မရလိုက်ပါ။ အဖေ လူသတ်မှုဖြင့် ထောင်ကျသွားသောကြောင့်ဖြစ်သည်။ 'မီမီထွန်း' ကိုရှာ၍တွေ့သဖြင့် အိမ်ကိုပြန်ခေါ်လာခဲ့သည်။ မိခင်ကချော့မော့ပြီး အဖိုးကြီးနှင့်မယူတော့ဖို့ပြောသော်လည်း အိမ်ပေါ်က





ပြန်ထွက်သွားဖို့ပြောသည်။ အပြင်ထွက်ခွင့်မပေးသောအခါ 'ဦး အုံ့မော်' က သူ့မိန်းမကိုပြန်ထည့်ဖို့ လာပြောသည်။ သူ့မိန်းမ နှင့်စကားပြောချင်ကြောင်းပြောသည်။

အဖေကမောင်းထုတ်သောအခါ ခပ်စီးစီးစကားတွေ ပြောသဖြင့် ဖခင်ဖြစ်သူသည်းမခံနိုင်တော့ဘဲ တံခါးကြားတွင် ထောင်ထားသောသံပိုက်လုံးဖြင့် ဦးခေါင်းကိုအချက်ပေါင်းများစွာရိုက်မိသည့်ဒဏ်ရာဖြင့် 'ဦးအုံ့မော်' သေဆုံးသွားခဲ့သည်။

ဖခင်ဖြစ်သူခမျာ ထောင်သာကျသွားခဲ့သည်။ သမီးနှင့် မိန်းမက သနားကြင်နာမှုမရှိကြဘဲ အချုပ်ကျစဉ်ကလည်းသွားမတွေ့ကြ။ ထောင်ကျသွားတော့လည်း လိုက်မသွားကြ။ ကျောင်းတက်နေသော 'ညီထွန်း' သာ ဖခင်နောက်တကောက်ကောက် လိုက်ရင်း ပထမနှစ်စာမေးပွဲကျသွားခဲ့ရသည်။

မိမိ၏အဖြစ်ကိုကြည့်ပြီး ဖခင်မှာစိတ်မချမ်းမသာဖြစ်နေသည်။ မလာဖို့လည်းမောင်းထုတ်တတ်သည်။ အသက်ကြီးမှထောင်သားဖြစ်ပြီး ခြေထောက်တွင်သံကြိုးတန်းလန်းဖြင့်သွားနေရရှာသော ဖခင်ကိုမြင်ရသဖြင့် 'ညီထွန်း' ရှိုက်ကြီးတငင်ငိုရတာ နေ့တိုင်းပါပဲ။ သံကွင်းနှင့်ထိပြီးခြေထောက်တွင် အနာတွေဖြစ်နေသည်။ ရောင်နေသည်။ ပြည်တွေစီးကျနေသည်။ ဖခင်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပင်ပန်းသည့်ဒဏ် အနာတွေကြောင့်ခံစားရသည့်ဒဏ်တွေနှင့် ပိန်းခြိုးရှုံနေပြီ။

"အမေရာ အမေ့ကိုယ်စားကျွန်တော်ဝင်ပါရစေဗျာ... အစ်ကိုတို့ရာကျွန်တော်နဲ့အဖေနဲ့ နေရာခြင်းလဲပါရစေဗျာ... ကျွန်တော့်ကိုကူညီပါဗျာ"

အစောင့်ရဲများကိုငိုယို၍ ခြေထောက်ဖက်၍တောင်းပန်နေသော သားဖြစ်သူ၏မြင်ကွင်းကိုကြည့်ပြီး 'ဦးစိန်ထွန်း' မိုက်ကနဲဖြစ်သွားရာမှ လဲကျသွားခဲ့ပါသည်။ သတိပြန်မရတော့ပါ။

ဖခင်အသက်မရှိတော့ဘူးဆိုတာကို သိလိုက်ရတော့ 'ညီထွန်း' လည်း သတိလစ်သလိုဖြစ်သွားပါတော့သည်။





## ၁၅

"အင်း 'ညီထွန်း' တို့သားအဖအဖြစ်ကတော့ တကယ့်ကို ကြေကွဲစရာပါပဲ ငါ့တူရာ"

"ဟုတ်တယ် 'ညီထွန်း' ဘယ်လောက်စိတ်နာသွားသလဲဆိုရင် သူ့အဖေကိုသင်္ဂြိုဟ်ပြီးတဲ့နောက်ပိုင်း ခြေရာဖျောက်သွားခဲ့တာယနေ့အထိပဲ... သူ့အမေကကျွန်တော့်ကိုရော တစ်မြို့လုံးကအသိတွေကိုပါ သူ့သားအကြောင်းစုံစမ်းခိုင်းထားတာ... ဘယ်သူနဲ့တွေ့တွေ့ သူ့အမေအကြောင်း ပြောလိုက်တာနဲ့ မျက်ရေပျက်မျက်နှာပျက်နဲ့ထွက်သွားတော့တာ"

"အင်းပေါ့လေ... သူ့ဘက်ကကြည့်တော့လည်းအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့အဖေဘက်က နာမှာပေါ့လေ”

“သူနာမယ်ဆိုရင်လည်း နာစရာပဲဦးလေးရဲ့... သူ့အဖေသေသွားပြီးတဲ့နောက်ပိုင်း သူ့အမေနဲ့သူ့နမကာပိုဆိုးလာကြတယ်... နှစ်ယောက်လုံးမုဆိုးမတွေဖြစ်သွားကြပေမယ့် ဣန္ဒြေရရသိက္ခာရှိရှိမနေကြဘဲ ငွေပုံပေါ်ထိုင်ပြီး သုံးလိုက်ဖြုန်းလိုက်ကြတာ ပွေလိုက်ကြတာ ရှာတဲ့လူကကုန်းရုန်းရှာပြီး စုဆောင်းသွားသလောက် သူတို့သားအမိကတော့ ‘ဦးစိန်ထွန်း’ ရဲ့လုပ်ငန်းကရတဲ့အကျိုးအမြတ်တွေနဲ့ ကောင်းကောင်းစံစားကြတာ... သူတို့ကိုမြှောက်ပင့်ပြီး ညာစားကြတဲ့လူတွေကလည်း ဝိုင်းဝိုင်းကိုလည်နေတာပဲ... ‘မိမိထွန်း’ ကတော့ အဘိုးကြီးနဲ့ယူပြီးတဲ့နောက်မုဆိုးမဖြစ်ပြီးမှ နောက်ထပ်ယောကျ်ားနှစ်ယောက် ထပ်ယူသေးတာ ယူသမျှတွေကလည်း အကြံအဖန်တွေဆိုတော့ သူ့ဆီကချူစားတာပေါ့... မရရင်မပေးရင် အရိုက်ခံရတာ... မူးပြီးနှိပ်စက်ခံရတာ... သူ့အမေလည်း လူသိရှင်ကြားသာမယူတာ... ဂိတ်စာရေးနဲ့တိတ်တိတ်ပုန်းယူထားတာပဲ...

ငါးနှစ်လောက်နေတော့ ဂိတ်စာရေးကလေအိတ်ဟီးနိုးတစ်စီးတိုက်တစ်လုံးလောက်ပိုက်မိသွားတော့ ‘ဒေါ်ခင်ခင်ထား’ ကိုပစ်ပြီး တကယ့်ငယ်ငယ်ချောချောလေးနဲ့ တရားဝင်လက်ထပ်





လိုက်တယ်လေ... ဘွားတော်လည်းအဲ့ဒီတော့မှရှက်တာရောဆွေးတာရော ပစ္စည်းတွေပါသွားလို့ နမြောတာရောပေါင်းပြီး ဘုန်းဘုန်းလဲတော့တာ... ‘ဦးစိန်ထွန်း’ လက်ထပ်တုန်းကလဲစဉ်အမြတ်ငွေတွေပေါင်းနေရပေမယ့် ‘ဦးစိန်ထွန်း’ သေပြီးနောက်ပိုင်း အရှုံးစာရင်းတွေပဲပြလို့ ကားသစ်တွေမလဲနိုင်လို့ဆိုပြီး ကားနှစ်စီးလောက်ရောင်းလိုက်ရတော့ ဂိတ်ကိုသူများငှားစားရတာပေါ့... နောက်ဆုံးခြုံပြီးပြောရရင် ဘွားဒေါ်ဆီကစီးပွားရေးတစ်ဝက်ကိုသူ့တိတ်တိတ်ပုန်းယောကျ်ားကဖြောင်သွားတာပဲ... သမီးဆီကလည်းယောကျ်ားတွေက ညာစားသွားတာကြီးပဲဆိုတော့ အခုဆိုဘာလုပ်ငန်းမှကောင်းကောင်းမလုပ်နိုင်တော့ဘူး... အိမ်တွေဆိုင်တွေကတော့ ရောင်းမစားလောက်သေးဘူးထင်တာပဲ... ‘မိမိထွန်း’ လည်း သိပ်ကြာကြာခံမှာမဟုတ်ဘူး... ပွေလွန်းအားကြီးတော့ယောကျ်ားတွေဆီကရောဂါပိုးတွေကူးမှာပေါ့... တဖြည်းဖြည်းပိန်ခြုံးပြီးသေတော့မယ့်ပုံပဲ... ဘီပိုးရှိတယ် စီပိုးရှိတယ် အေအိုင်ဒီအက်စ်ရှိတယ်နဲ့ နာမည်ကိုကြီးနေတာပဲ... ဒီသတင်းတွေ ‘ညီထွန်း’ လည်းကြားချင်ကြားမှာပေါ့”

“အင်း”

‘ဦးကျော်’ က ခေါင်းတညိတ်ညိတ်နှင့်သက်ပြင်းချနေပါ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ညည့်သည်ကိုထမင်းကျွေးပြီးမှ ပြန်လွှတ်သည်။ နောင်ကိုလည်းလာလည်ဖို့ဖိတ်ခေါ်သည်။

"နေပါဦး... ရှင်ကဘယ်သူမို့ထမင်းဖိတ်ကျွေးရတာလဲ ရှင့်အသိမိတ်ဆွေထဲကလည်း မဟုတ်ပါဘူး... ပြီးတော့ဘာတွေတွတ်ထိုးနေကြတာလဲ"

"သူများကိုယ်ရေးကိုယ်တာမို့ပါ"

"အံမယ်လေးတော်... သစ္စာရှိနေလိုက်တာ ကိုယ့်မိန်းမကိုတောင် ဖွင့်မပြောပြချင်ရလောက်အောင် ကျုပ်ကိုအယုံအကြည်မရှိဘူးပေါ့လေ"

'ဒေါ်ဝင်းခင်' က စိတ်တိုပြသည်။

"မင်းကပါးစပ်မှမလုံတာ... မင်းသားနဲ့သမီးဆီရောက်ရင်အရပ်ပါမီးလောင်ရော"

"မပြောချင်လည်းနေပေါ့တော်"

'ဒေါ်ဝင်းခင်' က မပြောမချင်းမပြောနိုင်မဆိုနိုင်နှင့်မျက်နှာလွှဲရတာ ရှောင်ရတာတွေလုပ်နေသဖြင့် သားသမီးများပင်မကမိဘများရော အဆောင်သားတွေပါရိပ်မိကုန်ပြီ။ မသိခံနိုင်ရိုးလားကိစ္စတစ်ခုခုရှိ၍လာမေးလျှင် ငါနဲ့သူနဲ့မခေါ်ဘူး။ သူ့ကိုသွား





မေးဟုပြောလွှတ်တတ်သည်။ တစ်ပတ်မပြည့်ခင်မှာပင် 'ဦးကျော်' ဒေါကန်လာတော့သည်။

"မင်းကဒီအကြောင်းလေးဖွင့်မပြောတာနဲ့ ဘယ်လိုပုံစံဖြစ်နေတာလဲ... မခေါ်နိုင်မပြောနိုင်နဲ့မရှက်ဘူးလား"

"မရှက်ဘူးမရှက်ဘူး... သူများတွေပြောတဲ့စကားမှားနေပြီ... မယားပြောတော့တစ်ညဆိုတာလေ... ခုတော့တစ်ပတ်ပြည့်တော့မယ်... ဘာလဲ ရှင့်မှာဖွင့်ပြောစရာ ရင်ဖွင့်စရာမယားငယ်ရှိနေလို့လား"

"ဟိတ် မင်းဘာစကားတွေပြောနေတာလဲ... မယားငယ်မပြောနဲ့ မယားကြီးကိုတောင်စိတ်ပျက်လွန်းလို့"

"စိတ်ပျက်ရင်ကွာလေ... အခုကွာမလား"

"ဟိတ်တော်ကြစမ်း နားညည်းလိုက်တာ...နားရှက်လိုက်တာ"

အဘွားကြီးနှစ်ယောက်တစ်ပြိုင်တည်း တစ်ယောက်တစ်ပေါက်ထအော်ကြခြင်းဖြစ်သည်။

"ဘယ်နှယ့်တော် အသက်တွေလည်းကြီးလှပြီ... တစ်ယောက်နဲ့တစ်ယောက်မခေါ်နိုင်မပြောနိုင်နဲ့ စိတ်ကောက်ရတာနဲ့ ရှက်ဖို့ကောင်းလိုက်တာ... နေစရာမရှိလို့သာနေနေရတာ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုမချမ်းသာဘူး"

"ဟုတ်ပါ့ ကျုပ်တော့စစ်ကိုင်းချောင်သွားမလား စဉ်းစားနေတာ... အသက်ကလည်းရှည်ရန်ကောတော်... မြန်မြန်သာသေလိုက်စမ်းပါတော့"

"ဟုတ်တယ် ကျွန်မလည်း အဲ့သလိုပဲဆုတောင်းနေတာ"

ဟိုဘက်အမေ၊ ဒီဘက်အမေတွေက ငိုသံကြီးများဖြင့် ထအော်လေမှ 'ဦးကျော်' တို့လင်မယားပါးစပ်ပိတ်သွားတော့သည်။

ထိုည 'ဦးကျော်' မယားပြောတော့ တစ်ပတ်ဖြစ်သွားခဲ့ပါသည်။ ဖွင့်ပြောလိုက်ပါသည်။ ဗူးအပေါက်တစ်ရာကိုပိတ်သလို နှုတ်လုံဖို့တော့ ကတိတောင်းခဲ့သည်။

"အံမယ်လေးဒီကိစ္စများသူများသိတော့ရော ဘာဖြစ်မှာမို့လို့လဲ... သစ္စာရှိနေလိုက်တာ ဒီကဖြင့်ဘာများလဲလို့"

"ဟော မင်းကတိမတည်ချင်ပြန်ဘူးလား... သူများကိုယ်ရေးကိုယ်တာအတွင်းရေးလေ... ဘယ်သူမှမသိစေချင်လို့ သူ့ဖါသာသူခြေရာဖျောက်ပြီး တိတ်တိတ်လာနေတာလေ... ကိုယ့်ကြောင့်သူမသိစေချင်လို့ဖုံးကွယ်ထားတဲ့ကိစ္စတွေ သူများတွေသိသွားရင် သူငါတို့ကိုစိတ်ဆိုးသွားမှာပေါ့"





"ရှင့်မလဲတော့... ဒီကောင်လေးဘက်ကကြီးပဲနာနေတာပဲ... ဒီကောင်လေးကိုပဲ ဖားနေတာပဲ... ဘာလဲ သားမက်တော်ချင်နေတာလား... ဒီကောင်က သိပ်မိုက်ရိုင်းတာ... ကျွန်မတို့သမီးကိုဆိုရင် သိပ်အထင်သေးတာ... ပိုက်ဆံရှိလို့လည်း ကျုပ်တို့ကသဘောမတူပါဘူးနော်... သူ့နမကအေအိုင်ဒီအက်စ်နဲ့သေတော့မှာဆို"

"မင်းတော်တော့ကွာ... မင်းလိုမိန်းမမျိုးကိုဖွင့်ပြောမိတာငါ့ရဲ့အမှားပဲ... ဒီပါးစပ်ကဲကွာ ကဲကွာ"

'ဦးကျော်' က သူ့ပါးစပ်ကိုရော သူ့မျက်နှာကိုပါလက်နှစ်ဘက်ဖြင့် ခပ်ကြမ်းကြမ်းပြန်ရိုက်နေသည့်အသံများကိုကြားနေကြရပါသည်။

"ဟဲ့ ဟိုလင်မယားအချိန်မတော်ကြီး ရန်ထဖြစ်နေကြပြန်ပြီလား... ပြောလို့ဆိုလို့ဆုံးမလို့မရတော့ရင်လည်း ငါတော့နက်ဖြန်ပဲစစ်ကိုင်းသွားတော့မယ်အေ"

ငိုသံကြီးဖြင့်ပြောပြီး ပစ္စည်းတွေထသိမ်းနေသဖြင့် 'ဦးကျော်' တို့လင်မယားနှစ်ယောက်လုံး ရှိခိုးပြီးသွားတောင်းပန်ကြရတော့သည်။

တိုးတိုးပြောပေမယ့် ခိုးနားထောင်သူ 'ရဲဝင်း' အကုန်နီး

www.burmeseclassic.com

www.burmeseclassic.com



ပါးကြားလိုက်ရသည်။ သူကကိုယ့်ကို စိတ်မဝင်စားအထင်မကြီးသလိုကိုယ်ကလည်းသူ့မိသားစုကိစ္စကိုသိရလို့၊ အထင်မကြီးသလိုအထင်လည်းမသေးပါ။ အမှန်အတိုင်းဝန်ခံရလျှင် သူ့အကြောင်းနားထောင်၍ ကောင်းယုံအံ့ဩယုံပါပဲ။ ဒီထက်တော့ပိုစိတ်မဝင်စားပါ။ မသနားပါ။ တစ်ဦးမေတ္တာတစ်ဦးမှာဆိုသလိုပေါ့။

'ကိုတင်မောင်သန့်' က ရုပ်ချော၊ အပြောချိုပြီး ဂရုတစိုက်ရှိသဖြင့် 'ကိုသန့်' ကိုတော့နေ့စဉ်တွေ့ချင်သည်။ သူရုံးမသွားခင်ကိုယ်ကရှိုးထုတ်ပြီး အလုပ်သွားရတာများသဖြင့် ကိုယ့်အလှကိုသူမြင်စေချင်သည်။ နေ့စဉ်ရှိတာလေးဖြင့် မရိုးအောင်မထပ်အောင်ဝတ်ပြီး သူမြင်အောင်ပြပြီးမှ အပြုံးခြင်းဆုံပြီးမှ 'ရဲဝင့်'အပြင်ထွက်ခဲ့စမြဲ။

အခုဆိုတိုးတက်မှုတွေတောင် ရှိနေပြီလေ။ 'ကိုသန့်' က 'ရဲဝင့်' ဘယ်သွားတယ်ဘာလုပ်တယ် ဘယ်မှတ်တိုင်မှာဆင်းတယ်ဆိုတာသိချင်၍ အငှားကားနှင့်လိုက်ချောင်းပြီးပြီ။

ဒီနေ့မနက်ပဲ 'ရဲဝင့်' ဆင်းမည့်ကားဂိတ်တွင် ကြိုရောက်နေသဖြင့် 'ရဲဝင့်' က အံ့ဩဝမ်းသာပြီး ဝမ်းသာအားရနှုတ်ဆက်မိသည်။





'ရဲဝင့်' ၏အလုပ်ခွင်ထဲအထိကြည့်ချင်သည်ဆို၍ ခေါ်သွားရသည်။ အလုပ်ရှင်သူငယ်ချင်းနှင့် အခြားအလုပ်သမများက 'ကိုသန့်' နှင့်မိမိကိုချစ်သူတွေလားဟု မေးကြသောအခါရင်ထဲတွင်တသိမ့်သိမ့်ခုန်သွားမိသည်။ ကြည်နူးသွားမိသည်။ သို့သော်ခေါင်းကိုတော့ ရှက်ပြုံးလေးဖြင့်ခါပြမိသည်။

"ညာမနေနဲ့ နင့်ရည်းစားမို့ နင့်ကိုအလုပ်ထဲအထိစိတ်ဝင်တစားလာကြည့်တာပေါ့... သူနဲ့ကြိုက်နေလို့သာနင်လည်း ဝိတ်တွေကျအောင်လုပ်ပြီး တစ်နေ့တခြားပိုလှလာတာပါနော်"

ဟုတ်လိုက်ပါတော့ဟုကြိတ်၍ ဆုတောင်းမိသည်။

မိမိကိုယ်တိုင်လည်း နဂိုရှိ၍နဂိုင်းထွက်အောင် နေပြခဲ့ခြင်းဖြစ်သည်။ ယခင်ကအဆောင်သားတွေ မိမိကိုစိတ်မဝင်စားဘဲခိုင်းချင်၍ အကူအညီတောင်းချင်၍ ရှာဖွေသည့်မျက်လုံးများဖြင့်သာကြည့်တတ်ကြသည်။ ယခုနောက်ပိုင်းမှာတော့ သူတို့တွေ၏မျက်လုံးများက မိမိကိုအဆောင်ရောက်သည်နှင့် အကြောင်းမရှိအကြောင်းရှာ၍ ရှာဖွေတတ်ကြသည်။

ခြံထဲမှာလမ်းလျှောက်ရင်း ဝရံတာမှာထိုင်ရင်း လှမ်းကြည့်တတ်ကြသည်။

'ကိုသန့်' ကနောက်ပိုင်း ဘတ်စ်ကားအတူစောင့်စီး



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ မိမိကိုအလုပ်ရုံရှေ့ရောက်အောင်ပို့ပေးပြီးမှ သူ့အလုပ်ကိုဆက်သွားတတ်သည်မှာ နေ့စဉ်ရက်ဆက်ဖြစ်လာသည်။ ပိတ်ရက်မရှိသော 'ရဲဝင့်' ကိုသူ့အလုပ်ပိတ်ရက်မှာပင်လျှင် မနားဘဲလိုက်ပို့နေသဖြင့်...

"'ကိုသန့်' ကိုအခုလိုအပို့အကြိုလုပ်ရမယ်လို့ ဘယ်သူကတာဝန်ပေးထားလို့လဲ"

'ရဲဝင့်' က မျက်လုံးလက်လက် ရယ်ကျဲကျဲလေးဖြင့်ချစ်စဖွယ်လှမ်းမေးခြင်းဖြစ်သည်။ 'ရဲဝင့်' ၏နုပျိုလန်းဆန်းသောအလှကို မျက်တောင်မခတ်စိုက်ကြည့်နေသော 'တင်မောင်သန့်' ၏မျက်လုံးအကြည့်မှာ ပြုံးယောင်သမ်းပြီး အရောင်တဖျတ်ဖျတ်လက်နေပါသည်။

"ဟုတ်တယ်နော်... ဘယ်သူမှမခိုင်းဘဲ ဘာကြောင့်ဒီတာဝန်ကိုထမ်းဆောင်နေပါလိမ့်"

"'ကိုသန့်' ရဲ့ရည်းစားတွေသိသွားရင် အထင်လွဲနေပါဦးမယ်"

"ဟောဗျာ ရည်းစားတွေတဲ့လား... ဘယ်နှစ်ယောက်တောင်ရှိတယ်ကြားလို့လဲ"

"လေးငါးယောက်လောက် ရှိတယ်ဆို"





"ဟုတ်လား ကိုယ်အဲ့သလောက်တောင်စွံမှန်း ခုမှပဲသိရတော့တယ်"

"နေ့တိုင်း 'ရဲဝင့်' ကိုပဲမနက်တစ်ခါပို့ ညနေတစ်ခါကြိုလုပ်နေတဲ့အပြင် ခုလိုရုံးပိတ်ရက်မှာပါ တာဝန်ယူနေတော့ သူတို့သိရင် အဆက်ဖြတ်ကုန်ဦးမယ်"

"အဲ့ဒီတော့လည်းအေးတာပဲ... ကိုယ့်ဘက်ကစဖြတ်တာမဟုတ်လို့အပြစ်မရှိတော့ဘူးပေါ့"

"ဟင် ဒါဆိုသူတို့ကို တကယ်မချစ်လို့လား"

"ချစ်ခဲ့ပြီးပြီလေ... သိပ်သဝန်တိုကြ ချိန်းကြ လက်ထပ်ဖို့ပဲနားပူအောင်လုပ်ကြလွန်းလို့ တမင်ရှောင်နေတာ"

"ဟင် ဒါဆိုသူတို့ကိုတကယ်အဆက်ဖြတ်ပစ်တော့မှာပေါ့... မလွမ်းဘူးလား"

"လောလောဆယ်တော့ သူတို့ထက် 'ရဲဝင့်' ကပိုဆွဲဆောင်မှုရှိနေတယ်လေ... တစ်ခြံတည်းနေရတာကြာတော့ သံယောဇဉ်ရှိသွားတာနေမှာပေါ့... တစ်ယောက်တည်းမိုးချုပ်မှပြန်လာတာလည်း စိတ်မချပါဘူး... ခုလို 'ကိုသန့်' တစ်နေ့တစ်ခေါက်လိုက်ပို့ လိုက်ကြိုနေတော့ တခြားလူတွေလိုက်မနှောင့်ယှက်တော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



'ရဲဝင့်'က နှာခေါင်းလေးရှုံ့၊ မျက်ခုံးလေးတွန့်ပြီး...

"ဒုက္ခပါပဲ... ဒါဆိုရင် 'ရဲဝင့်' တော့ကြိုက်မယ့်လူတောင် ရှိမှာမဟုတ်တော့ပါဘူးနော်"

"ဒါဆို မင်းကအပြင်ထွက်ပြီးအလုပ်လုပ်နေတာ ရည်းစားရှာနေတဲ့သဘောပေါ့"

"အပြင်ထွက်ပြီး အလုပ်လုပ်တဲ့မိန်းမတိုင်း ချစ်သူရသွားကြ ယောက်ျားရသွားကြတာကြီးပဲလေ... မရတာကခပ်ရှားရှားပဲဟာ"

"ဒါဆို 'ကိုသန့်' ခုလိုလိုက်နေတာကို မကြိုက်ဘူးပေါ့"

"'ကိုသန့်' ပြောတဲ့စကားနဲ့ ပြောရရင် နေ့တိုင်းမနက်တစ်ခါညနေတစ်ခါ လာတတ်တဲ့လူကို 'ရဲဝင့်' ကအမြဲမျှော်နေရင်ကော... ရည်းစားတွေကိုတောင် မချစ်ချင်တော့လို့ပစ်ထားသေးတာ... 'ရဲဝင့်' လိုကောင်မလေးကိုတော့ ပိုတောင်ဆိုးဦးမှာ မျှော်တတ်လွမ်းတတ်အောင်သင်ပြီး ပစ်ထားမှာပဲမဟုတ်လား"

"အဲ့သလိုပစ်ထားရင် တစ်ခြိတည်းနေနေတာပဲ ကောင်းကောင်းဆုံးမပေါ့... ထမင်းအငတ်ထားလိုက်ပေါ့"

"ဟွန်း သူကဖြင့်အိမ်ကထမင်းဟင်းကို မှန်မှန်မစားဘဲ ရုံးကအမျိုးသမီးတွေနဲ့ ကပ်စားနေတာဆို... စားချင်တဲ့ဟင်းဆိုရင်





အဲ့ဒီအမျိုးသမီးတွေကို ပိုက်ဆံပေးပြီးချက်ခိုင်းတာဆို"

"ဟောဗျာ လာပြန်ပြီအပြစ်တစ်မျိုး... ဘယ်ကောင်တွေ ဂုံးချောနေမှန်းလည်းမသိပါဘူး... ခုနောက်ပိုင်းအဆောင်မှာဟင်းကောင်းလွန်းလို့ ဘယ်ကောင်မလေးကိုမှ မချက်ခိုင်းတော့ပါဘူး"

"နောက်ဆို အမြဲကောင်းကောင်းစားရမှာ... အိမ်မှာပဲစားတော့ 'ရဲဝင့်' ရတဲ့လခကို နေ့တိုင်းအသားငါးပဲဝယ်လာပေးလိုက်တာ... 'ရဲဝင့်' သုံးဖို့ငါးထောင်ပဲယူထားလိုက်တာ"

"ဟောဗျာ အဲ့လိုကြီးတော့မလုပ်ပါနဲ့... ကိုယ့်ညီမပင်ပင်ပန်းပန်းရှာထားတဲ့ပိုက်ဆံကို ကိုယ်ဂျီးမများတော့ပါဘူး ကိုယ့်ကြောင့် 'ရဲဝင့်' ပင်ပန်းပြီးတခြားကောင်တွေပါ အချောင်ကောင်းစားနေကြပြီလေ"

"စားပါစေလေ...ကိုယ့်အိမ်မှာပျော်တယ် စားလို့ကောင်းတယ်ဆိုရင် 'ရဲဝင့်' ကျေနပ်ပါပြီ"

"ဒါဆိုတစ်သက်လုံး သူများကောင်းစားဖို့အတွက်ညည်းရှာသမျှဟင်းအိုးထဲပဲ ထည့်နေရတော့မှာပေါ့"

"အင်းပေါ့ အဲ့ဒီထမင်းဟင်းအိုးက 'ရဲဝင့်' တို့မိသားစုရဲ့ထမင်းအိုးပဲလေ"

"ဒါဆိုစာမေးပွဲဆက်မဖြေတော့ဘူးလား... [illegible]အတွက်



www.burmeseclassic.com

www.burmeseclassic.com



တိုးတက်ဖို့ဒီ့ထက်မကြိုးစားတော့ဘူးလား... ကဲ ယောကျ်ားမယူတော့ဘူးလား"

"ဒါကတော့ မယူဖြစ်ခင်အထိပြောတာပေါ့"

" 'ရဲဝင့်' က ရုပ်လည်းချောငွေလည်းရှာတတ်တယ်... ပညာလေးသာတတ်လိုက်ရင် ဘွဲ့လေးသာရလိုက်ရင် အရမ်းကိုအရောင်တောက်ပြီးချွေးမတော်ချင်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေမှာပဲ"

ထိုစကားကြောင့် 'ရဲဝင့်' မျက်နှာလေးနီရဲသွားပြီး...

"ဒါဆို ဘွဲ့မရလို့ 'ရဲဝင့်' လင်ကောင်းမရတော့ဘူးလို့ဆိုလိုချင်တာပေါ့... ဘွဲ့မရလည်းလင်ကောင်းရထားတဲ့မိန်းမတွေပုံလို့... ချမ်းသာတဲ့စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ရပြီး ကျိကျိတက်ချမ်းသာတဲ့ဇနီးမယားတွေပုံလို့"

'ရဲဝင့်' က မျက်လုံးပြူးကြီးဖြင့် ဒေါသတကြီးပြောခြင်းဖြစ်သည်။

"ဩော် ကိုယ်ကကိုယ့်ညီမကို ဂုဏ်ရှိစေချင်လို့ လူအထင်ကြီးခံရစေချင်လို့ပြောမိတာပါ"

"ဘွဲ့မရလို့လူအထင်မကြီးတဲ့မိန်းမ ဂုဏ်မရှိတဲ့မိန်းမထင်ရင်လည်း 'ရဲဝင့်' နားကိုမလာနဲ့လေ"





'ရဲဝင့်' က ငိုသံကြီးဖြင့်ပြောပြီး ချာကနဲနောက်ကြောင်းပြန်လှည့်ကာ အလုပ်ရှင်သူငယ်ချင်းအိမ်ထဲသို့ ပြန်ဝင်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

'ရဲဝင့်' နှင့် 'တင်မောင်သန့်' တွဲခုတ်နေတာကို တစ်လမ်းလုံးတစ်ရပ်ကွက်လုံးတစ်ခြံလုံးသိသည်။ လက်ဘက်ရည်ဆိုင်သားတွေလည်းသိသည်။

'တင်မောင်သန့်' နှင့်တွဲမခုတ်ခင်က မမျောင်ခင်အိမ်ကို ပြန်ရောက်တတ်သည်။

တွဲခုတ်သည့်နှစ်လအတွင်း အမြဲမှောင်မှပြန်ရောက်ကြသည်။

ယနေ့ 'တင်မောင်သန့်' တစ်ယောက်တည်းပြန်ရောက်လာသဖြင့် 'ဒေါ်ဝင်းခင်' လမ်းမကိုမျှော်ရင်း ထိုင်လိုက်ထလိုက်





ဖြစ်နေသည်။

ညရှစ်နာရီထိုးကာနီးအထိ ပြန်ရောက်မလာသဖြင့် သူ့အဖေမသိအောင် တိတ်တဆိတ်အဆောင်ဘက်ကူးခဲ့မိသည်။

"ဩော် ဒေါ်ဒေါ်ပါလား"

ထုံးစံအတိုင်း ညမအိပ်ခင်အပြင်တစ်ခေါက် အပျင်းပြေအညောင်းပြေလက်ဘက်ရည်ဆိုင် ထွက်တတ်တာက ယောကျ်ားအတော်များများ၏အကျင့်။ 'ညီထွန်း' နှင့် 'ဒေါ်ဝင်းခင်' လှေကားထစ်တွင် တိုးခြင်းဖြစ်သည်။

"ကျွန်တော့်ဆီလာတာလား မသိဘူး"

"မင်းမကြိုက်မှန်းသိလို့ မလာပါဘူးကွယ် 'မောင်သန့်' ဆီကိုလာတာပါ"

"သူ့စောစောကလေးတင် ရေမိုးချိုးပြီးပြန်ထွက်သွားတာကိုတွေ့လိုက်သလိုပဲ"

"ကျစ် ဒုက္ခပါပဲ"

'ဒေါ်ဝင်းခင်' က စိတ်ညစ်သလိုခေါင်းကုတ်ပြီးအောက်ပြန်ဆင်းနေသဖြင့်...

"ဘာဖြစ်လို့လဲ... သူ့ကိုကျွန်တော်သွားရှာပေးရမလား"

"'ရဲဝင့်' တို့အဖေပြန်မလာခင် 'ရဲဝင့်' ကိုအိမ်ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်ခေါ်ပေးစမ်းပါလို့နော်... တိုးတိုးတိုက်တိတ်ပြောနော်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

'ညီထွန်း' အအေးဆိုင်၊ လက်ဘက်ရည်ဆိုင်တို့တွင် အရင်ရှာသည်။ ဘယ်မှာမှမတွေ့သဖြင့် 'ဒေါ်ဝင်းခင်' ထံပြန်အလာအဆောင်မရောက်ခင်တွင်ရှိသော 'စန္ဒာ' တို့အိမ်၏ဧည့်ခန်းတွင် 'တင်မောင်သန့်' ကိုတွေ့လိုက်ရသဖြင့် လှမ်းခေါ်လိုက်မိသည်။

"ဘာလဲ 'ကိုညီထွန်း' "

" 'ဒေါ်ဝင်းခင်' ခင်ဗျားကိုရှာနေတယ်"

"ဘာကိစ္စတဲ့လဲ"

" 'ရဲဝင့်' ပြန်မလာသေးလို့တဲ့"

"ဟင် သူပြန်မလာတာနဲ့ ကိုယ်နဲ့ဘာဆိုင်လို့လဲ ကိုယ်အဆောင်ပြန်ရောက်တာကြာနေပြီပဲ... ဒေါ်လေးလည်းမြင်သားပဲ"

ထိုစကားကြောင့် မဆီမဆိုင်ဒေါပွသွားမိသည်။

"ခါတိုင်းခင်ဗျားနဲ့အတူတူပြန်လာနေကြမို့ အခုသူမိုးချုပ်တဲ့အထိပြန်မလာသေးတော့ ဘာဖြစ်လို့လည်းဆိုတာသိချင်မှာပေါ့"





"ဟာ ခင်ဗျားပြောတဲ့စကားက သူများတကယ်လို့တစ်စုံတစ်ခုဖြစ်ရင်... ကဲ တကယ်လို့မပြောကောင်းမဆိုကောင်းကားတိုက်ခံရလို့ဖြစ်ဖြစ် သူများသတ်သွားလို့ဖြစ်ဖြစ် ကိုယ့်ကိုရိုးမယ့်ပုံကြီးပါလား"

"ဒါကတော့ဗျာ... လူသေမှုဖြစ်တာကို အဝေးကြီးထားပါဦး... အခု သူပြန်ရောက်မလာသေးတာနဲ့တောင် အမြဲတတွဲတွဲသွားနေ ပြန်နေတဲ့ခင်ဗျားကိုပဲ အရင်ဆုံးမေးရမှာပဲလေ"

"ခင်ဗျားကို ကျွန်တော်အံ့ဩတယ်... အဲ့ဒီကောင်မလေးနဲ့ခင်ဗျားနဲ့တည့်တာလည်းမဟုတ်ဘူး... မြင်တာနဲ့ဘုကလန့်ဖြစ်နေကြတဲ့ဟာ... ကိုယ့်ကိစ္စမဟုတ်တဲ့ဟာ ဝင်မပါချင်စမ်းပါနဲ့... မသိချင်ဟန်ဆောင်နေစမ်းပါ"

"ဒီလိုမပြောနဲ့လေဗျာ... ကျုပ်တို့အားလုံးတစ်ခြံတည်းနေ တစ်အိုးတည်းစားနေကြတာမဟုတ်လား... တခြားမိန်းကလေးတွေထက်စာရင် 'ရဲဝင့်' ကတော့ကျုပ်တို့တွေနဲ့ ကင်းမှုမကင်းတာ... သူနဲ့ခေါ်တာမခေါ်တာ မဆိုင်ဘူးလေ... သူ့အမေကအကူအညီတောင်းလို့ လိုက်ရှာပေးရတာ"

'ညီထွန်း' အသံကမာပြီး တုန်နေသည်။ မျက်လုံးတွေကလည်းအရောင်တဖျတ်ဖျတ်လက်နေပြီး လက်သီးနှစ်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆုပ်ထားကြောင်းတွေ့ရသည်။

သူမကျေနပ်တာပြောလျှင် ဆွဲထိုးတော့မည့်ပုံစံမျိုး။

'တင်မောင်သန့်' ဆိုသည့်ကောင်က ရုပ်ရှင်မင်းသား လုပ်လျှင်တောင် အသားနာမည့်ဖိုက်တင်ခန်းဆိုလျှင် သရုပ်ဆောင်မည့်ကောင်မျိုးမဟုတ်။ ထို့ကြောင့်…

"ကိုယ့်ကိစ္စကို သွားရှင်းလိုက်ပါ့မယ်… မောင်ရင်ဝင်မပါပါနဲ့"

'ဒေါ်ဝင်းခင်' နှင့် 'တင်မောင်သန့်' တို့နှစ်ယောက် 'ရဲဝင့်' ကိုခေါ်၍ပြန်ခဲ့ကြသည်။

ပြန်လာပြီး ဘာပြဿနာမှမတက်၊ မိုးလင်းတော့လည်း ခါတိုင်းလိုပင် ပုံမှန်လှုပ်ရှားနေကြသည်။

ဝါသနာမပါသော်လည်း 'ရဲဝင့်' နှင့် 'တင်မောင်သန့်' တို့စုံတွဲခုတ်သေးလားဟု သိချင်စိတ်ဖြင့် လက်ဘက်ရည်ဆိုင်မှ ထိုင်စောင့်ကြည့်နေမိသည်။

ခါတိုင်းလိုပင် ဘတ်စ်ကားထဲအတူတွဲ၍ တိုးခွေ့ပြီးပါ သွားကြသည်။ အိမ်တစ်ခေါက်ပြန်ပြီး မနေ့ညကအခြေအနေကို 'ဒေါ်ဝင်းခင်' ထံတွင်မေးကြည့်မိသည်။

" 'ရဲဝင့်' က ရှုးပေါ်ပေါ်လေ… သူ့ကိုစာကြိုးစားဖို့ ဂုဏ်





ရှိအောင်နေဖို့ ဆုံးမလိုက်လို့ ဒေါပွပြီးနေခဲ့တာတဲ့… 'ရဲဝင့်' မောင်းထုတ်လို့ပြန်ခဲ့ရတာတဲ့… ပြန်ချော့ခေါ်တော့လည်း လိုက်လာတာပဲလေ… 'တင်မောင်သန့်' က စိတ်ရှည်လို့ဒီအဆောင်မှာကြာကြာနေပြီး သူ့ကိုဆယ်တန်းအောင်အောင် ကြိုးစားချင်အောင်ချော့ပြောဖို့ အကူအညီတောင်းထားရတယ်… သူ့ကို ဘယ်သူမှအထင်မကြီးဘူး… မခေါ်ဘူး အရောမဝင်ဘူးဆိုပြီး ဝဂ်ခါတစ်ခါအားငယ်နေတတ်တယ်လေ"

မိခင်ဖြစ်သူ၏ စေတနာကတော့ကောင်းပါသည်။

သို့သော်ဆူးပေါ်ဖက်ကျလည်းဖက်ပေါက်မည်၊ ဖက်ပေါ်ဆူးကျလည်းဖက်ပဲပေါက်မည်ဆိုတာ 'ဒေါ်ဝင်းခင်' မေ့နေလေရော့သလား။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ရုံးကပြန်ရောက်လာသောအခါ မမျှော်လင့်ဘဲ 'ညိုမြင့်' ကိုတွေ့လိုက်ရသဖြင့်...

"ဟာ သူငယ်ချင်းအကြောင်းမကြားဘာမကြားနဲ့ မြန်းစားကြီးရောက်လာပါလား... ရုံးကိစ္စနဲ့လား"

'ညိုမြင့်' က ရယ်ကျဲကျဲမျက်နှာဖြင့် 'ညီထွန်း' ပခုံးကိုလှမ်းဖက်ရင်း...

"ရုံးကိစ္စတော့ရုံးကိစ္စပဲ... ဒါပေမဲ့ဒါကမင်္ဂလာဆောင်ဖို့ ရုံးမှာလက်မှတ်ထိုးရမှာလေ"

"ဟာ တယ်ဟုတ်ပါလား... သတို့သားလောင်းကြီးပေါ့





ဒါနဲ့ဘယ်သူနဲ့လဲ"

"မင်းသိပါတယ်လေ... ပွဲစားတန်းက 'နွဲ့ရီ' လေ"

"ဟာ ပွတာပဲ... သူတို့ကအရမ်းချမ်းသာတာပဲ မင်းက ကောင်းတာပေါ့... ရုပ်လည်းချောပညာလည်းတတ် ပိုက်ဆံလည်း ရှိဆိုတော့ အပျိုကြီးလုပ်မယ်ဆိုပြီး လာတောင်းသမျှကိုငြင်းလွှတ်နေတာ မင်းနဲ့ကျမှ..."

"ဟုတ်တယ် သူ့ကြီးဒေါ်အပျိုကြီးတွေက ကိုယ့်ကိုရိုးရိုးအေးအေးမသောက်မစားနဲ့မို့ ပေးစားချင်ကြတာ"

"မောင်ရင်တို့ချင်း ကြိုက်တာမဟုတ်ဘူးပေါ့"

"ခုတော့လည်း ကြိုက်သွားကြပြီပေါ့ကွာ...ဒီရန်ကုန်မှာ ပွဲရုံဖွင့်ပြီး ကိုယ်တို့နှစ်ယောက်ကို ထိုင်ခိုင်းမှာလေ"

"သိပ်ကောင်းတဲ့အကြံပေ့ါ သူငယ်ချင်းရာ... ကွန်ဂရက်ကျူလေးရှင်းပါပဲကွာ"

ဝမ်းသာအားရလက်ဆွဲနှုတ်ဆက်နေစဉ်မှာပင် အိမ်ရှေ့ကိုကားတစ်စီးထိုးရပ်လာပြီး 'ဇော်တင့်' ကအထုပ်တွေအပိုးတွေနှင့်ဆင်းလာသည်။ ခပ်ငယ်ငယ်ခပ်ချောချောကောင်မလေးတစ်ယောက်ပါ ကားထဲကဆင်းလာသဖြင့် အားလုံးဝိုင်းကြည့်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကိုယ့်အစ်ကိုလေ... 'ဇော်တင့်' ဆိုတာပေါ့ ကိုယ့်မင်္ဂလာပွဲအတွက်ရောက်လာတာ... ဒါပေမဲ့ ဟိုကောင်မလေးကတော့ ဘယ်သူလည်းမသိဘူး"

'ဒေါ်ဝင်းခင်' ကလည်း သားကြီးကိုအားရဝမ်းသာပြေးကြိုသည်။

"ကျွန်တော် မိန်းမခိုးလာတာ"

အသက်ဆယ့်ရှစ်နှစ်ခန့်သာရှိဦးမည့် ဆံပင်တိုတိုကောင်မလေးကို 'ဒေါ်ဝင်းခင်' က အံ့ဩစွာလှမ်းကြည့်ပါသည်။

မင်္ဂလာဆောင်ဖို့ရောက်လာသော သားငယ်၏သတို့သမီးလောင်းကိုမမြင်ရသေးခင်၊ သားကြီးကမြီးကောင်ပေါက်မကိုချွေးမအဖြစ်မိတ်ဆက်ပေးနေသဖြင့် ရင်ထဲကမေးခွန်းများကိုခေတ္တဖယ်ထားပြီး ဝမ်းသာအားရပုံစံဖြင့် ကြိုဆိုရပါတော့သည်။

"ညည်းသားတွေကတော့ စံပဲ... အငယ်ကကိုယ့်ထက်ဆယ်နှစ်လောက်ကြီးတာကိုယူတယ်... အကြီးကကိုယ့်ထက်ဆယ်နှစ်ကျော်ငယ်တာကိုယူတယ်... ပြီးတော့နှစ်မင်္ဂလာဆောင်ဆိုတော့ နောက်မင်္ဂလာတစ်ခုထပ်လုပ်မှဖြစ်တော့မယ်... ညည်းတို့လင်မယားရဲ့အနှစ်သုံးဆယ်မြောက် မင်္ဂလာပွဲပါပေါင်းလုပ်လိုက်ပေါ့"





"တော်ပါပြီအမေရာ... 'ဉာဏ်လင်းဆင့်' ကိုပဲပဖွင့်းတက်ပေးမှပဲဖြစ်တော့မယ်"

"ဒါလည်းကောင်းတာပဲ"

စုံတွဲနှစ်တွဲကအဆောင်ဘက်တွင် အိပ်မည်ဆို၍အဆင်ပြေသွားသည်။

" 'ရဲဝင့်' လည်းမတွေ့ပါလား"

'ဇော်တင့်' က အိမ်ရှေ့နှင့်နောက် နှစ်ခေါက်လောက်လျှောက်ကြည့်ပြီးလာမေးခြင်းဖြစ်သည်။

"နောက်နာရီဝက်လောက်ဆိုရင်တော့ ရောက်တော့မှာပါ... သူ့သူငယ်ချင်းရဲ့အလုပ်မှာ သွားဝိုင်းကူပြီးလုပ်ပေးနေတယ်လေ... မင်းတို့ရောက်နေတာသိရင် ဘယ်လောက်များအံ့ဩဝမ်းသာသွားမလဲမသိဘူး"

"သူ့ပုံစံကောအရင်ကလို ဘိုသီဘတ်သီပဲလား"

"အံမယ် မင်းမြင်ရင်အံ့ဩသွားမယ်... ပိုပြီးလှတပတဖြစ်သွားပြီ... မင်းသမီးစတိုင်လ်နဲ့ကြိုက်မယ့်လူတွေကလည်းပေါလို့... ဒါပေမဲ့ 'တင်မောင်သန့်' နဲ့ချိတ်တိတ်တိက်ဖြစ်နေသလိုပဲ သူ့အလုပ်သွားအပြန် ဘော်ဒီဂတ်လုပ်နေတယ်လေ"

ထိုစကားကြောင့် 'ဇော်တင့်' မျက်နှာကြီးညိုမည်းသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး...

"ဟာ ဒီကောင်ကငပွေပဲ... ရည်းစားကိုသက်စေ့မကဘူး ရှိနေတာ... ပြီးတော့သူ့အိမ်ကလည်း ဒီတစ်ခါခွင့်ရရင်ပြန်ခဲ့ဖို့ မှာလိုက်တယ်... ဟိုမှာသူတို့သဘောတူထားတဲ့မိန်းကလေးရှိ တယ်... လက်ထပ်ပေးမလို့ဆိုလားပဲ"

"ဟင်..."

'ဒေါ်ဝင်းခင်' ပါးစပ်ဟောင်းလောင်းဖြစ်သွားပြီး ချက်ခြင်းမတ်တပ်ထရပ်၍ လမ်းမဘက်သို့ထွက်ဖို့ပြင်နေသဖြင့် 'ဓော်တင့်' က မိခင်လက်ကိုပြန်ဆွဲထားပြီး...

"မေမေ စိတ်မပူပါနဲ့... စိတ်အေးအေးထားပါ ဒီကိစ္စကို မင်္ဂလာပွဲပြီးရင် ကျွန်တော်ဝင်ဆွေးနွေးပေးပါ့မယ်... ဒီရက်ပိုင်းတော့ ဟန်မပျက်မသိချင်ဟန်ဆောင်ပြီး နေလိုက်ကြရအောင်ပါနော် အမေ"

"အေးပါ အေးပါ"





## ၁၇

မင်္ဂလာပွဲပြီးသည်နှင့် အချောင်ကတုံးတုံးလိုက်ရသူက 'ဥာဏ်လင်းဆင့်' ပါပဲ။

နေ့စဉ်ဆွမ်းခံကြွလာသော 'ဥာဏ်လင်းဆင့်' ခေါ် ဦးပဇ္ဇင်း 'ဆန္ဒ' ကအိမ်သားတွေ၏မျက်နှာကိုကြည့်ပြီး တစ်ခုခုတော့ ဖြစ်နေသည်ဟုထင်မိပါသည်။

လမ်းထဲရှိအသိအိမ်များကလည်း ဆွမ်းခံကြွဖို့ပင့်ဖိတ်ထားသဖြင့် ခုနစ်အိမ်ပြည့်အောင်တော့ကြွသည်။

"ဦးပဇ္ဇင်းပဲအေးချမ်းတယ်... ဥပဓိရုပ်ကလည်းကောင်းတော့ တစ်သက်လုံးပဲဝတ်လိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့်တုန်လှုပ်သွားသည်။ တစ်ပတ်တောင်အတော်ကြိုးစားနေရခြင်းဖြစ်သည်။

"ဦးပဇ္ဇင်းလူထွက်တာနဲ့ အပူတောထဲပြန်ရောက်မှာစိုးလို့ပါ"

အိမ်မှာပြဿနာတစ်ခုခုဖြစ်နေပြီဆိုတာ သိချင်လှပါပြီ။ အမေ့မျက်နှာကလည်းမကောင်း။ အစ်မဖြစ်သူ၏မျက်နှာကလည်း အပူသည်လိုပါပဲလား။ ဘုရား ဘုရား မဟုတ်မှလွဲရော 'ကိုသန့်' များကိုယ်ဝန်ရှိပြီးမှမယူလို့လား။ ဖြစ်နိုင်လျှင်ယခုသာ သွားမေးလိုက်ချင်တော့သည်။ စိတ်ရောလူရော အိမ်ကိုရောက်သွားခဲ့ရသည်။

"ဦးဇင်း ဘာများကျန်ခဲ့လို့လဲ"

မိခင်ကလက်အုပ်လေးချီကန်တော့၍ မေးခြင်းဖြစ်၏။

"ဒကာမကြီးမျက်နှာမကောင်းလို့ ဘာများဖြစ်သလဲလို့"

"အို တပည့်တော်ပင်ပန်းလို့ဖြစ်ပါလိမ့်မယ်... နှစ်ရက်နေရင်တော့ ဦးဇင်းလည်းလူဝတ်လဲရတော့မှာ... ပျော်ရင်တော့ ကြိုက်သလောက်နေပါနော်"

နှစ်ရက်ဆိုသည့်အချိန်ကို အကြာကြီးဟုထင်နေမိပါ





သည်။

" 'ကိုညီ' "

"ဟင်..."

" 'ကိုသန့်' နဲ့တွေ့ရင် ဒီစာပေးပေးပါနော်"

မိမိအခန်းဝမှ 'ရဲဝင့်' ၏အသံနှင့်အတူစာတစ်စောင်စားပွဲပေါ်ရောက်လာပြီး ပြန်ပြေးဆင်းသွားကြောင်း တွေ့လိုက်ရသည်။ ဒီအချိန်ဆိုလျှင်မင်္ဂလာဆောင်ထားသော ဇနီးမောင်နှံနှစ်စုံတွဲလုံးထမင်းစားခန်းရောက်နေသဖြင့် 'ရဲဝင့်' အလစ်ချောင်းပြီး ရောက်လာခြင်းဖြစ်မည်။

မိမိမကြိုက်မှန်းသိလျှက် အကူအညီတောင်းနေပြန်ပါပြီ။

"ဟင် နင်ဘာသွားလုပ်တာလဲ... နင် မရှက်ဘူးလားကောင်မ"

'ဇော်တင့်' က အံကြိတ်၍ပြောနေခြင်းဖြစ်သည်။ လက်ဝါးဖြင့် 'ရဲဝင့်' ၏လည်ဂုတ်ကိုလှမ်းရိုက်လိုက်သဖြင့် လှေကားထစ်မှဆင်းနေသော 'ရဲဝင့်' ယိုင်ပြီးချော်လဲသွားခဲ့သည်။

"အီး ဟီး..."

"ဟဲ့ ဘယ်လိုဖြစ်တာလဲ... 'ကိုဇော်' မင်းဘာလို့လုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလဲ"

မိခင်ဖြစ်သူကအသံတုန်တုန်ကြီးဖြင့် မကျေနပ်သလို လှမ်းပြောခြင်းဖြစ်သည်။

"အမေ့သမီး အရှက်မရှိဘူး ယောကျ်ားတွေနေတဲ့အပေါ် ထပ်ကိုတက်သွားတယ်လေဗျာ... မဆုံးမသင့်ဘူးလား"

"ကောင်းကောင်းပြောလေ... ဘာလို့ရိုက်ရတာလဲ ဟို မှာလက်နိုက်မိသွားပြီ... ငါတော့သေသာသေလိုက်ချင်တော့တာ ပါပဲ... ညည်းကလည်းဘာကိစ္စသွားရတာလဲ"

"'ကိုသန့်'ဒီအဆောင်ကနေပြောင်းတော့မယ်လို့ကြား တယ်... 'ကိုကိုဇော်'ဘာတွေသွားပြောလိုက်လည်းမသိဘူး အဲ့ဒါ သိချင်လို့"

"ဟာ ငါဆွဲထိုးလိုက်ရကွာ... နင့်အတွက်ပူလို့ဒီကောင့် ကို ငါပွင့်ပွင့်လင်းလင်းဆွေးနွေးပြီးပြီ... ယူမယ့်အထိစဉ်းစားရင် ဆက်တွဲ အပျော်လုပ်နေရင်တော့မရဘူးလို့... ဒါပဲပြောတာ နင့် ကိုမယူချင်လို့ပြောင်းတာနေမှာပေါ့"

"'ကိုကိုဇော်' လုပ်ပုံတွေက တစ်ဖက်သတ်မဆန်လွန်း ဘူးလား... မိန်းကလေးတစ်ယောက်ကို အတူတွဲလျှောက်မိတာနဲ့ ယူရရောတဲ့လား... တချို့နှစ်တွေအကြာကြီးကြိုက်ပြီးတာတောင်





ကွဲသွားကြသေးတာ... ယူဖြစ်ကြတာမှမဟုတ်ဘဲ"

"ဒါဆိုနင်ကသူမယူချင်လည်းနေ... ဒီလိုအတူတွဲပြီးသွား နေရတာလောက်နဲ့ ကျေနပ်နေတယ်ဆိုတဲ့သဘောလား"

"သူ့သံယောဇဉ်ရှိလို့ စိတ်မချလို့ 'ရဲဝင့်'နောက်ကိုတ ကောက်ကောက်လိုက်နေပြီပဲ... ကြာလာရင် သူပိုသံယောဇဉ် တွယ်လာပြီး ယူချင်ယူမှာပေါ့"

'ဇော်တင့်'က စိတ်ပျက်သလို ခေါင်းကိုဖွပစ်ပြီး ဟား ကနဲအော်ရင်း...

"ဒီကောင်ထားခဲ့တဲ့ရည်းစားတွေ တက္ကသိုလ်မှာရော သူ တို့ရပ်ကွက်ထဲမှာရော အလုပ်မှာရော ပွစိကိုတက်နေတာပဲ သူ့ အိမ်ကလည်းဒီတစ်ခေါက်ပြန်လာရင် သူတို့သဘောတူတာနဲ့ စေ့စပ်ပေးမယ်လို့ပြောထားပြီးသားတဲ့"

"ဒီလိုအကျင့်စရိုက်မျိုးရှိမှန်းသိရင် ဘာဖြစ်လို့ဒီကိုလွှတ် လိုက်သေးလဲ သားကြီးရယ်"

"ဘာဆိုင်လည်းမေမေရာ... ကြိုက်စရာလူတွေပုံလို့ပါ ပွေတယ်ရှုပ်တယ် ယူရမယ့်လူရှိတယ်လို့ပြောထားလျှက်နဲ့ ဘာ ကိစ္စဒီကောင့်ဆီသွားရတာလဲ"

"အို 'ရဲဝင့်'ကတော့ သူနဲ့မျက်နှာချင်းဆိုင်တွေပြီး ပြတ်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားသားမေးချင်သေးတယ်... သူ 'ရဲဝင့်' ကိုချစ်တယ်ဆိုတာ 'ရဲဝင့်' သိတယ်"

"ကဲ မေး မေး... ဟိုကယူမယ်ဆိုရင် နင်တို့ရဲ့မင်္ဂလာဆောင်စရိတ်ကိုငါထုတ်ပေးလိုက်မယ်... ပြီးရင် ဒီခြံထဲမှာအိမ်သပ်သပ်တစ်လုံးတောင်ဆောက်ပေးလိုက်ဦးမယ်"

'ဇော်တင့်' က ထိုကဲ့သို့ပြောလေသောအခါ ပူပူနွေးနွေး မိန်းမဖြစ်သူ 'မိုးငယ်' က မကျေနပ်သလိုမျက်နှာလေးမဲ့ထားကြောင်း 'ဒေါ်ဝင်းခင်' တွေ့လိုက်ရပါသည်။

ချွေးမနှစ်ယောက်လုံး၏မျက်လုံးများက မိမိ၏သားငယ်နှင့်သမီးငယ်ကို အထင်သေးသလို မရောချင်သလိုကြည့်တတ်ကြောင်းသိပါသည်။

ရောက်တာတောင်တစ်လမရှိသေးသော်လည်း ပိုင်ဆိုင်လိုသောစကားမျိုးတွေ ပြောတတ်ကြသည်။

ချွေးမကြီးက ဤပျဉ်ထောင်အိမ်များကို တိုက်ပြန်ဆောက်ပေးမည်ဟုပြောသောအခါ ချွေးမအငယ်ကလည်း သူတို့ကဟိုဘက်ခြမ်းကို တိုက်ဆောက်မည်ဟုလေသံပစ်သည်။

'ဒေါ်ဝင်းခင်' က ရယ်သလိုမောသလိုနှင့်...

"ငါ့ချွေးမတွေက သူဌေးသမီးတွေမှန်းသိပါတယ်ကွယ်





တိုက်ပြန်ဆောက်နေရင် ပင်ပန်းပါတယ်... ငါ့သားတွေကိုသာခေါ်သွားလိုက်ကြပါ"

ထိုသို့ပြောသောအခါ နှစ်ယောက်လုံးမျက်နှာပျက်သွားကြ၍ မတိုင်ပင်ဘဲတစ်ပြိုင်တည်းပြောကြပုံကတော့...

"'ကိုညီမြင့်' က အဲ့သလိုပြောထားလို့ 'နွဲ့ရီ' ကမိဘတွေကိုတိုင်ပင်စည်းရုံးထားခဲ့တာလေ"

"ဟုတ်တယ် မေမေရဲ့... 'ကိုကိုဇော်' က မာမီတို့လာတုန်းကခြံအကျယ်ကြီးပေမယ့် အိမ်ကစုတ်နေတယ်လို့ပြောလို့ မာမီကငွေထုတ်ပေးမယ်ပြောသွားတာလေ"

အမှန်အတိုင်းပြောရရင်တော့ မိမိသမီးကို 'မောင်သန့်' တို့အုပ်စုထဲက တစ်ယောက်ယောက်တော့ ယူစေချင်တာအမှန်ပါ။

သူတို့ယူဖြစ်လျှင်မြေကွက်ကို လေးပုံပုံပြီး ပိုက်ဆံရှိသူက ငွေပြန်အမ်းသောစနစ်ဖြင့် သားသမီးလေးယောက်လုံးကိုမျှမျှတတဖြစ်စေချင်သည်။ ဘာပဲဖြစ်ဖြစ် သူတို့တွေတိုက်တကယ်ဆောက်တော့မည်ဆိုလျှင်တော့ ကာလပေါက်ဈေးဖြင့် တန်ဘိုးဖြတ်ပြီး ငွေတောင်းရမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



'ကိုမောင်'

ရဲဝင့် နောက်ကိုစပြီးလိုက်ခဲ့တာ ကိုမောင်နော်

ရဲဝင့် ကိုချစ်တယ်ဆိုတဲ့စကားတစ်ခွန်းချန်ထားပြီးတခြားလူတွေနဲ့မတွဲဖို့ တခြားလူတွေမလိုက်အောင်ဘော်ဒီဂတ်လုပ်ခဲ့တာ ထီးတော်မိုးခဲ့တာ ကိုမောင်ပါနော်...

နေ့တိုင်းမြင်နေရတာတောင် အားမရလို့ စကားတွေပြောချင်လို့ ရဲဝင့် ရဲ့အပြစ်ကင်းစင်တဲ့မျက်နှာ ပကာသနကင်းတဲ့မျက်နှာနဲ့ ပွင့်လင်းတဲ့ဆက်ဆံရေးတွေကို သဘောကျလွန်းလို့ ရဲဝင့် ရဲ့အသံသြသြလေးကိုကြားချင်လို့ဆိုပြီး အ





လုပ်ထဲအထိ လိုက်ခဲ့တာလည်း ကိုမောင်ပါပဲနော်...

ပတ်ဝန်းကျင်အိမ်နီးနားခြင်းအားလုံးက ရဲဝင့်နဲ့ကိုမောင်ကို ချစ်သူတွေဖြစ်နေပြီဆိုတာ အားလုံးသိနေကြပြီ...

ကိုမောင်ကသာ လက်ထပ်မယ်ဆိုရင် ကိုကိုဇော်တို့ ဖေဖေတို့ကဝမ်းသာအားရ လက်ခံသဘောတူကြမှာပါ...

တကယ်လို့ အခုမယူချင်သေးဘူး ရဲဝင့် ဆယ်တန်းအောင်မှ ဘွဲ့ရမှဆိုလည်း ရဲဝင့် ကြိုးစားပါ့မယ်... ကိုယ့်ချစ်သူမျက်နှာငယ်ရအောင် ရဲဝင့် မလုပ်ပါဘူး...

နက်ဖြန်မနက်ခါတိုင်းလိုပဲ ကားဂိတ်မှာစောင့်နေမယ်လာဖြစ်အောင်လာခဲ့နော်...

မျှော်လင့်စောင့်စားလျှက်...
ခင်ရဲဝင့်

သူများစာကိုဖွင့်ဖတ်မိထားတဲ့အတွက် နောင်တတွေရနေမိသည်။ တကယ်ဆို ဤစာကိုသူမ၏အုပ်ထိန်းသူများလက်သို့ အပ်သင့်ပါသည်။ သို့သော်စေတနာကို ဝေဒနာဖြစ်မှာကြောက်မိသည်။ ပြီးတော့ဤစာကြောင့် သူမ၏မိဘနှင့်အစ်ကိုများက ဝိုင်းရိုက်ကြဆူကြဦးမည်။ ဘာပဲဖြစ်ဖြစ် သူမအဲ့တွက် အဖြေတစ်ခုတိတိကျကျရစေချင်သဖြင့် 'တင်မောင်သူ' လက်



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ထည့်ပေးမိသည်။ အဖြေကိုချက်ခြင်းသိလိုက်ရပါသည်။

စာအိတ်ပေါ်ကလက်ရေးကိုမြင်ယုံဖြင့် 'တင်မောင်သန့်' မျက်နှာကစိတ်ပျက်သွားပြီး...

"ကိစ္စကပြီးနေပြီပဲ... သူ့အစ်ကိုတွေကို မယူနိုင်ဘူးလို့ပြောပြီးပြီပဲ... မနက်ဖြန်တောင် ဒီကနေပြောင်းတော့မှာ"

"ဒီလိုပြီးစလွယ်မပြောနဲ့လေဗျာ... ဒါခင်ဗျားစခဲ့တဲ့ဓာတ်လမ်းပဲ... ဓာတ်လမ်းစတုန်းကသူနဲ့စတာ သူ့အစ်ကိုနဲ့စတာမဟုတ်ဘူးလေ... ဘာပဲဖြစ်ဖြစ် မနက်ဖြန်တွေ့ဖြစ်အောင်တွေ့ပြီး မချစ်ခဲ့ကြောင်း အပျော်တွဲတာဖြစ်ကြောင်း လက်ထပ်ရမယ့်လူရှိကြောင်း ခင်ဗျားပါးစပ်ကဖွင့်ပြောရင်တော့ သူလက်ခံမှာပါ"

"တော်ကြာ ဇွတ်အတင်းနိုးပြေးခိုင်းနေဦးမယ်... ထောင်ခြောက်ဆင်ပြီး ဖမ်းမှခက်နေပါ့မယ်... သူ့ဆီကိုယ်မသွားရင်ပြီးတာပဲမဟုတ်လား"

ထိုစကားတွေများ 'ရဲဝင့်' တို့မိသားစုတွေကြားလျှင် မည်မျှခံရခက်မည်နည်းရှက်မည်နည်း။

အလွန်ချောမောသန့်စင်လုပသော ရွှေမင်းသားပါးစပ်မှ စကားများသည် ရိုင်းစိုင်းစော်ကားလှပါလား။ သနားကြင်နာမှု





မျိုးလုံးဝမတွေ့ရ။ ရယ်နေသောသူ့သွားရှည်ရှည်များသည် အစွယ်များနှင့်တူနေသလိုပါပဲလား။

'ဦးကျော်' တို့မိသားစုကို မိမိတရင်းတနှီးခင်ခင်မင်မင် မနေခဲ့ပါ။ မိမိသာဆိုလျှင် ယခုလိုစော်ကားရိုင်းစိုင်းသောစကားမျိုးဖြင့် လမ်းခွဲသွားမည်မဟုတ်ပါ။

'ကိုဇော်' တို့ 'ဦးကျော်' တို့သာ ဤစကားကြားလျှင် 'ရဲဝင့်' ကိုရိုက်ကြဦးမှာသေချာသည်။ ထို့ကြောင့်ပြန်မပြောပြတော့ပါ။

နောက်တစ်နေ့မနက်တွင် ကာယကံရှင် 'တင်မောင်သန့်' က ဆယ်နာရီခန့်အထိပေါ်မလာပါ။

'ရဲဝင့်' က မနက်ရှစ်နာရီတည်းကစ၍ ကားဂိတ်တွင်ဟိုနားရပ်လိုက်၊ ဒီနားရပ်လိုက်၊ ဟိုဘက်လမ်းကူးလိုက် ဒီဘက်ကူးလိုက်လုပ်နေခြင်းဖြစ်သည်။

'ရဲဝင့်' မျက်နှာကညိုမြည်းနေရှာသည်။ လူတွေလည်းဝိုင်းကြည့်လာသဖြင့် ရှက်ပြီးကားတက်စီးသွားပုံရသည်။

သူမသွားလေမှ 'ညီထွန်း' လည်း နောက်ကားဖြင့်ကိုယ်လမ်းကိုယ်ထွက်ခဲ့ရသည်။

"ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



မိမိရုံးထဲကိုအဝင် 'ရဲဝင့်' က အထွက်။

စိတ်တိုသောမျက်နှာဖြင့်...

"သူ့ကိုညက စာမပေးလိုက်ဘူးလား"

"ပေးပါ့ဗျာ"

"ဒါဆိုသူဘာလို့မလာလဲ... ပေးရင်လာရမှာပေါ့"

ဟောဗျာ မိမိကပဲညာနေသလိုလို။

"ကဲ လာ ဖုန်းသွားဆက်ကြရအောင်"

လမ်းဘေးဖုန်းမှ 'တင်မောင်သန့်' ဆီခေါ်ကြသည်။

"ဒီမှာခင်ဗျားကို ကျုပ်ညကစာပေးသလား မပေးသလား ခင်ဗျားကိုယ်တိုင်ပဲပြောပေတော့"

'ရဲဝင့်' လက်ထဲသို့ဖုန်းခွက် ထည့်ပေးလိုက်မိသည်။

"'ကိုမောင်' လား"

တစ်ဖက်ကဘာပြန်ပြောသည်မသိ။ သူမ၏မျက်နှာမှာ နီသွားလိုက်ပြာသွားလိုက် ဖြစ်နေပါသည်။

"'ကိုမောင်' တကယ်ပြောနေတာလား... ခုတော့ 'ရဲဝင့်' ရဲ့မျက်နှာကိုမမြင်ရရင်လည်း နေနိုင်ပြီပေါ့လေ"

"× × × ×"

"'ကိုဇော်' တို့ကြောင့်လား"





"× × × ×"

"ဒါဆို တကယ်မချစ်ဘူးလို့ 'ကိုမောင့်' ပါးစပ်ကပြောအဲ့သလိုပြောရင်တော့ 'ရဲဝင့်' ယုံလိုက်တော့မယ်"

"× × × ×"

တစ်ဖက်ကဖုန်းချသွားပုံရသည်။ သူမ ဖုန်းခွက်ကြီးကိုင်ပြီးငိုင်နေသည်။ မျက်ရည်တွေလည်း စီးကျနေသည်။

"ကဲ ကဲ သူများတွေကြည့်ကုန်ပြီ... သွားစို့ သွားစို့"

သူမ၏ပိုက်ဆံအိတ်နှင့် ထီးကိုကောက်ယူပြီး ရှေ့မှထွက်ခဲ့လိုက်သည်။

"ဟာ ဘာဖြစ်လို့ငိုနေတာလဲ... ကိုယ့်ကိုမချစ်ဘူးမဖြစ်နိုင်ဘူးလို့ပြောနေမှတော့ ဘာမှဆက်လုပ်လို့မရတော့ဘူးလေ လင်မယားလည်းမဟုတ်တော့ တရားစွဲလို့လည်းရတာမှမဟုတ်တာ... လင်မယားတွေတောင်မပေါင်းချင်ရင် ကလေးတွေတစ်ပုံကြီးနဲ့ပစ်သွားကြသေးတာ"

ထိုစကားကြောင့် သူမမျက်နှာလေးတင်းသွားပါသည်။ ခါတိုင်းလိုဆိုလျှင် ခုလောက်ဆို ခါးထောက်ပြီးရန်ထောင်ပြီးနေလောက်ပြီ။ မျက်စောင်းထိုးပြီးနေလောက်ပြီ။

"ကဲ ဘယ်သွားချင်လဲ လိုက်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မပို့ပါနဲ့တော့"

"ဟော့ သိပ်တော့မိုးမချုပ်ခင်ရောက်အောင်ပြန်နော်... တော်ကြာ ငါ့ပါအမှုပတ်နေဦးမယ်"

ထိုစကားကြောင့် သူမက ခပ်မဲ့မဲ့လေးရယ်ပြရင်း...

"စိတ်ချပါ ချစ်လို့တကောက်ကောက်လိုက်ခဲ့တဲ့လူက တောင်မယူချင်လို့ ရှောင်ပြေးသွားသေးတာ... ခင်ဗျားလိုမချစ်တဲ့လူကဘာဆိုင်လို့တာဝန်ယူရမှာလဲ... ခုလိုကူညီပေးတာကိုပဲ ကျေးဇူးတင်နေပါတယ်"

"ကိုယ့်စေတနာကိုမင်းနားလည်ရင် ပြီးတာပဲ... နောက်ကိုကိုယ်ကစမချစ်နဲ့... သူများကချစ်လာတယ်ဆိုရင်လည်း သူတို့ကပဲ အိမ်မှာစပြီးလာတောင်းပါစေ... ကိုယ့်ဘက်ကဘာတစ်ခုမှ အလွယ်တကူမပေးနဲ့... လူတွေကအကျင့်မကောင်းဘူး ခက်ခက်ခဲခဲကိုမှတန်ဖိုးထားကြတယ်... လိုက်ရင်ပြေးချင်ကြတယ် ကိုယ်တကယ်မချစ်နိုင်ရင် မယူနိုင်ရင် အပျော်မလုပ်ဖို့တော့ အရေးကြီးတာပေါ့"

"တော်ပါပြီ... ဆက်မပြောပါနဲ့တော့ ရှက်လွန်းလို့ပါကဲ 'ရဲဝင့်' အလုပ်ကိုပဲတန်းသွားတော့မယ်"

"ညနေစောစောအိမ်ပြန်နော်"





"အင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

တကယ်တမ်းညနေစောစော အိမ်ပြန်ရောက်သူက 'ညီ ထွန်း' ပါ။

အဆောင်မှူး 'ဦးကျော်' က နေ့လည်တစ်နာရီခန့်တွင် ရုံးသို့ရောက်လာပြီး မိခင်ဖြစ်သူထံပြန်ဖို့ဖျောင်းဖျသည်။

ယခင်တစ်ခါလက်ဘက်ရည်ဆိုင်သို့ လိုက်လာဖူးသော 'ညီထွန်း' တို့မြို့မှ ဧည့်သည်လည်းပါသည်။

ယခုပင်ဖုန်းဝင်လာကြောင်း၊ 'ဒေါ်ခင်ခင်ထား' ဆေးရုံကြီးတွင်အသက်ငင်နေကြောင်း၊ သားဖြစ်သူရောက်မလာသဖြင့် အသက်ထွက်ဖို့ခက်နေကြောင်းတွေ ပြောပြသဖြင့် 'ဦးကျော်'





က မွေးမိခင်၏နောက်ဆုံးခရီးကို ဖြောင့်ဖြောင့်တန်းတန်းသွားခွင့်ပေးရန် ချော့မော့ပြောနေပါသည်။

"အမြန်ဆုံးပြန်လိုက်ပါ ငါ့တူရာ... ဦးလေးတောင်းပန်နေတာပါ... မင်းအဖေအပေါ်မကောင်းခဲ့ပေမယ့် မင်းအပေါ်မကောင်းတာမဟုတ်ဘူးလေ... ငါတို့ကိုပဲကြည့် အသက်ငါးဆယ်ကျော်အရွယ်ပေမယ့် ငါ့အမေဆူရင်ခံရတာပဲ... သူကမွေးခဲ့တာလေ... သူ့မျက်လုံးထဲမှာတော့ ငါတို့ကိုကလေးလို့ပဲမြင်မှာပေါ့ မင်းအတွက်မိန်းမအယောက်တစ်ရာ ယူလို့ရနိုင်ပေမယ့် အမေတစ်ယောက်ကိုတော့ထပ်ရှာလို့ မရနိုင်ပါဘူးကွာ... မွေးလာခဲ့တဲ့ကျေးဇူး လူဖြစ်အောင်စောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးတွေကအများကြီးပါ... ဘုရားဟော... ခင်ရဲ့ကျေးဇူးကိုနို့တစ်လုံးဖိုးပဲကျေခဲ့တာနော်... မင်းမျက်နှာကိုမမြင်ဘဲနဲ့ အသက်ထွက်သွားပြီးရင် သူက ဘယ်ဘဝရောက်မှန်းသိနိုင်တာမဟုတ်တော့ဘူး... ကျန်ခဲ့မှာကမင်း... ခံစားရမှာကမင်း... အဲဒီအချိန်ကျမှ နောင်တရပြီး အမေ့ဂူရှေ့သွားငိုနေတော့ရော ဘာမှအဓိပ္ပါယ်မရှိတော့ဘူးလေ... မင်းမခံစားရအောင် မင်းအမေအသေဖြောင့်အောင် ဦးလေးယုံကြည်လေးစားအတင်ကြီးခဲ့သလို မင်းကလည်းဦးလေးစကားဆိုအမြဲနားထောင်တဲ့အတွက် ပြောကြည့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



'ညီထွန်း' ၏ ပါးပြင်ပေါ်သို့ မျက်ရည်များတဝေါဝေါ စီးကျလာပါတော့သည်။

"ဟုတ်ကဲ့ ကျွန်တော်သွားပါ့မယ်... တကယ်တော့ကျွန်တော့်ဟာ မထားသင့်နဲ့ မာနတွေထားပြီးတော့ တလွဲမာနကြီးနေတာပါ... ခုပဲကျွန်တော်သွားပါ့မယ်... ဦးလေးကိုကန်တော့သွားပါရစေ"

"အေး အေး ငါ့တူကြီးသွားလမ်းလာလမ်း ဖြောင့်ဖြူးပါစေ... လိုရာခရီးအမြန်ရောက်ပြီး မိခင်ကြီးကိုပြုစုခွင့်ရပါစေလို့ ဦးလေးဆုတောင်းပေးပါတယ်ကွာ"

'ညီထွန်း' က သွားပြီဆိုတော့လည်း အဆောင်မှာအဝတ်သုံးလေးစုံ၊ ဒိုင်ယာရီစာအုပ်နှင့် ပစ္စည်းအနည်းငယ်ကိုသာယူ၍ အဘိုးအဘွားနှစ်စုံတွဲကို ဝင်ကန်တော့သည်။ 'ဒေါ်ဝင်းခင်' ကတော့ ဈေးသွားဝယ်နေ၍ နှုတ်မဆက်နိုင်တော့။

လောလောဆယ် 'ညီထွန်း' စိတ်ထဲမှာရှိတာက အမေရှိရာဆေးရုံသို့အမြန်ရောက်ဖို့ ပြီးတော့အမေ့ခန္ဓာကိုယ်တွင်တွယ်ကပ်လျက်ရှိနေဆဲဖြစ်သည့် အသက်ဝိဉာဉ်ထွက်ခွာမသွားဖို့ဆုတောင်းနေမိသည်။

"အမေ ကျွန်တော်လာပြီ... မသွားပါနဲ့ဦးနော်"





လေယာဉ်လက်မှတ်ရသဖြင့် ချက်ခြင်းမန္တလေးရောက်သွားသည်။ အဆောင်မှလေယာဉ်ကွင်းသို့ လေးဆယ့်ငါးမိနစ်စီးရသည်။ လေယာဉ်ပေါ်တွင်တစ်နာရီမိနစ်နှစ်ဆယ်၊ တံတားဦးလေဆိပ်မှမန္တလေးမြို့ထဲသို့ တစ်နာရီ။ အမေကမန္တလေးဆေးရုံတွင်ရှိနေသဖြင့် သုံးနာရီကျော်ကျော်လေးနှင့် တွေ့ခွင့်ရသည်။

ရုတ်တရက်ကြီးတွေ့လိုက်ရလျှင် အမေအပျော်လွန်ပြီး အသက်ထွက်သွားမှာစိုးသဖြင့် ဆွေမျိုးနီးစပ်များက သားကြီးလာနေပြီဖြစ်ကြောင်း ဆေးရုံသို့ရောက်ခါနီးပြီဖြစ်ကြောင်း သတင်းပေးနေကြသည်။

"သား..."

အခန်းဝသို့ဖြည်းညှင်းစွာဝင်လာသော 'ညီထွန်း' ကို 'ဒေါ်ခင်ခင်ထား' က တုန်ရီသောအသံကြီးဖြင့် ခေါ်လိုက်ခြင်းဖြစ်သည်။

"အမေ့ကိုခွင့်လွှတ်ပါကွယ်"

"ကျွန်တော်က တောင်းပန်ရမှာပါ အမေရယ်"

ငိုချင်စိတ်ကိုထိန်းပြီး ပြောနေရခြင်းဖြစ်သည်။ မိမိတို့ငိုလျှင် အမေ့ခံစားမှုကပိုပြင်းထန်လာမည်။ အသက်ထွက်ဖို့လွယ်နေချိန်တွင် ဘာအတိမ်းအစောင်းမှခံမည်မဟုတ်။ မိမိအတွက်



www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်ဆေးထိုးထားသော အမေသည် တစ်ပတ်မှတစ်လ တစ်လမှတစ်နှစ်အထိ ခံစေလိုသည့်ဆန္ဒသာရှိသည်။ ကျန်တာ ဘာမှမသိတော့။

တချို့နှစ်ချို့ပြီးခံသည်ဟု ပတ်ဝန်းကျင်ကအားပေးစကား ပြောကြသဖြင့် မျှော်လင့်မိခြင်းဖြစ်သည်။

သားကိုမြင်ရသဖြင့် အမေ့အသံကမာလာသည်။ ပြုံးပြုံး ရွှင်ရွှင်ဖြစ်လာသည်။ ဆေးရုံကလည်းဆင်းခွင့်ပြုလိုက်သည်။

သို့သော်ဟိုဘက်ငါးဆယ် ဒီဘက်ငါးဆယ်ဆိုတာ မ ပြောဘဲလည်းသိနေပါသည်။

အဲယားကွန်းကားဖြင့် ကိုယ့်မြို့ကိုယ်ပြန်ခေါ်လာခဲ့ သည်။

မရောက်တာဆယ်နှစ်ကျော်ပြီဖြစ်သော ကိုယ့်မြို့သည် အများကြီးပြောင်းလဲနေခဲ့ပြီ။

သစ်လွင်ခမ်းနားနေခဲ့ပြီ။ ခေတ်မီတိုးတက်နေခဲ့ပြီ။

မိမိထွက်လာစဉ်က မိမိတို့တိုက်မိမိတို့ဆိုင်သည် ခေတ် အမီဆုံး၊ ယခုတော့အိုမင်းဟောင်းနွမ်း၍နေခဲ့ပြီ။

အမေသည်ဆိုင်နှင့်သုံးထပ်အိမ်၊ ဟီးနိုးတစ်စီး ကိုယ်ပိုင် ကားတစ်စီးကိုတော့ မိမိအတွက်ချန်ထားပေးရှာသည်။





ထိုပစ္စည်းများကိုမည်သူမျှ ထိခွင့်မပေးဟုပြောသည်။

မိမိတို့သားအမိ ဆယ့်ငါးရက်တော့အတူနေလိုက်ရပါ သည်။ အမေ့ကိုရေချိုးပေးခွင့်၊ အမေ့ချေးအိုးသွန်ခွင့်၊ မျက်နှာ သစ်ခွင့်၊ ခေါင်းဖြီးခွင့်တွေရလိုက်သဖြင့် ကျေနပ်နေမိသည်။

ကမ္ဘာပေါ်တွင်တစ်ဦးတည်းသော အမျိုးရင်းဖြစ်သည့် အမေ့ကိုနှစ်ပေါင်းများစွာပစ်ထားခဲ့ပြီး ယခုမှစွန့်လွှတ်ရမှာနမြော နေသည်၊ ကြောက်နေသည့်မိမိကို မည်သူမျှသနားမည်မဟုတ် ပါ။ ဘာပဲဖြစ်ဖြစ်လုံးဝမတွေ့လိုက်ရ၊ မပြုစုလိုက်ရတာထက် စာလျှင် ဖြေသာပါသေးသည်။

ဒီအတွေးဝင်တော့ မိမိဒီကိုရောက်အောင် တွန်းအားပေး သူချော့မော့ဖျောင်းဖျသူ 'ဦးကျော်' ကိုလှမ်း၍ကျေးဇူးတင်မိသည်။ နောက်တစ်ယောက်က 'ကိုကံလှ'။

အမေလွှတ်တိုင်း မိမိကိုသူတွေ့အောင်ရှာပြီး လာတတ် သည်။

သူ့ကြောင့်အမေနှင့်မိမိ ပြန်ဆုံတွေ့သည်။

'ဦးကျော်' နှင့် 'ကိုကံလှ' သည် မိမိဘဝထဲတွင်ကျေးဇူး တင်ရမည့်သူစာရင်းထဲတွင်ပါသည်။

မိခင်၏နာရေးကိစ္စပြီးတော့ 'ညီထွန်း' ပင်ပန်းပြီးအိပ်

www.burmeseclassic.com

www.burmeseclassic.com



ယာထဲလဲတော့သည်။ တင်းထားသောစိတ်ကို လွှတ်ပေးလိုက်၍လည်းဖြစ်မည်။ ဆွေမျိုးနီးစပ်များ အိမ်နီးချင်းများကတစ်လှည့်စီစောင့်ရှောက်ကြသည်။ အဖေ့မိတ်ဆွေဆရာဝန်ကြီးကလည်း ငယောကျ်ားသူနာပြုတစ်ယောက် ထားပေးသဖြင့်အဆင်ပြေပါသည်။

လူကတော့စည်းစိမ်အပြည့်နှင့် ငြိမ်သက်စွာခံစားနေရပါသည်။ သို့သော်စိတ်ကတော့ ဟိုရောက်သည်ရောက်ဖြစ်နေသည်။

သည်မှာရှိသမျှပစ္စည်းတွေအကုန်ရောင်းပြီး ဘဏ်မှာထည့်ပြီး ရန်ကုန်ကအလုပ်ကိုပြန်သွားလုပ်ရမည်လား။

မဖြစ်နိုင်ပါ။

ဖခင်ကြီးဝယ်ထားခဲ့သော ဆောက်ထားခဲ့သောအိ[illegible]တွကို အမေပင်လျှင်ရောင်းမစားခဲ့။ သူများတွေညာစားမှန်းသိလျက်ကာကွယ်ထိန်းသိမ်းပေးထားခဲ့သည်။ ဒါဆိုလျှင်မိမိအလုပ်ထွက်မှဖြစ်မည်။

ဆိုင်ပြန်ဖွင့်မလား၊ ကားဂိတ်ပြ[illegible]ထောင်မလား။

မိမိတစ်ယောက်တည်းနှင့် ဆိုင်ဖွင့်၍ဖြစ်သည်ထားဦး၊ ယုံကြည်ရသည့်သူ စိတ်ချရမည့်သူလိုသည်။





ဆွေမျိုးများနှင့်ခင်မင်သူများက အထီးမကျန်အောင်အိမ်ထောင်ပြုဖို့ပြောကြသည်။ သတို့သမီးရှာပေးမည်ဟု ပြောကြသည်။

လောလောဆယ်နှစ်နှစ်အတွင်း မိမိမိန်းမယူဖို့မစဉ်းစားသေးကြောင်း စီးပွားရေးကိုအရင်အခြေကျအောင်လုပ်ရဦးမည်ဟုတားထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ဆိုသည့်အချိန်သည် ခဏလေးနှင့်ကုန်သွားခဲ့ပြီ။ အမေဆုံးတာတစ်နှစ်ပြည့်သည့်အတွက် ဖခင်အတွက်ရည်စူးပြီး သံဃာတော်အပါးတစ်ရာကို ဆွမ်းကပ်လှူဒါန်းသည်။ မိဘမဲ့ကလေးကျောင်းနှင့် လူအိုရုံများကို ငွေငါးသိန်းစီရှိလှူသည်။

ဖခင်၏သွေးပါ၍လားမသိ၊ မန္တလေးနှင့်ကိုယ်မြို့ကိုနေ့စဉ်ပြေးဆွဲသည့်ကားဂိတ် ပြန်ဖွင့်ချင်လာသည်။

နေ့စဉ် ဖခင်ကျောက်ချ၍ ထိုင်နေရစောင့်နေရသောစတိုးဆိုင်အလုပ်ကို သိပ်မကြိုက်။ ထို့ကြောင့်လက်ကျန်ဟီးနိုးတစ်စီးကိုအကောင်းဆုံးဖြစ်အောင်ပြင်မည်။ နောက်ထပ်ကားသုံး





စီးခန့်ဖြစ်အောင် စလွန်းကားလေးကိုရောင်းလိုက်မည်။ စတိုးဆိုင်နေရာကိုရောင်းမည်။ ပိုက်ဆံရှိလျှင် ပြန်ဝယ်၍ရသည်။

'ညီထွန်း' ကားကြီးဝင်းတွင် ဂိတ်ပြန်ဖွင့်မည်ဟုသတင်းထွက်လာသောအခါ မိခင်ထံမှမတရားသိမ်းပိုက်ထားသော ကားဂိတ်ရှိလက်မှတ်အရောင်းဆိုင်ခန်း၊ ကုန်လက်ခံသည့်ဆိုင်ခန်းကို 'ကိုအေးမောင်' က ဈေးပေါပေါနှင့်ရောင်းချ၍လစ်ပြေးသွားခဲ့သည်။ 'ညီထွန်း' က ထိုအခန်းကိုစဘော်တင်ပြီး နှစ်ချုပ်နှင့်ပြန်ငှားဖို့စကားကမ်းလှမ်းခဲ့သည်။ ထိုအရောင်းအဝယ်အငှားကိစ္စများကိုလုပ်ကိုင်သည့်အချိန်က နှစ်လကျော်ကြာသည်။ [illegible]သပ်အနည်းငယ်ပါးသောအခါမှ ရန်ကုန်သို့အလည်အပတ်[illegible]ပတ်ခန့်သွားရန် စိတ်ကူးရသွားသည်။

'ကိုကံလှ' ကိုသွားရှာပြီး ဆန္ဒရှိလျှင် မိမိထံတွင်အလုပ်ဝင်လုပ်ရန်ကမ်းလှမ်းမည်။ နေစရာစားစရာအပြင် လခကောင်းကောင်း၊ ရာထူးကောင်းကောင်းပေးလျှင် သူလာမည်ထင်သည်။ လူပျိုကြီးဆိုတော့ နှစ်ဦးနှစ်ဖက်အကျိုးရှိသည်။

ဘူတာမှအဆောင်သို့ တန်းရောက်လာခဲ့သည်။

'ညီထွန်း' အံ့ဩသွားခဲ့သည်။

အရင်ကလို ပျဉ်ထောင်အိမ်များမဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲတွင်သုံးထပ်တိုက်နှစ်လုံးက ဟီးနေသည်။

“ ‘ဦးကျော်’ ‘ဦးကျော်’ ”

ဟိုဘက်တိုက်ဒီဘက်တိုက် နှစ်တိုက်လုံးကြားအောင် အော်လိုက်ခြင်းဖြစ်သည်။ နှစ်တိုက်လုံးများလူများထွက်လာသည်။

မိမိမမြင်ဖူးသူများ တစ်ဖက်တိုက် တရုတ်၊ သည်ဘက်တိုက်ကကုလား၊ ဒါဆိုလျှင် ရောင်းလိုက်တာသေချာသည်။

လမ်းထိပ်လက်ဘက်ရည်ဆိုင်တွင် သွားစုံစမ်းကြည့်သည်။

“ရန်တွေဖြစ်ပြီးရောင်းလိုက်ကြရတာလေ... လေးပုံခွဲပြီး ယူကြတာ”

“ဟင် ဒါဆိုရင်လ ကြီးခြောက်ယောက်ကရော ဘယ်သူတွေနဲ့နေလဲ”

“ ‘ရဲဝင့်’ တို့အငယ်နှစ်ယောက်နဲ့နေမယ်ပြောတာပဲ... စစ်ကိုင်းဘက်ပြောင်းမယ်ပြောတာပဲ”

ဩော် နီးလျှက်နှင့်အဝေးမှာ လာရှာသလိုဖြစ်နေပြီပဲ။

နောက်ဆုံးဟိုတယ်မှာ သွားတည်းပုံရသည်။

နောက်တစ်နေ့နံနက် ‘ကိုကံလှ’ ကိုသွားတွေ့သည်။ သူ





က မိမိနှင့်အတူလိုက်ရန်ဆုံးဖြတ်လိုက်ကြောင်းပြောသည်။ မိမိအတွက်အင်အားတစ်ခု အားကိုးယုံကြည်စရာတစ်ခု ရသွားခဲ့သဖြင့် အားရှိသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

"ဟာ 'ဦးကျော်' မဟုတ်လား... ဟိုဟာ ဒေါ်ဒေါ်မဟုတ်လား"

ဘုရားကြီးတွင် ပက်ပင်းတိုးခြင်းဖြစ်သည်။

"ဟာ အေး မင်းက 'ညီထွန်း'... ဟိုက 'ကံလှ' မင်းတို့နှစ်ယောက်ဘယ်လိုလုပ်..."

"လာ လာ ဦးလေး... ဟိုမှာထိုင်ပြီးပြောကြရအောင်"

"ကံကောင်းတယ်ကွာ... ငါလည်းဒီနေ့ ဘုရားကြီးကိုအရမ်းလာချင်နေတာဒါကြောင့်ကိုး... စစ်ကိုင်းရောက်တာတစ်နှစ်ကျော်နေပြီ ခုမှဒီကိုတစ်ခေါက်ရောက်ဖြစ်တာ... ခုတော်





မန္တလေးတောင်သွားတော့မလို့ သီသီလေးလွဲတော့မလို့ကွာ"

"မန္တလေးတောင်သွားချင်ရင် ကျွန်တော်လိုက်ပို့မှာပေါ့"

အားလုံးဝမ်းသာလွန်း၍ မျက်ရည်တွေဝဲပြီး အသံတွေတုန်နေကြသည်။

'ရဲဝင့်' နှင့် 'လင်းဆင့်' တို့အံ့ဩစေချင်၍ မိမိနှင့်တွေ့သည့်အကြောင်းကို လုံးဝဖွင့်မပြောရန် နှုတ်ပိတ်ထားလိုက်သည်။

နောက်တစ်နေ့နံနက်စောစော 'ကိုကံလှ' နှင့် 'ညီထွန်း' တို့ကားပေါ်တွင် ပစ္စည်းတွေအပြည့်တင်၍ စစ်ကိုင်းဘက်ထွက်ခဲ့ကြသည်။

'ရဲဝင့်' က ယောကျ်ားကော၊ ဆံပင်တိုတိုပေါ်တွင် လျှာပါသည့်ဦးထုပ်ဆောင်းလိုက်ရင်း...

"အိုး... အမေ့စားပွဲပေါ်မှာလည်း ဝယ်ထားတဲ့ဟင်းလျာတွေကစုံလှချည်လား... ကြက် ဝက် ငါး ဒန့်ဒလွန်သီးတောင်ပါသေးတယ်... အလှူလုပ်မလို့လား"

"အေး ဧည့်သည်လာမယ်"

"ဘယ်ကဧည့်သည်လဲ"

"ညည်းကိုလာတောင်းမလို့တဲ့"

ထိုစကားကြောင့် 'ရဲဝင့်' မျက်နှာမှာပထမစိတ်ဆိုးသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်တော့ ဟက်ဟက်ပက်ပက်ခွက်ထိုးခွက်လန် ရယ်နေပါတော့သည်။

"ဟဲ့ ဒါကဘယ်လိုပုံစံဖြစ်နေတာလဲ... မိန်းကလေးအပျို ရယ်တာ ဒီလိုပဲရယ်ရသလား"

"ဘာလဲ အဟီလို့ ရယ်ရမှာလား... ကောင်းကောင်းမွန်မွန်ရှာကျွေးနေတဲ့ သမီးနဲ့ သားကိုတစ်နေ့ တစ်နေ့ အိမ်ထောင်ချဖို့ ကြီးပဲ ပြောနေတော့တာပါပဲလား"

"ခြော် ကိုယ့်အတွက်ကြီးပဲကြည့်လို့ ဘယ်ဖြစ်ပါ့မလဲ သမီးရယ်... သမီးဆိုအခုအသက်အစိတ်ပြည့်တော့မယ်... ကြာရင်ဟိုင်းတော့မယ်... တဖြည်းဖြည်းဝလာတော့ ရုပ်ကရင့်ချင်လာပြီ... ဒီကြားထဲနေပူထဲထွက်ရတဲ့ အလုပ်ကိုလုပ်နေတော့ အသားတွေကညိုရာကမည်းတော့မယ်... သနပ်ခါးပါးကွက်ကြီးကိုကွက်ထားတာကလည်း နံပြားနှစ်ချပ်ကပ်ထားသလားအောင်းမေ့ရတယ်"

"ဟား ဟား ဒီလောက်လှတဲ့ အမေ့သမီးကိုဘယ်သူကလာတောင်းမှာတဲ့လဲ အမေရယ်... ကဲ နောက်မနေစမ်းပါနဲ့ ဘုန်းကြီးကျောင်းထမင်းကျိုင့်ပို့မလို့ မဟုတ်လား သမီးဆီကဘာယူဦးမလဲ... ဈေးဦးဖောက်အုံးလေ"





"အေး ငရုတ်သီးစိမ်းရယ် ခရမ်းချဉ်သီးရယ် စပျစ်သီးရယ် ပန်းသီးရယ် မန်ကျည်းသီးရယ်"

'ရဲဝင့်' ၏ဆိုင်ကယ်ကယ်ရီယာတွင် သေတ္တာပုံးအကြီးကြီးတစ်လုံးရှိပါသည်။ ထိုသေတ္တာထဲတွင် ဆေးကြိမ်လုံးနှင့်တို့ သလိုလိုချင်တာအကုန်ရနိုင်သည်။ သေတ္တာ၏အပေါ်တွင် ပဒေသာပင်သီးသလို ပွတ်ပွတ်အိတ်နှင့်ထုပ်ထားသော အစားအသောက်မျိုးစုံကိုချိတ်ထားသည်မှာ အမျိုးအမည်များစွာ။

နံနက်ငါးနာရီခန့် အိမ်ကထွက်သွား ခြောက်နာရီကျော်မှထိုပစ္စည်းအစုံနှင့် အိမ်ကိုအရင်ဝင်သည်။ မိခင်လိုချင်သည့်ပစ္စည်းများကိုပေး၍ ရွာစဉ်တလျှောက် လျှောက်ရောင်းခြင်းဖြစ်သည်။

"ဒီနေ့ အသားတွေငါးတွေ မှာတဲ့လူကရှိသေးတယ် မြန်မြန်လစ်မှ"

ဆိုင်ကယ်ကိုဝေါကနဲစက်နှိုး၍ ထွက်သွားသောသမီးကို ကျေနပ်စွာကြည့်ရင်း ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမရေ ညီမ"

ခေါင်းကြောင့်အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ကိုယ်လုံးလှလှ၊ ဆံပင်ဂုတ်ဝဲ၊ နားကွင်းကြီးတရမ်းရမ်းနှင့်ဆံပင်ညှပ်ပေးနေသောကောင်မလေးက ဖျတ်ကနဲလည်ပင်းလိမ်၍လှည့်ကြည့်ပါသည်။

နှုတ်ခမ်းနီဆိုးပြီးမိတ်ကပ်လိမ်းထားသော ကောင်မလေး၏မျက်နှာကို 'ညီထွန်း' မြင်လိုက်ရသောအခါလန့်ပြီး ရင်တွေပင်တုန်သွားခဲ့သည်။

"ဟဲတော့ ဟိုအစ်ကိုမဟုတ်လား... 'ကိုညီ' မဟုတ်လား





ဝမ်းသာလိုက်တာတော်"

ဆိုင်ထဲမှနေ၍ လက်ကားယားခြေကားယားနှင့် တစ်ကိုယ်လုံးခါရမ်းပြီး ထမီလေးမ၍ပြေးလာခြင်းဖြစ်သည်။

'ဉာဏ်လင်းဆင့်' က ရုပ်ရှင်မင်းသမီးပုံစံဖြင့် မိမိကိုလှမ်းဖက်လိုက်သဖြင့် ကြက်သီးပင်ထသွားမိပါသည်။ သူ့ရင်ပတ်ကလည်း ခိုးလို့ခုလုနှင့်။

ဒေါက်ဖိနပ်နှင့်လက်သည်းရှည်၊ ခြေသည်းရှည်နှင့်လက်သည်းခြေသည်းတွေကို ဆေးဆိုးထားသေးသည်။ လုံးဝမိန်းမပုံစံဖမ်းထားသည်။ သူ့လက်တွေကို အတင်းဆွဲဖယ်ပြီး...

" 'ရဲဝင့်' ရော"

"ဒီအချိန်ဈေးသွားရောင်းပြီထင်တယ်... ဒီနေ့မနက်စောစောကမှ အိမ်ကိုဧည့်သည်လာမယ်လို့အမေကပြောတယ်... 'မရဲဝင့်' ကိုလာတောင်းမှာတဲ့... အဲ့ဒါ 'ကိုညီ' တော့မဟုတ်ဘူးထင်တယ်"

"ဟုတ်တယ် အဲ့ဒါကိုယ်ပဲ"

"ဟောဗျာ 'မရဲဝင့်' ကို အခုပုံစံမြင်ပြီးလို့လား... အရင်တုန်းကလိုမလှတော့ဘူးနော်... အဲ့ဒီတုန်းကတောင်မကြိုက်တာ ခုပုံစံကိုမြင်ရင် လန့်သွားမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခုပုံစံကိုမြင်ပြီး လန့်သွားတာတော့ မင်းကိုပဲ"

" 'လင်းဆင့်' ကိုမြင်ပြီးလန့်တယ်ဟုတ်လား... အံမယ်လေး ဘုရား ဘုရား... ဒီပတ်ဝန်းကျင်က 'လင်းဆင့်' ကိုချောလို့ အလုပြင်တာကောင်းလို့ ဆံပင်ညှပ်တာကောင်းလို့ဆိုပြီး ဝိုင်းချီးကျူးနေကြတာ... သူ့ကျမှပြောရက်လိုက်တာ"

'ညီထွန်း' ကိုခြေထောက်လေးဆောင့်၍ အမူပိုပိုပြောနေခြင်းဖြစ်သည်။

" 'ရဲဝင့်' ကိုယူဖို့ကိစ္စတောင် မင်းနဲ့ယောက်ဖတော်ရမှာကြောက်လို့ နောက်ဆုတ်ရမလိုဖြစ်နေပြီ"

"ဒါဆိုလည်းယူမနေနဲ့ပေါ့ သူနဲ့ယူရင်ယောက်ဖတော်ရမှာမဟုတ်ဘူး... ယောက်မတော်ရမှာ... ဒါပေမဲ့ခင်ဗျားနဲ့လည်း သဘောမတူပါဘူး မပေးစားပါဘူး"

"အံမယ် ဘာဖြစ်လို့လဲ"

"ခင်ဗျားက အသည်းနှလုံးရှိတဲ့လူမဟုတ်ဘူး... ရက်စက်ကြမ်းတမ်းလွန်းတယ်"

"ဘာလဲ မင်းကပျော့ပျော့လေးနဲ့ အသည်းခွဲတတ်တဲ့ ရက်စက်တတ်တဲ့ 'တင်မောင်သန့်' လိုလူမျိုးကိုမှ ယုံတာလား"

'လင်းဆင့်' က ခါးထောက်ပြီး...





"ဒီမှာ ကျွန်မတို့က ယောကျ်ားဆိုရင်ယုံကိုမယုံတာ... 'မရဲဝင့်' ကလည်း အပျိုကြီးလုပ်မှာ... ခင်ဗျားလာမရှုပ်နဲ့ ပြန်ပေတော့ မစဉ်းစားနဲ့ ပြန်ပေတော့ မစဉ်းစားနဲ့"

'လင်းဆင့်' က ချာကနဲလှည့်သွားပြီး ဖင်ကိုခါရင်းလက်ကိုခါရင်း ပြန်ပေတော့ သီချင်းကိုဆိုသွားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေလမ်းမကြီးဘေးရှိရွာတွေက တစ်ရွာနှင့် တစ်ရွာနီးသလို တစ်ခါတလေဝေးသည်။ တစ်ခါတလေလည်း လမ်းကြားထဲသို့ချိုးကွေ့ဝင်ပြီး သွားရောင်းရသည့်ရွာတွေလည်း ရှိသည်။

"ဟောတော့ ဟိုကားကြီးက လမ်းလည်ခေါင်မှာကန့်လန့်ကြီးများပျက်နေရတယ်လို့ ဒုက္ခပါပဲ"

'ရဲဝင့်' ဆိုင်ကယ်ကိုလမ်းဘေးသို့ချပြီး တွန်းရသည်။

"ကားမကောင်းတတ်ရင်လည်း လှည်းပဲကောင်းပါလား... တခြားကားတွေလာရင် ခင်ဗျားအဆဲခံရမှာ"





စိတ်တိုပြီး 'ရဲဝင့်' လှမ်းအော်ခြင်းဖြစ်သည်။

"ဟော့ မင်းကတစ်ယောက်တည်းနဲ့စွာလှချည်လား... ဒုက္ခရောက်သွားချင်လို့လား"

"အို မငြိမ်းခြောက်နဲ့ကိုယ့်လူ... ဒီလမ်းကကိုယ်တို့သွားနေကြ... အားလုံးသိတယ်ခင်တယ်... ကူညီကြတယ်... လူစိမ်းတွေလာရင်လည်း ကိုယ်တို့ကဂျူဒို ကရာတေး သိုင်းအားလုံးတတ်ပြီးသား... ဓါးတွေတုတ်တွေလည်း အကုန်ပါတယ်... ချမလား... သူသေကိုယ်သေပေါ့"

ဆိုင်ကယ်ကိုဒေါက်ထောက်ပြီး ရှပ်အင်္ကျီကိုလက်ခေါက်နေပြီ။ ကွာတားဘောင်းဘီခပ်ကားကား၊ သူမကပေါင်ကိုကားလက်သီးကိုပြင်၍စောင့်နေပြီ။ ခပ်ဝေးဝေးတွင် ကားတစ်စီးလာနေတာမြင်ရသဖြင့် 'ညီထွန်း' ကားကို ဘေးပြန်ကပ်ပေးနေရသည်။

"ဟေး 'ခင်ရဲ'... လမ်းဘေးဆင်းပြီးဘာလုပ်နေတာလဲ... ဆိုင်ကယ်ပျက်နေလို့လား"

လူစီးဟီးနိုးပေါ်တွင် လူတွေကအပြည့်၊ အားလုံး၏မျက်လုံးများက 'ခင်ရဲဝင့်' ထံတွင်ရောက်နေကြသည်။

"ပြင်ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာရော၊ စပယ်ယာရော ဆင်းလာကြသည်။

"မပျက်ပါဘူး ဟိုကားပေါ်ကလူလေ... ကားကိုလမ်းပေါ်ကန့်လန့်ဖြတ်ရပ်ပြီး 'ခင်ရဲ' ကို ခြိမ်းခြောက်နေလို့"

"ဘာ ဒီကားဘယ်ကကားလဲ... တစ်ခါမှလည်းဒီလမ်းမှာဖြတ်တာမမြင်ဖူးပါဘူး... ဟော့လူ သတ္တိရှိရင်ဆင်းခဲ့လေ မိန်းကလေးတစ်ယောက်တည်းဆိုပြီး စော်ကားဖို့စဉ်းစားတာလား"

လက်သီးလက်မောင်းတန်းပြီး ရောက်လာသူဒရိုင်ဘာနှင့်စပယ်ယာနောက်သို့ ကားပေါ်မှခရီးသည်ယောကျ်ားများကဆင်းလိုက်လာပြီဖြစ်သည်။ အခြေအနေမကောင်းသဖြင့် အိပ်ပျော်နေသော 'ကိုကံလှ' ကိုနှိုးပြီး တောင်းပန်ခိုင်းရသည်။

"ခင်ဗျား အောက်မဆင်းနဲ့... ပြူတင်းပေါက်ဖွင့်ပြီးတော့သာအော်... ကျွန်တော် အော်ခိုင်းသလိုသာအော်"

"အေးပါ အေးပါ"

လူစုကအတော်များလာခဲ့ပြီ။ ကားကိုထုနေကြပြီ တံခါးကိုအတင်းဖွင့်ခိုင်းနေကြပြီ။

"ကျွန်တော့်နာမည် 'ညီထွန်း' ပါ ခင်ဗျာ"

"ဆိုင်ကယ်နဲ့ဈေးရောင်းထွက်လာတဲ့ 'ခင်ရဲဝင့်' ရဲ့သတို့သားလောင်းပါ"





ထိုအော်သံကြောင့် 'ခင်ရဲဝင့်' အံ့သြသွားသည်။

ပရိသတ်များက 'ခင်ရဲဝင့်' ကိုဝိုင်းကြည့်ကြပြီ။

"ဟုတ်လို့လား... ဒီလူထပ်စော်ကားပြန်ပြီနဲ့တူတယ်... ဖွင့်မပေးရင် တံခါးကိုဖျက်ဟော့... ငါတို့ကားထဲမှာ ထင်းခုတ်တဲ့ဓါးရော ပုဆိန်ရောပါတယ်သွားယူ"

'ခင်ရဲဝင့်' က ပြေးထွက်လာပြီး ဒရိုင်ဘာနှင့်စပယ်ယာကိုလက်ကာပြသည်။ ခပ်တိုးတိုးပြောသည်။

'ခင်ရဲဝင့်' ကိုယ်တိုင် တံခါးကိုထု၍ဖွင့်ခိုင်းသည်။

"'ကိုညီထွန်း' ဆိုတဲ့လူရဲ့မျက်နှာကိုကြည့်ချင်တယ်... 'ရဲဝင့်' ရဲ့မိတ်ဆွေထဲမှာ 'ညီထွန်း' ဆိုတဲ့နာမည်ရှိတယ်...တကယ်လို့ အဲ့ဒီလူမဟုတ်ဘူးဆိုရင်လည်း ရှင်တို့ကားအမြန်သာမောင်းထွက်သွားပေတော့... ကျွန်မကြောင့်သူများ ဒုက္ခရောက်တာမမြင်ချင်ဘူး"

'ညီထွန်း' က ကားတံခါးကိုဖွင့်ပေးပြီး အောက်ကိုဆင်းလိုက်ပါသည်။

"ဟင် 'ကိုညီ' က ဒီကိုဘယ်လိုလုပ်ရောက်နေတာလဲ... ဘာဖြစ်လို့မဟုတ်တာတွေ လျှောက်ပြောတာလဲ"

"လူရှင်းကားရှင်းတုန်းဆိုပြီး မင်းကိုကြည့်ဖို့မိတာပါ

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲကားရော ခရီးသည်တွေရောရောက်လာလို့ ရှုပ်ကုန်တာ... အားလုံးကျွန်တော့်ကြောင့် ခရီးဖင့်သွားရတာကို အနူးအညွတ်တောင်းပန်ပါတယ်ဗျာ"

ဒရိုင်ဘာက...

"ဒီလူကသူ့ကိုယ်သူ သတို့သားပြောနေတာကရော ဟုတ်လို့လား"

အားလုံးက 'ညီထွန်း' ကိုထိုးချင်အုပ်ချင်နေပုံရသဖြင့်...

"အင်း မနက်ကတော့ 'ရဲဝင့်' အမေက ကျွန်မနဲ့ပေးစားမယ့်သတို့သားလောင်းရောက်လာမယ်လို့တော့ အပြောသား... ထမင်းတွေဟင်းတွေ ပိုချက်နေတာလည်းတွေ့ခဲ့ပါတယ်... ကဲ ခရီးသည်တွေကို အားနာစရာဖြစ်နေပြီ... ခုလို ကူညီကြတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်နော်... တောင်းလဲတောင်းပန်ပါတယ်"

အားလုံးက 'ညီထွန်း' ကို မကျေနပ်သလို၊ မယုံကြည်သလိုမျက်နှာများဖြင့်ကြည့်ပြီး ကားပေါ်တက်သွားကြခြင်းဖြစ်သည်။ ကားမောင်းထွက်သွားခြင်းဖြစ်သည်။

"ဒုက္ခပါပဲ... လူရှင်းပြီမှတ်ပြီးလုပ်မိပါတယ် နိုးထုပ်နိုးထည်နဲ့မိနေသေးတယ်"





'ရဲဝင့်' က မျက်မှောင်ကြုတ်၍ကြည့်ရင်း...

"နေပါဦး ခင်ဗျားကိုဘယ်သူကလက်ထပ်မယ်ပြောလို့ သတို့သားလောင်းအဖြစ် ကြေငြာနေတာလဲ"

"ဦးလေးနဲ့ဒေါ်ဒေါ်ဆီမှာ လက်ထပ်ခွင့်တောင်းခဲ့ပြီလေ သူတို့ခွင့်ပြုသဘောတူလို့ မင်းဆီကိုလိုက်လာတာ"

"ကာယကံရှင်ဆီက ခွင့်ပြုချက်မလိုဘူးထင်လို့လား"

"ငြင်းချင်လို့လား"

"အတူနေရမှာက ရှင်နဲ့ကျွန်မလေ... ဘယ်သူမှယူမယ့်လူမရှိတဲ့ကောင်မလေးဆိုပြီး အထင်သေးလို့ ခုလိုအပိုင်တွက်လိုက်တာလား"

လက်ပိုက်၍ မိုက်ကိုက်နှင့်ပုလိပ်စစ်စစ်နေသော သူမ၏ပုံစံက အရင်တုန်းကအတိုင်းပါပဲ။

သူမကိုသေချာစိုက်ကြည့်နေ ဟာလည်း...

"ခင်ဗျားတွက်ထားတာက 'ရဲဝင့်' ပုံစံဟာ အရင်တုန်းကလိုဖြူနုချောနေမယ်လို့ ဟုတ်တယ်မဟုတ်လား"

အမြင်ကတ်လာသဖြင့်...

"အရင်တုန်းကလည်းမချောပါဘူး... အခုဆိုပို[illegible]ရုပ်ဆိုးနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် 'ရဲဝင့်' မျက်နှာ ညိုပုပ်သွားခဲ့သည်။

"မချောတဲ့လူရုပ်ဆိုးတဲ့လူကို ရှင်ကဘာကြောင့်လပ်ထပ်ချင်နေရတာလဲ"

"ဟာ လှတာမက်ရင်ညစာခက်မှာစိုးလို့ ပြီးတော့လှတာချောတာယူချင်ရင် မော်ဒယ်လ်တွေ ရုပ်ရှင်မင်းသမီးတွေကိုသွားတောင်းမှာပေါ့… ငါကငါ့ကိုပြုစုမယ့်လူ အဖော်လိုချင်နေတာပြီးတော့ တခြားဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားလေကောင်းလေပဲ"

'ရဲဝင့်' က အံကိုကြိတ်ရင်း…

"ခင်ဗျား စော်ကားတာတွေများနေပြီနော်… ဒီမှာ 'ရဲဝင့်' ကို ခုနက ကားဒရိုင်ဘာတွေ့လား အဲ့ဒါအဲ့ဒီကားရဲ့အုံနာပဲ ခင်ဗျားတို့လို့ပဲ ကားလိုင်းထောင်ထားတာ… သူကအမေတို့ဆီမှာ တောင်းဖို့ခဏခဏပြောနေတာ… 'ရဲဝင့်' မကြိုက်လို့စေ့စပ်ထားတဲ့လူရှိတယ်လို့ပြောထားတယ်… ခင်ဗျား သိပ်မနိမ့်ချင်စမ်းပါနဲ့"

"မင်းကလည်း မြှောက်တော့လည်းမြင့်လို့ဆိုပြီးခုန်ချချင်နေတာကိုး… မင်းတို့မောင်နှမနှစ်ယောက်ကတော့ တကယ့်ဖောက်ထိုးနဲ့မိုးမျှော်ကြီးပဲ… ဟိုတစ်ယောက်ကျတော့လည်း ယော





ကျ်ားဖြစ်ပြီး နုနေလှနေချွဲနေလိုက်တာ စိတ်ပျက်စရာ… မင်းကျတော့လည်းမိန်းမဖြစ်ပြီး ကြမ်းသလားရိုင်းသလားမပြောနဲ့"

"အေးလေ အကြောင်းသိပြီးသားပဲ… တခြားမိန်းမသာသွားတောင်းပါ… ခင်ဗျားကိုယူရင် တစ်သက်လုံးအနိမ့်ခံနေရမှာ"

"ဘာကိုနိမ့်ရမှာလဲ"

"ဩော် 'ကိုတင်မောင်သန့်' နဲ့ကိစ္စကိုသိထားတာဆိုတော့"

"သိထားတော့ဘာဖြစ်လဲ… မင်းတို့ရည်းစားတောင်ဖြစ်တာမှမဟုတ်ဘဲ… ယူထားတာမှမဟုတ်ဘဲ"

"အင်းလေ သူပစ်ထားခဲ့မှန်းသိလျှက်နဲ့ ရှင်ချစ်နိုင်မယ်လို့ ကျွန်မ မထင်ဘူးလေ"

"ငါကအချစ်ကိစ္စကိုအလေးထားပြီး မင်းကိုရယူပိုင်ဆိုင်ချင်တာမှမဟုတ်ဘဲ… မင်းငါ့ကိုမချစ်ရင်လည်းရတယ်… ငါကချစ်တယ်မချစ်ဘူးဆိုတာပဲ… မင်းအတွက်တွေးပူစရာမလိုဘူး… အရေးကြီးတာက မင်းကိုငါကသားမှတ်မှတ်မယားမှတ်မှတ်တစ်သက်လုံးပေါင်းဖို့ပဲ မင်းအတွက်အရေးကြီးတာမဟုတ်ဘူးလား… အေး မင်းကလည်းငါ့အပြင် တခြားလူကိုတစ်သက်လုံးစိတ်မဝင်စားတော့ဘဲ သစ္စာရှိတဲ့ဇနီးမယားတစ်ယောက်အဖြစ် ရပ်တည်



www.burmeseclassic.com

www.burmeseclassic.com



ပေးရင်ငါကျေနပ်ပြီ... ငါရှာဖွေလို့ရတဲ့စီးပွားဥစ္စာကို မင်းရယ် ငါ့သားသမီးတွေရယ်ကလွဲရင်း မင်းမိဘမောင်ဘွားကလွဲရင် ဘယ်သူ့ကိုမှငါမသိဘဲ မပေးကမ်းရင်တော်ပြီ"

သူ့မိခင်ကိုရည်ရွယ်ပြီး သူ့ဖခင်အတွက်ခံစားပြီးပြောနေမှန်းသိလိုက်သဖြင့် 'ရဲဝင့်' ထော်လော်ကာန့်လန့်မလုပ်တော့ပါ။ သို့သော်မိန်းမဆိုတော့ ကိုယ့်ကိုချစ်စေချင်တာလည်းပါတာပေါ့လေ။ ကြားချင်တာပေါ့လေ။

"ရှင်ကျွန်မကိုမချစ်ဘဲယူတာ အရေးမကြီးဘူး... အတူတူနေကြတဲ့အခါ ရှင်မပျော်ရင်ကော"

"ချစ်ချစ်မချစ်ချစ် အရေးကြီးတာက သစ္စာရှိဖို့လို့ပြောပြီးပြီလေ... အရမ်းချစ်ပြပြီး လွယ်လွယ်နဲ့ပစ်သွားတဲ့မိန်းမမျိုးတွေ ဖောက်ပြန်တဲ့မိန်းမမျိုးတွေနဲ့ငါကကြုံခဲ့ရတဲ့ကောင်လေ... ကဲ ငါမေးမယ်... မင်းငါ့ကိုတစ်သက်လုံးသစ္စာရှိတဲ့ မဟေသီအဖြစ်ငါ့ဘေးမှာ အမြဲနေပေးနိုင်ပါ့မလား"

'ရဲဝင့်' က ရှုတည်တည်လှမ်းကြည့်ရင်း...

"ကျွန်မကလည်းပြန်မေးချင်တယ်... ကျွန်မရဲ့အဖြေကို အရင်မမေးဘဲ ကျွန်မမိဘဆီကအဖြေကိုအရင်မေးပြီး ငါ့ခြေငါ့လက်လာလုပ်တာကကော ဘာသဘောလဲ"



BURMESE CLASSIC .com



"အေးပေါ့လေ... မင်းသဘောမတူဘူးဆိုပြီး ငြင်းမယ်ဆိုရင်တော့ ငါဘာမှမတတ်နိုင်ဘူးပေါ့လေ... ငါ့သဘောကတော့ တည်တည်တံ့တံ့ယူမယ့်သဘောမို့ လူကြီးတွေဆီမှာအရင်ဝင်ပြီး တောင်းရမ်းနားဖောက်တဲ့သဘောပဲ... သူတို့သဘောမတူရင် ငါလှည့်ပြန်ယုံပဲ... အထူးသဖြင့်ဦးလေးကိုငါလေးစားယုံကြည်တယ်... မင်းအဖေငါ့အပေါ်စတွေ့တည်းက နားလည်တယ်ကူညီတယ်... ဆုံးမဖျောင်းဖျတယ်... အဖော်မဲ့နေတဲ့ငါ့အတွက် မင်းအဖေဟာ ငါစိတ်ချယုံကြည်ရတဲ့လူယုံဖြစ်နိုင်တယ်... ငါ့အဖေနေရာမှာ အစားထိုးချင်လို့ပဲ"

ထိုစကားကြောင့် 'ရဲဝင့်' မျက်နှာကကျေနပ်သွားပြီး ငြိမ်သွားသည်။

"အေးဗျ တစ်ခုတော့တောင်းပန်ချင်တယ်... ကတိပေးရမယ်"

"ဟင် ဘာကိုလဲ"

'ရဲဝင့်' က မျက်လုံးပြူးကြီးဖြင့် လှမ်းမေးသည်။

"ဟိုလေ ငါနဲ့ယူပြီးရင် ထမီဖောက်ထိုးဝတ်ပြီး ဂမူးရှူးတိုးလမ်းမပေါ်ထွက်ပြေးတာတို့ ထမီကိုတံဆိပ်မခွာဘဲ[illegible]တာမျိုးတွေတော့ မလုပ်ပါနဲ့တော့လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာတွေလျှောက်ပြောနေမှန်းလည်းမသိဘူး"

'ရဲဝင့်' မျက်နှာလေးကနီရဲသွားပြီး ရှက်ကိုးရှက်ကန်းဖြင့် 'ညီထွန်း' ကို တအုန်းအုန်းထုတော့သည်။

ခပ်ကြမ်းကြမ်းထုနေသဖြင့်…

"ဖြည်းဖြည်းထုလေ… တော်ကြာမိန်းမမရခင် အဆုတ်ကွာပြီးသေနေပါဦးမယ်… ယူမယ့်လူမရှိတော့ဘူးဆိုပြီး ငိုနေရဦးမယ်"

"ကဲ ကဲ သေ သေ"

"ကဲ ဒီလောက်တောင်ထုတဲ့လက်တော့လား"

သူမ၏လက်နှစ်ဘက်ကိုစုကိုင်ပြီး သူမ၏ကိုယ်လုံးလေးကို ရင်ခွင်ထဲဆွဲသွင်းလိုက်သဖြင့် ကားပေါ်မှ 'ကိုကံလှ' တစ်ယောက် မျက်လုံးလေးစုံမှိတ်ပြီး အိပ်ချင်ဟန်ဆောင်နေလိုက်ပါတော့သည်။

*စာဖတ်သူများ ရွှင်လန်းချမ်းမြေ့ကြပါစေ*

*စာရေးသူ*

*ဆွေဆွေအောင်*

*၁၉.၉.၀၅*

*ညနေ ၅.၃၀ နာရီ*



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

